မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၃၆)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ရေအရင်းအမြစ်များစဉ်ဆက်မပြတ်ဖွံ့ဖြိုးပြီး ရေကိုထိရောက်စွာသုံးစွဲနိုင်သောနိုင်ငံဖြစ်ရေး ရည်မှန်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ရေကို ကဏ္ဍစုံအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပြည်သူလူထုဘဝ အရည်အသွေးမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းစသည့် အကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၁၃)အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များ၊ ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၁၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခု ဖြစ်ပါကြောင်း၊ ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်သုံးခုဖြစ်သော စီးပွားရေးစွမ်းဆောင်ရည်ရှိမှု (Economic Efficiency)၊ မျှတမှု (Equity) နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှု (Environmental Sustainability) တို့၏ ဆက်စပ်မှုကို သိရှိနားလည်သဘောပေါက်ပြီး "ရေ" နှင့် "ရေအရင်းအမြစ်"များအပေါ် ရှုမြင်သုံးသပ်ရာတွင် ပြောင်းလဲမှုရှိရန် လိုအပ်ပါကြောင်း၊ "ရေ"သည် အတိုင်းအတာတစ်ခုအထိ ပြန်လည်ပြည့်မြဲစွမ်းအင်ရှိသော်လည်း အဆိုပါ ပြန်လည်ပြည့်ဖြိုးလာမည့် နှုန်းထားထက်ကျော်လွန်ပြီး ရေအရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲ၍မရပါကြောင်း၊ ထို့ကြောင့် "ရေ"သည် မိမိတို့အားလုံး အတူတူပိုင်ဆိုင်သည့် အကန့်အသတ်ရှိသော သယံဇာတတစ်ခုအဖြစ် ရှုမြင်ရမှာဖြစ်ပါကြောင်း။

မိမိတို့တွင်ရရှိပြီးသော ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်

စာမျက်နှာ ၈ ကော်လံ ၁ ■

အနာဂတ်မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေမည့် အကြံဉာဏ်ကောင်းများရရှိရန်အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် အလေးအနက်ထားတိုက်တွန်း

ယနေ့ **မာတိကာ**

ရှားပါးနေကြတ်မှုမြင်ကွင်း အမေရိကန်၊ ဥရောပနှင့် အာဖရိကတို့တွင် တွေ့မြင်ခဲ့ရ — စာမျက်နှာ ❖ ၄

အသက်ကြီးသူများ သစ်ပင်စိုက်ခြင်းဖြင့် အသက်ပိုရှည်စေသည်ဟု ကျွမ်းကျင်သူများဆို — စာမျက်နှာ ❖ ၅

အများပြည်သူကို မီဒီယာကူပါမှ — ဆောင်းပါး — စာမျက်နှာ ❖ ၆

နိုဝင်ဘာ ၄ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် မီး၊ အသံ၊ ဆက်တင် အခမ်းအနား ဖျော်ဖြေရေးဇာတ်ခုံနောက်ခံ LED နှင့် ကြမ်းခင်း Projection စနစ်တပ်ဆင်နေမှုကို တွေ့ရစဉ်။
(သတင်း-၃) (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကစားစိတ်ဓာတ်နှင့် အိမ်ရှင်တို့၏တာဝန်

အားကစားပြိုင်ပွဲဆိုသည်မှာ ယှဉ်ပြိုင်ပြီး အနိုင်ရရှိဖို့ဖြစ်ပါသည်။ မည်သည့်နည်းဖြင့် နိုင်သည်ဖြစ်စေ နိုင်ဖို့အရေးကြီးသည် ဆိုခြင်းမှာ မမှန်ကန်ပါ။ နည်းမှန်စနစ်မှန်ဖြင့် အနိုင်ရမှသာ မှန်ကန်သောအနိုင်ရခြင်းဟု ဆိုနိုင်ပါသည်။ မိမိအနိုင်ရလို၍ တစ်ဖက်သားအပေါ် ညစ်ညမ်းကြမ်းတမ်းစွာ ကစားခြင်းသည် သန့်ရှင်းသောအားကစားမဖြစ်နိုင်ပါ။ မှန်ကန်စွာအနိုင်ယူခြင်းဟုလည်း မဆိုနိုင်ပါ။ သတ်မှတ်ထားသော စည်းမျဉ်း ဘောင်အတွင်းမှ အနိုင်ယူခြင်းသည်သာလျှင် မှန်ကန်စွာအနိုင်ယူခြင်းဟု ဆိုအပ်ပေသည်။

လူတို့၏သဘောသည် ဒေါသဖြင့်လုပ်လျှင် မှားတတ်ပါသည်။ အားကစားပြိုင်ပွဲများတွင် အားစိုက်ခွန်စိုက်လုပ်ဆောင်ရခြင်းဖြစ်၍ဒေါသထွက်လွယ်တတ်ပါသည်။ ထိုဒေါသအလျောက် လုပ်လိုက်သောကိစ္စသည် အားကစားတွင် လက်မခံနိုင်ပါ။ အားကစားတွင် ဒေါသအလျောက် မမှန်မကန်လုပ်ခွင့်မရှိပါ။ ဒေါသအလျောက် မမှန်မကန်ကစားလျှင် ထိုအပြစ်ကို ခံယူရတတ်ပါသည်။ ဥပမာအားဖြင့် ဘောလုံးပွဲတွင် မိမိအနိုင်ရလို၍ တစ်ဖက်ကစားသမားကို မမှန်မကန် ကြမ်းတမ်းစွာ ကစားလျှင် ဒိုင်လူကြီး၏အပြစ်ပေးခြင်းကို ခံရလေ့ရှိပါသည်။ အခြားသော အားကစားနည်းများသည်လည်း ထိုနည်းလည်း ကောင်းပင်ဖြစ်ပါသည်။ မမှန်မကန်ကစားခြင်းဖြင့် မိမိ၏အနိုင်ကို အရှုံးဖြစ်သွားစေနိုင်ပါသည်။

မကြာမီ ကျွန်ုပ်တို့နိုင်ငံတွင် ဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပတော့မည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်အားကစားသမားတိုင်းက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ အကောင်းဆုံး ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာပြိုင်ပွဲဝင် အားကစားသမားများသည် အသန့်ရှင်းဆုံးဖြင့် အနိုင်ယူဖို့လိုပါသည်။ အနိုင်ရလိုဇောဖြင့် မမှန်မကန်အနိုင်ယူခြင်းသည် အိမ်ရှင်မပီသနိုင်ပါ။ အသန့်ရှင်းဆုံးကစားပြီး အနိုင်ယူခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။

အထူးအရေးကြီးသည်မှာ လက်ခုပ်တီးအားပေးကြမည့် ကျွန်ုပ်တို့ မြန်မာပရိသတ်ဖြစ်ပါသည်။ မိမိ၏အသင်း၊ မိမိ၏ကစားသမားအနိုင်ရလို၍ ဘေးမှဆဲဆိုခြင်း၊ ရိုင်းပျစွာပြောဆိုခြင်း၊ ရေဘူးများဖြင့်ပစ်ပေါက်ခြင်း စသော လုပ်ရပ်များမှာ အိမ်ရှင်ဆန်သည့် အပြုအမူများမဟုတ်ပါ။ မမှန်မကန်အားပေးခြင်းဖြင့် အိမ်ရှင်ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည့်အပြင် ပွဲပျက်သွားနိုင်သည်အထိ ဖြစ်နိုင်ပါသည်။ ယင်းအချက်သည် ကျွန်ုပ်တို့မြန်မာပရိသတ်များ အထူးသတိပြုရမည့် အချက်ဖြစ်ပါသည်။ ပရိသတ်၏အားပေးမှုလွန်ကဲပြီး နှောင့်ယှက်မှုကြောင့် ပွဲပျက်ခဲ့ရသောပြိုင်ပွဲများ မြန်မာနိုင်ငံတွင် ရှိခဲ့ဖူးပါသည်။ ဤအမှားမျိုး နောက်ထပ်မဖြစ်ပေါ်အောင် သင်ခန်းစာယူဖို့ လိုပါသည်။ ထို့ကြောင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မိမိနိုင်ငံအတွက် ဆုတံဆိပ်များ ကိုယ်စီကိုယ်စီရယူ ပေးကြရမည်ဖြစ်သော်လည်း အကောင်းဆုံး၊ အသန့်ရှင်းဆုံး ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် အားကစားစိတ်ဓာတ်နှင့် ယှဉ်ပြိုင်ကစားပါ။ အိမ်ရှင်တို့၏ တာဝန်ကျေပွန်စေပါဟုသာ မေတ္တာရပ်ခံ အကြံပြုဖော်ပြအပ်ပါသည်။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၄

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင်မယ်တော်မာယာ ဖွားတော်မူဟန်နှင့်ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

အောက်တိုဘာ ၂၉ ရက်က တူရကီနိုင်ငံ၏ အကြိမ်(၉၀) မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှိ့ခံပွဲအခမ်းအနားတက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Murat Yavuz Ates က Chatrium Hotel ၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားကစားကွင်းများ ပြုပြင်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စေရာ

စစ်ကိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သီရိမင်္ဂလာခုံးကျော်တံတားအနီးတွင် ပြည်သူများကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားပြုလုပ်နိုင်ရန် ကစားကွင်းနှစ်ကွင်းကို ဆောက်လုပ်ပေးခဲ့သည်။ အထောက်အကူပြု ကိရိယာများကို သံထည်ပစ္စည်းများဖြင့် ပြုလုပ်ပေးထားသည်။

ကစားကွင်း ပတ်လည်တွင် မာကျူရီမီးတိုင်များကိုလည်း စိုက်ထူပေးထားသည်။ နေ့စဉ် နံနက်ပိုင်း၊ ညနေပိုင်း၊ ညပိုင်းအချိန်များတွင် ကျား/မကြီးငယ်အရွယ်စုံတို့က နှစ်သက်ခုံမင်စွာ လာရောက်ကစားလေ့ရှိကြသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ မသမာသူများ ဖျက်ဆီးခိုးယူ အလွဲသုံးစားပြုမှုကြောင့် ယခုအခါ မည်သူမျှလေ့ကျင့်ကစားနိုင်ခြင်းမရှိတော့ပေ။ ပုံတွင်ဖော်ပြထားသည့်အတိုင်း လူသူကင်းမဲ့လျက်ရှိသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွက် ကျန်းမာကြံ့ခိုင်သော ပြည်သူများ ထွက်ပေါ်လာစေရန် ဖော်ပြပါ နှစ်ကာလကြာမြင့်စွာ ပျက်စီးနေသည့် ကစားကွင်းနှစ်ခုကို သက်ဆိုင်ရာဌာနမှ အမြန်ဆုံး ပြန်လည်ပြုပြင်ပေးသင့်ပါသည်။ ယင်းကဲ့သို့ ပြန်လည်ပြုပြင်ပေးမည်ဆိုပါကလည်း မသမာသူများ ထပ်မံဖျက်ဆီးခိုးယူ အလွဲသုံးစားမပြုလုပ်နိုင်စေရန်အတွက် သတိပေးဆိုင်းဘုတ် စိုက်ထူထားသင့်ပါကြောင်း ကျန်းမာရေးလိုလားသူ ပြည်သူများ ကိုယ်စား အပြုသဘောဆောင်၍ တင်ပြလိုက်ရပါသည်။

သိန်းထွန်း(ပါရမီ)

ပန်းတနော်၌ အခမဲ့အရေးပေါ်လူနာတင်ယာဉ် လှူဒါန်း

ပန်းတနော် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့သည် ရန်ကုန်-ပုသိမ် ကားလမ်းဘေးတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ယခင်က ကားလမ်းပေါ်မှ မြို့တွင်းသို့ နှစ်ဖာလုံမျှ ဝင်ခဲ့ရသော်လည်း ယခုမြို့ကွက်သစ် တိုးချဲ့သောအခါ မြို့သည် ကားလမ်းဘေးသို့ရောက်ရှိခဲ့သည်။ မြို့သည်လည်း ရပ်ကွက်သစ်ဖြင့် ကျယ်ဝန်းခဲ့ပြီး ရန်ကုန်မြို့သို့ သွားရောက်ရာတွင် ယခင်ရေလမ်းကြောင်းကို အားပြုရသော်လည်း ယခုအခါ ကားလမ်းသာ အချိန်တိုအတွင်း ရောက်ရှိသဖြင့် ကားဖြင့်သွားလာ ရောင်းဝယ်နေပြီဖြစ်သည်။ ပန်းတနော်မြို့နှင့် ရန်ကုန်မြို့သည် ၅၁ မိုင်သာဝေးသဖြင့် ကားဖြင့် အချိန်တစ်နာရီသာသာဖြင့် သွားလာနိုင်ပြီဖြစ်သည်။

မြို့ပေါ်တွင် ကုသိုလ်ဖြစ်အဖွဲ့များ ရှိသော်လည်း သီတဂူမြစ်မေတ္တာ မျက်စိအထူးကုဆေးခန်းတွင် Light Truck ယာဉ်တစ်စီးနှင့် စေတနာ (လူမှု) နာရေးကူညီမှု အသင်းတွင် နာရေးတင်ရန် Light Truck တစ်စီးသာရှိသည်။ အဆိုပါ ယာဉ်နှစ်စီးဖြင့်သာ ပန်းတနော်မြို့ဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲသော အရေးကြီးလူနာများကို ပို့ဆောင်ပေးခဲ့ရသည်။ ယခုအခါ ရန်ကုန်မြို့နေ ဦးအောင်ထွန်း-ဒေါက်တာ စန်းစန်းရီ (အောင်သပြေ ကုမ္ပဏီလီမိတက်)မိသားစုက ကျေးရွာနှင့် မြို့ဆက်သွယ်ရာတွင် လိုအပ်နေသော အခြေအနေနှင့် ပန်းတနော်မြို့မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရာတွင် အကူအညီလိုအပ်ပါက လူမျိုးမရွေး၊ ဘာသာမရွေး ၂၄ နာရီအခမဲ့ ပို့ဆောင်ပေးရန် တိုယိုတာ ဟိုက်အေ့စ် ၂၀၁၁ မော်ဒယ်နှင့် အောက်ဆီဂျင်ဘူး၊ ခွဲစုပ်စက်၊ နှလုံးနှိုးစက်၊ အီးစီဂျီတို့ ပါဝင်သော ငွေကျပ် ၂၆၅ သိန်းတန် လူနာတင်ယာဉ်တစ်စီး လှူဒါန်းခဲ့ပြီးဖြစ်သည်။

အရေးပေါ် လူနာတင်ယာဉ် အသင်းကို ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၀၉-၂၅၀၂၃၂၁၄၁၊ ၀၉-၂၅၀၂၃၂၁၄၂ တို့သို့ ဆက်သွယ်ခေါ်ယူနိုင်ကြောင်း သိရသည်။

ခင်မောင်ဇော်မြင့်

ပြည်တွင်းသတင်း

သြစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စ မာရီယာ ဘာရှားနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၄

သြစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စမာရီယာဘာရှား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံသည် ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) ခန်းမဆောင်၌ ကျင်းပသည့် သြစတြေးလျနေသဟာယနိုင်ငံ University of Sydney, Sydney Medical School နှင့်မြန်မာနိုင်ငံ ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂)တို့၏ ပညာရပ်ဆိုင်ရာပူးပေါင်းဆိုင်ရွက်ရေး နားလည်မှုသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)နှင့်ဆေးတက္ကသိုလ်(၂)တို့မှ ဆရာဆရာမများ၊ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ ဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာလေ့လာနိုင်ရန် ကျောင်းသားချင်းဖလှယ် လေ့လာသည့်အစီအစဉ်များ၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်း၍ သုတေသနပြုလုပ်ခြင်းလုပ်ငန်းရပ်များ၊ သတင်းအချက်အလက် စာအုပ်စာတမ်းများဖလှယ်လေ့လာရေးအစီအစဉ်များ ပါဝင်သည့် နားလည်မှုသဘောတူစာချွန်လွှာကို ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂) **(အပေါ်ပုံ)** တို့မှ ပါမောက္ခချုပ်များနှင့် University of Sydney, Sydney Medical School မှ ပါမောက္ခ Bruce Robinson တို့က လက်မှတ်ရေးထိုးကြသည်။

အလားတူ သြစတြေးလျနေသဟာယနိုင်ငံ University of Sydney, Sydney Medical School မှ ပါမောက္ခ Bruce Robinson ဦးဆောင်သော အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်၊ ဆေးတက္ကသိုလ်(၁) ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)ခန်းမဆောင်၌ ဆေးတက္ကသိုလ်(၁)နှင့်ဆေးတက္ကသိုလ်(၂)တို့ ပူးပေါင်းကျင်းပသော "ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် မိခင်နှင့်ကလေးကျန်းမာရေး" ဟူသောခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ သားဖွားမီးယပ်ပညာရပ်များ၊ မိခင်နှင့်ကလေး ကျန်းမာရေးပညာရပ်များ၊ အဏုဇီဝဗေဒပညာရပ်များကို သြစတြေးလျနေသဟာယနိုင်ငံ University of Sydney, Sydney Medical School တို့မှ ပါမောက္ခများနှင့် ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂)တို့မှ ပါမောက္ခများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

နယူးဆောက်သ်ဝေး ပြည်နယ်ဘုရင်ခံနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတရားသူကြီးချုပ် တရားမအထူးအယူခံမှု ခုနစ်မှု စီရင်ချက်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမ အထူးအယူခံမှု ခုနစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု တစ်မှုနှင့်တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဆက်တင်ဆိုင်ရာများ ပြင်ဆင်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများတွင်အသုံးပြုမည့် မီး၊ အသံ၊ ဆက်တင်အခမ်းအနား၊ ဖျော်ဖြေရေးဇာတ်ခုံနောက်ခံ LED နှင့် ကြမ်းခင်း Projection စနစ်တပ်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်-ဘုရားငါးဆူ-နန့်ပန်တက်-ကလော-တောင်ကြီးလမ်း ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၁ ရက်က နေပြည်တော်မှ ပျော်ဘွယ်-ဘုရားငါးဆူ ယင်းမာပင် လမ်းမှတစ်ဆင့် နန့်ပန်တက်-ကလော-တောင်ကြီးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၄၇/၅)နှင့် (၄၇/၆) အကြားတွင် တောင်နံရံချဲ့ထွင်၍ လမ်းချဲ့ခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၅၆/၇)ရှိ ရေထွက်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ကြီး) ဒေသ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီပါဝလီနေ့အထိမ်းအမှတ် ကျောင်းသား ကျောင်းသူများအား ကုသိုလ်ဖြစ်ကျွေးမွေး

တောင်ငူ နိုဝင်ဘာ ၄

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှနှင့် သမာဓိမိသားစုမှ နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ဒီပါဝလီနေ့ အထိမ်းအမှတ်ကုသိုလ်ဒါနအဖြစ် ရွှေဆံတော် မရမ်းကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ယဉ်ကျေးလိမ္မာစာရိတ္တမြေကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၀၀ ကျော်တို့အား စူပါကွေကာအုပ်နှင့် ဝမ်းတီးကိတ်မုန့်များကို ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

သင်ကြားပို့ချ

အဆိုပါကျောင်း၌ ကလေးများအား သင်ကြားပို့ချသည့် စေတနာလုပ်အားပေးဆရာ ဆရာမ ၆၀ နှင့် အကျိုးဆောင်အဖွဲ့ဝင် ၅၀ ရှိကြပြီး တနင်္ဂနွေကျောင်းပိတ်ရက်နေ့တိုင်း ကျောင်းသား ကျောင်းသူများအား ဘာသာရေးနှင့် စာရိတ္တမြေဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **(၁၁၅)**

✳ *ကျောဖုံးမှ*

များအဖြစ် အမျိုးသား-လင်းထွဋ်ပိုင်၊ မောင်ငယ်၊ ဝေဖြိုးထွန်း၊ ပြည့်ဖြိုးဟိန်း၊ ကျော်ကျော်ထက်၊ ရဲနိုင်၊ ဝေလင်းအောင်၊ အောင်ကိုကို၊ အမျိုးသမီး-နှင်းမို့မို့နိုင်၊ နန်းသက်ထားစံ၊ နယ်လီ၊ နွယ်နီဦး၊ မေရီနှင့် ကြူကြူလှိုင်တို့ ပါဝင်ကြသည်။

သွားရောက်လေ့ကျင့်

မြန်မာလက်ဝှေ့အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်မှုများ စနစ်တကျပြုလုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ကာဇက်စတန်နိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်လေ့ကျင့်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ လေ့ကျင့်နေစဉ်ကာလအတွင်း ကာဇက်စတန်မှ လက်ဝှေ့ကစားသမားများနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းသစ်များအား Computer နှင့် Data Entry သင်တန်းဖွင့်လှစ်ပို့ချ

ရန်ကုန် နိုဝင်ဘာ ၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏အသစ်ခန့်ထားသော ဝန်ထမ်းများအား Computer အခြေခံနှင့် Data Entry သင်တန်းအမှတ်စဉ် (၃/၂၀၁၃) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ လူမှုဖူလုံရေးရုံးတွင်ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင် တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်ကြားပေး

အဆိုပါသင်တန်းသို့ လူမှုဖူလုံရေးအဖွဲ့မှ အသစ်ခန့်အပ်ထားသော ဝန်ထမ်း ၇၄ ဦး တက်ရောက်သင်ကြားပြီး လူမှုဖူလုံရေးဆိုင်ရာ ဘာသာရပ်များ၊ Computer အခြေခံနှင့် Data Entry ဘာသာရပ်များအား လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ KMD Computer Training Center နှင့် Assembler Co., Ltd. တို့မှ သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ယခင်ကလည်း လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများအား Computer အခြေခံနှင့် Data Entry သင်တန်း (၇)ကြိမ် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)တွင် မီးလောင်မှုဖြစ်ပွား

မန္တလေး နိုဝင်ဘာ ၄

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)အဆောက်အအုံ အပေါ်ထပ်ယာဘက် ပေ(၆၀× ၃၀)ရှိ Espace Cafe & Bar စားသောက်ဆိုင်၌ နိုဝင်ဘာ ၄ ရက် နံနက် ၀၀ နာရီ ၁၅ မိနစ်က ရေခဲသေတ္တာ ဆော့ဖ်ဂတ်အပူလွန်ကဲရာမှ စတင်မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ မန္တလေးမြို့နှင့် ကျောက်ဆည်၊ တံတားဦးမြို့နယ်တို့မှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ် ၁၃ စီး၊ သန္ဓေတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ လေဆိပ်မှ တပ်ဖွဲ့ဝင် စုစုပေါင်း ၇၀ ကျော်တို့က ရေဂါလန် ၁၄၁၅၀ အသုံးပြု မီးငြိမ်းသတ်ပြီး လေဆိပ်တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ သွားရောက်ကြီးကြပ်ဆောင်ရွက်ရာ နံနက် ၂ နာရီတွင် မီးလုံးဝငြိမ်းခဲ့ကြောင်း၊ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ ကျော်တန်ဖိုးရှိ ဆိုင်ခန်းပစ္စည်းများ မီးလောင်ပျက်စီးသွားကြောင်းနှင့် စားသောက်ဆိုင်တာဝန်ခံ ဦးထွန်းအောင်ကျော်အား သက်ဆိုင်ရာက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

တင်မောင်(မန်း-ကိုယ်ပွား)

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ည ၇ နာရီ ၂၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေ ငလျင်စခန်းမှ အနောက်တောင်ဘက် ၂၃၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(ကပ္ပလီပင်လယ် ပြင်)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

နိုင်ငံတကာသတင်း

အီဂျစ်သမ္မတဟောင်း မော်စီအား ရုံးထုတ်စစ်ဆေးပြီး ထောက်ခံသူများက ဆန္ဒပြပွဲကြီးများ ပြုလုပ်ရန် ဆော်ဩ

ကိုင်ရို နိုဝင်ဘာ ၄

ဖြုတ်ချခံရသော အီဂျစ်သမ္မတဟောင်းမိုဟာမက်မော်စီ**(အပေါ်ပုံ)**နှင့် အခြား မွတ်စလင်ညီအစ်ကိုတော်များပါတီမှ ထိပ်တန်းတာဝန်ရှိသူ ၁၄ ဦးတို့အား နိုဝင်ဘာ ၄ ရက်တွင် ရုံးထုတ်စစ်ဆေးရန် ပြင်ဆင်လျက်ရှိသည်။ ယင်းတို့သည် ပြီးခဲ့သည့်ဒီဇင်ဘာလက အီဂျစ်သမ္မတနန်းတော်အပြင်ဘက်၌ ဆန္ဒပြသူများအား အဓိကရုဏ်းဖြစ်ပွားစဉ် သတ်ဖြတ်မှုဖြင့် တရားစွဲဆိုခံထားရသည်။ သမ္မတဟောင်းမော်စီကို ထောက်ခံသူများက ဆန္ဒပြပွဲကြီးများပြုလုပ်ရန် ဆော်ဩခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြင့်ဆုံး တပ်ဖြန့်တပ်လှန့်မှုများ ပြုလုပ်လျက်ရှိသည်။ မစ္စတာမော်စီကို ဆန့်ကျင်သည့်ဆန္ဒပြမှုဖြစ်ပွားပြီးနောက် ဇူလိုင်လတွင် စစ်တပ်က အာဏာသိမ်းခဲ့သည်။ သို့သော်လည်း သူသည် ဒီမိုကရေစီစနစ်အရ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူဖြစ်သည်။ ၎င်းကို ဖြုတ်ချခဲ့ပြီးနောက် မော်စီထောက်ခံသူများက သပိတ်စခန်းများ ဖွင့်လှစ်ဆန္ဒပြခဲ့သဖြင့် စစ်တပ်က အကြမ်းဖက်ဖြိုခွင်းခဲ့ရာ ရာပေါင်းများစွာသော လူများသေဆုံးခဲ့ရသည်။ ကြားဖြတ်အစိုးရက မွတ်စလင်ညီနောင်များပါတီကို ဖြိုခွင်းခဲ့ပြီး ၎င်းအစ္စလာမ့်အဖွဲ့ကို ပိတ်ပင်လိုက်သည့်အပြင် ဒါဇင်နှင့်ချီသော ထိပ်သီးခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ သမ္မတမော်စီသည် အာဏာသိမ်းဖယ်ရှားခြင်းခံရသူဖြစ်၍ နိုင်ငံရေးအရ စစ်ဆေးခြင်းကို တရားစွဲရင်ဆိုင်နေရကြောင်း ၎င်းအားထောက်ခံသူများက ပြောကြားသည်။ **(ဘီဘီစီ)**

လေဆိပ်သို့ဆင်းသက်စဉ် နည်းပညာချွတ်ယွင်း၍ လေယာဉ်မီးလောင်ပျက်ကျ

ရစ်ဘာရယ်တာ နိုဝင်ဘာ ၄

ဘိုလီးဗီးယားနိုင်ငံ အမေဇုန်မြောက်ပိုင်း၌ လေယာဉ်တစ်စင်းပျက်ကျသွားခဲ့ရာ လိုက်ပါသွားသူ ၁၈ ဦးအနက် အနည်းဆုံးရှစ်ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

လေယာဉ်မှူးနှင့် လက်ထောက်လေယာဉ်မှူးအသက်ရှင်ကျန်ရစ်သော်လည်း ဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။ ယင်းလေယာဉ်သည် ဘရာဇီးနယ်စပ်အနီး ရစ်ဘာရယ်တာမြို့ လေဆိပ်သို့ဆင်းသက်စဉ် မီးလောင်ပျက်ကျသွားခဲ့သည်ဟု ဆိုသည်။ ၎င်းလေယာဉ်သည် နည်းပညာပိုင်းချွတ်ယွင်းချက်ကြောင့် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဘိုလီးဗီးယားအာရွှန်ကွန်းလေကြောင်းလိုင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ လေယာဉ်သည် ဆင်းသက်နေစဉ် ပြဿနာအချို့ရှိ၍ မီးလောင်သွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ နယ်လ်ဆင်ကင်းက ပြောသည်။ သေဆုံးသူအများစုမှာ မီးလောင်ဒဏ်ရာရပြီး သေဆုံးခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ထိုင်းနိုင်ငံအရှေ့ပိုင်းကမ်းခြေ၌ လှေတစ်စင်းနစ်မြုပ် ခြောက်ဦးသေဆုံး

ဗန်ကောက် နိုဝင်ဘာ ၄

ထိုင်းနိုင်ငံ၏ အထင်ကရနာမည်ကြီး ပင်လယ်ကမ်းခြေ ပတ္တယားမြို့အနီးအနားတွင် နိုဝင်ဘာ ၃ ရက်က နိုင်ငံခြားခရီးသွားဧည့်သည်များ လိုက်ပါလာသော မော်တော်ဘုတ်တစ်စင်း တိမ်းမှောက်နစ်မြုပ်ခဲ့ရာ တရုတ်နိုင်ငံသားတစ်ဦးအပါအဝင် ခရီးသည်ခြောက်ဦးသေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းက ဖော်ပြထားသည်။

နှစ်ထပ်မော်တော်ဘုတ်တစ်စီးသည် ကွန်းလန်းကျွန်းမှ ပတ္တယားသို့ ထွက်ခွာလာရာ မိနစ် ၃၀ အကြာတွင် ယခုကဲ့သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းလှေသည် ခရီးသည် ၁၃၀ မှ ၁၅၀ အထိသာ တင်ဆောင်နိုင်စွမ်းရှိသော်လည်း ထိုင်းနိုင်ငံသားများနှင့် အခြားပြည်ပဧည့်သည် ၂၀၀ ထက်မက တင်ဆောင်လာခြင်းဖြစ်သည်ဟု ဗန်ကောက်ပို့စ်သတင်းတွင် ရေးသားထားသည်။ စက်လှေသည် စတင်ထွက်ခွာလာပြီး မကြာမီပင် စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့ကြောင်း၊ ပထမထပ်ရှိ ခရီးသည်များသည် ဒုတိယထပ်သို့ ဝရုန်းသုန်းကားကူးပြောင်းကြရာမှ စက်လှေတစ်ဖက်သို့စောင်းကာ တိမ်းမှောက်နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက အဆိုပါမတော်တဆမှုထဲတွင် တရုတ်လူမျိုးတစ်ဦးပါဝင်ကာ သေဆုံးခဲ့ရကြောင်း အတည်ပြုပြောကြားထားသည်။ **(ဆင်ဟွာ)**

ရှားပါးနေကြတ်မှုမြင်ကွင်း အမေရိကန်၊ ဥရောပနှင့် အာဖရိကတို့တွင် တွေ့မြင်ခဲ့ရ

ဝါရှင်တန် နိုဝင်ဘာ ၄

လရိပ်ကြောင့် ဖြစ်ပေါ်လာသော နေအပြည့်ကြတ်ခြင်းနှင့် တစ်စိတ်တစ်ပိုင်းကြတ်ခြင်းမြင်ကွင်းများကို နေရာအချို့၌ နိုဝင်ဘာ ၃ ရက်က တွေ့မြင်ခဲ့ရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်ကို ပထမဆုံး မြင်ရသည့်နေရာမှာ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းမှဖြစ်ပြီး ၎င်းအချိန်မှာ အတ္တလန္တိတ်သမုဒ္ဒရာနှင့် အာဖရိကတိုက်တို့ကို ဖြတ်ကာအရှေ့အရပ်ဆီ မရွေ့လျားမီအချိန်ဖြစ်သည်။

အမေရိကန်အာကာသအေဂျင်စီ နာဆာ၏ပြောကြားချက်အရ နေအပြည့်ကြတ်ခြင်း ဖြစ်စဉ် မြင်ကွင်းကို အတ္တလန္တိတ်သမုဒ္ဒရာမှ တွေ့မြင်ရနိုင်သည်ဟု ဆိုသည်။

ထို့ပြင် နေကြတ်မှုဖြစ်စဉ်၏ အလှပဆုံး မြင်ကွင်းမှာ ကင်ညာမြောက်ပိုင်း၌ဖြစ်ပေါ်ခဲ့ပြီး ၎င်းဒေသရှိ ခရီးသွားကုမ္ပဏီများက နေလုံးဝပျောက်ကွယ်အမှောင်ကျလာသော မြင်ကွင်းကြည့်ရှုနိုင်ရန် စီစဉ်ပေးထားသည်ဟု သိရသည်။

အဆိုပါ နေရာရှိဒေသခံများသည် နေကို လငပုပ်ဖမ်းစားခြင်းဟူသော ပုံပြင်ကို ယုံကြည်လျက်ရှိသည်ဟု သိရသည်။ နေတစ်စိတ်တစ်ပိုင်းကြတ်မှု မြင်ကွင်းကိုမူ မြောက်အမေရိကအရှေ့ပိုင်းနှင့် ဥရောပတောင်ပိုင်းတို့၌ မြင်တွေ့ခဲ့ကြရသည်။ **(ဘီဘီစီ)**

ဂျွန်ကယ်ရီ ဆော်ဒီအာရေဗျသို့ ရောက်ရှိ ကာလရှည်မဟာမိတ်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ကြိုးစား

ကိုင်ရို နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အရှေ့အလယ်ပိုင်းခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိလာကြောင်း နိုဝင်ဘာ ၄ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဂျွန်ကယ်ရီ၏ အဆိုပါခရီးစဉ်သည် အရှေ့အလယ်ပိုင်းဒေသ၏ ဒုတိယမြောက်နိုင်ငံဖြစ်သည်။ ဂျွန်ကယ်ရီသည် ဆီးရီးယားပဋိပက္ခနှင့် အီရန်နျူကလီးယားအရေးတို့နှင့်ပတ်သက်ပြီး အမေရိကန်နှင့်ဆော်ဒီတို့ သဘောထားကွဲလွဲခဲ့ပြီးနောက် ကာလရှည်မဟာမိတ်ဆက်ဆံရေးကို ပြန်လည်ထူထောင်ရန် ကြိုးစားလိမ့်မည်ဟု မျှော်လင့်ရသည်။

မစ္စတာဂျွန်ကယ်ရီသည် မမျှော်လင့်ဘဲ အီဂျစ်သို့ ၎င်း၏ခရီးစဉ်ပထမဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့ပြီး ၎င်းကအကြမ်းဖက်မှုအဆုံးသတ်ရေးနှင့် ဒီမိုကရေစီပြန်လည်ထူထောင်ရေးလုပ်ဆောင်သွားရန် တိုက်တွန်းခဲ့သည်။

အမေရိကန်အစိုးရအနေဖြင့် အီဂျစ်အုပ်ချုပ်သူအစိုးရသစ်နှင့် လုပ်ငန်းများပူးပေါင်းလုပ်ဆောင်နေကြောင်းလည်း ဂျွန်ကယ်ရီက ပြောသည်။ အီဂျစ်နိုင်ငံသည် မကြာသေးမီလများက အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား တင်းမာမှုကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့သည်။

(ဘီဘီစီ)

ကွန်ဂိုသူပုန်အပစ်အခတ်ရပ်စဲရန် ကြေညာ

ကွန်ဂို နိုဝင်ဘာ ၄

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် M23 သူပုန်အဖွဲ့က အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ပြီး အပစ်အခတ်ရပ်စဲရန် ဆော်ဩတိုက်တွန်းလိုက်သည်။

လ ၂၀ ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် အစိုးရတပ်များက ကွန်ဂိုအရှေ့ပိုင်းရှိ သူပုန်တို့၏နောက်ဆုံးခံတပ်စခန်းကို သိမ်းပိုက်လိုက်သည်။

အပစ်အခတ်ရပ်စဲရေး ကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အိမ်နီးချင်းယူဂန္ဒာနိုင်ငံရှိ ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရေးအဖွဲ့သို့ သူပုန်အဖွဲ့က တိုက်တွန်းကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပဋိပက္ခစတင်ဖြစ်ပွားပြီးကတည်းက အနည်းဆုံးလူပေါင်း ၈၀၀၀၀၀ အိုးမဲ့အိမ်မဲ့များဖြစ်ခဲ့ရသည်။ အဆိုပါ M23 သူပုန်အဖွဲ့သည် ၂၀၁၂ ခုနှစ် ဧပြီလက ကွန်ဂိုအရှေ့ပိုင်း၌ တပ်ရင်းတစ်ခု ထူထောင်ခဲ့သည်။ ယင်းတို့သည် တွတ်စီ (Tutsi)လူမျိုးစုအခွင့်အရေး တိုက်ပွဲဝင်ခဲ့ကြရာမှ စစ်တပ်ကို ဖွဲ့စည်းခဲ့သည်။ ကွန်ဂိုဆိုင်ရာ ကုလသမဂ္ဂအထူးသံအမတ်ကြီး မာတင်ကိုဘလာကလည်း M23 သူပုန်အဖွဲ့၏ **(အပေါ်ပုံ)** စစ်ရေးခြိမ်းခြောက်မှုမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

(ဘီဘီစီ)

အစ္စရေးက အီရန်ရဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးမြှင့်တင်ရတဲ့အကြောင်း

အီရန်တို့ နျူကလီးယားလက်နက်ပိုင်ဆိုင်သွားမှာကို အစိုးရိမ်ဆုံးနိုင်ငံကတော့ အစ္စရေးပါပဲ။ အီရန်သာ နျူကလီးယားပိုင်ဆိုင်သွားပြီဆိုရင် အစ္စရေးကို ခြိမ်းခြောက်လာနိုင်ပါတယ်။ အီရန်သမ္မတဟောင်း မာမွတ်အာမတ်ဒီနီဂျက်ဆိုရင်လည်း သူ့အာဏာရှိစဉ်က အစ္စရေးကို ကမ္ဘာ့မြေပုံပေါ်ကပျောက်သွားအောင် လုပ်ပစ်မယ်လို့ကြုံးဝါးခဲ့တာကိုး။ ဒါကြောင့်လည်း အီရန်ကို နျူကလီးယား ဘယ်နည်းနဲ့မှပိုင်ဆိုင်ခွင့်မပေးချင်ဆုံးက အစ္စရေးလို့ပြောနိုင်ပါတယ်။

ဒါကြောင့်လည်း အစ္စရေးက အီရန်နဲ့ ခြောက်နိုင်ငံအင်အားကြီး အုပ်စုနဲ့ နျူကလီးယားဆွေးနွေးပွဲ ပြန်စရေး အီရန်ရဲ့ အိမ်နီးချင်းနိုင်ငံတွေက နှိုးဆော်တိုက်တွန်းပေးဖို့ အစ္စရေးက ဆက်ဆံရေးတိုးမြှင့်နေတယ်လို့ သတင်းတွေက ဖော်ပြပါတယ်။ အစ္စရေး ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ze'ev Elkin ဟာ အီရန်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အဇာဘိုင်ဂျန်၊ တက်စ်မင်နစ္စတန်တို့အပြင် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဥဇဘတ်ကစ္စတန်၊ ကာဇက်စတန်နဲ့ ဂျော်ဂျီယာနိုင်ငံတွေက သံအမတ်တွေနဲ့ အောက်တိုဘာ ၃၁ ရက်က အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့တယ်လို့ အစ္စရေးသတင်းဝက်ဘ်ဆိုက် Wall News မှာ ဖော်ပြထားပါတယ်။ ဒီအစည်းအဝေးကို ဂျော်ဂျီယာမြို့တော် တီဘီလဆီမှာ ကျင်းပခဲ့တယ်လို့ ဆိုပါတယ်။

ဒီအစည်းအဝေးဟာ အီရန်နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံဖြစ်တဲ့ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနဲ့ အမေရိကန် အပေါင်း ဂျာမနီနိုင်ငံတို့အကြား အီရန်သမ္မတ ဟက်ဆန်ရိုဟာနီရဲ့ လက်ထက်မှာ နျူကလီးယားဆွေးနွေးပွဲပြန်စဖို့ အထက်ဖော်ပြပါနိုင်ငံတွေက တုံ့ပြန်နှိုးဆော်ပေးဖို့ ပြုလုပ်တဲ့ အစည်းအဝေးလို့ ဆိုပါတယ်။ အီရန်နဲ့ အင်အားကြီးခြောက်နိုင်ငံတို့ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၅ ရက်၊ ၁၆ရက်တွေက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ အီရန်နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီး ပထမအကျော့ ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။ ဆက်လက်ပြီးတော့ အီရန်နဲ့ခြောက်နိုင်ငံ အကြီးအကဲတွေက နိုဝင်ဘာ ၇ ရက်၊ ၈ ရက်မှာ ဆွစ်မြို့တော်မှာ ဆက်လက် ဆွေးနွေးကြဖို့ သဘောတူထားကြပါတယ်။

ဒီဆွေးနွေးပွဲဟာ ကျယ်ပြန့်ပြီး အကျိုးရှိတဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့လည်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ ဒီနျူကလီးယားဆွေးနွေးပွဲဟာ အလွန်အသေးစိတ်ပြီး အလွန် အကျိုးရှိလိမ့်မယ်လို့လည်း အီးယူနိုင်ငံခြားရေး မူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ပြောဆိုလိုက်ပါတယ်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အီရန်နျူကလီးယားအစီအစဉ်ကို လုံးဝဖြုတ်သိမ်းပြီး ယူရေနီယမ်သန့်စင်ခြင်းကို ဖယ်ရှားပစ်ဖို့ ခြောက်နိုင်ငံကို တိုက်တွန်း တောင်းဆိုလိုက်ပါတယ်။ အမေရိကန်အစ္စရေး ပြည်သူ့ရေးရာကော်မတီကလည်း အီရန်ကို တင်းကျပ်တဲ့အရေးယူမှုတွေပြုလုပ်ဖို့ အမေရိကန်ဆီးနိတ်လွှတ်တော်ကို တိုက်တွန်းလိုက်ပါတယ်။ အစ္စရေးအနေနဲ့ အီရန်နျူကလီးယားအရေး အပြတ်ရှင်းဖို့ ကြိုးစားတဲ့အနေအထားပါပဲ။

မောင်နွေသစ်

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

ပဲခူး နိုဝင်ဘာ ၄

အောက်တိုဘာ ၂၈ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်လာသည့်အတွက် တောင်ငူမြို့နယ်အတွင်းရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်၊ အနောက်ဆင်ကျေးရွာအုပ်စု၊ ကံရိုးကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာအုပ်စု၊ ရှမ်းစုကြီးကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုနှင့် ဖိုးသောင်ကျေးရွာအုပ်စုတို့ရှိ ရေဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းများတွင်တည်းခိုလျက်ရှိသည်။ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် တိုင်းဒေသကြီး စိုက်/မွေး ဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်၊ အတွင်းရေးမှူးတို့သည် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများ၌ ဆန်၊ ဆီနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ နိုဝင်ဘာ ၁ ရက်တွင် တိုင်းဒေသကြီး သစ်တောသတ္တုဝန်ကြီးကလည်း ထန်းတပင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်ထောက်ပံ့၍ အားပေးစကား ပြောကြားခဲ့သည်။

ယခုအခါတွင် စစ်တောင်းမြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် နိုဝင်ဘာ ၄ ရက် နံနက်က တောင်ငူမြို့ရှိ အမှတ် (၈) ရပ်ကွက်၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၁၉)ရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၂၀)ရပ်ကွက် လောကုတ္တရာစေတီ ယာယီကယ်ဆယ်ရေးစခန်း၊ အုတ်တွင်းမြို့နယ် သာဂရကျေးရွာ ဘုန်းကြီးကျောင်းယာယီကယ်ဆယ်ရေးစခန်းတို့ရှိ သက်ဆိုင်ရာနေအိမ် အသီးသီးသို့ ပြန်သွားကြမည့် ရေဘေးသင့်ပြည်သူများအား သွားရောက် တွေ့ဆုံအားပေးခဲ့ပြီး ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ကူညီထောက်ပံ့သော ဆန်အိတ်များကို လှူဒါန်းခဲ့သည်။

တောင်ငူမြို့နယ်အတွင်းတွင် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၉၅၃စု၊ လူဦးရေ ၁၅၈၃၀ရှိပြီး အုတ်တွင်းမြို့နယ်တွင် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၈၉ စု၊ လူဦးရေ ၅၆၁၁ တို့ဖြစ်သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ညှိနှိုင်းမှုအရ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဆန်အိတ် ၁၆၂၆ အိတ်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တောင်ငူမြို့နယ်ရှိ အိမ်ထောင်စု ၃၉၁ စုအတွက် ပစ္စည်းလေးမျိုး၊ ရေတာရှည်မြို့နယ်ရှိ အိမ်ထောင်စု ၃၁၃ စုအတွက်ဆန်အိတ် ၂၆၄၄ အိတ်၊ အုတ်တွင်းမြို့နယ်ရှိ အိမ်ထောင်စု ၃၀၀ အတွက် ပစ္စည်းလေးမျိုးတို့ကို လှူဒါန်းခဲ့သည်။

တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒေသခံအလှူရှင်များနှင့် (WFP)တို့မှ လှူဒါန်းထောက်ပံ့မှုမှာ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၅၆၉၀၉ သိန်းခန့်တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ ဖြစ်သည်။

တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေလျှံမှုကြောင့် ထိခိုက်မှုရှိသည့် လယ်မြေများအား အမှန်စာရင်းကောက်ယူရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေး၊ အလားတူဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်အုပ်ချုပ်ရေးမှူးများအား အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေတိုက်စားမှုကြောင့်ပျက်စီးသောတံတား ပြုပြင်

မိုင်းပွန် အောက်တိုဘာ ၄

မိုင်းပွန်မြို့မှ လွိုင်လင်မြို့အထွက် မိုင်တိုင် ၁၇၆/၇မှ ၁၇၆/၈အကြားတွင်ရှိသော တံတားငယ်တစ်ခု ရေစီးကြမ်းသောကြောင့် နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲက ပြိုကျသွားသဖြင့် ခရီးသွားပြည်သူများနှင့် ကုန်ကားများ ကုန်စည်မြန်ဆန်မှုနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် သက်ဆိုင်ရာဌာနက ပြန်လည်တည်ဆောက်ပြုပြင်ပေးမှုကြောင့် နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် ခရီးသည်တင်ကားငယ်များ အဆိုပါတံတားကို ဖြတ်ကျော်မောင်းနှင်နိုင်ခဲ့ပြီး ကုန်စည်ကားများ ဖြတ်သန်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လ/ဝ၂၃

အငှားယာဉ်ပေါ်၌ ဓားရှည်တစ်ချောင်းတွေ့ရှိ၍ ယာဉ်မောင်းကိုအရေးယူ

ရန်ကုန် နိုဝင်ဘာ ၄

အောက်တိုဘာ ၃၁ ရက် ညပိုင်းက အငှားယာဉ်ပေါ်၌ ဓားရှည်တစ်ချောင်းတွေ့ရှိ၍ ယာဉ်မောင်းကို အရေးယူလိုက်သော ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ည ၁၁ နာရီခွဲက ဒဂုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဆယ်အိမ်မှူးများနှင့် ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံရှေ့ မြို့မကျောင်းလမ်းတွင် ယာဉ်စစ်ဆေးမှု ပိတ်ဆို့ဆောင်ရွက်နေစဉ် မြောက်မှတောင်သို့ ယာဉ်မောင်း ဇော်ငြိမ်းအေး ဘောဂရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူ မောင်းနှင်လာသော ၇ဃ/-----ကိုရိုလာ အဖြူရောင် အငှားယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်းထိုင်ခုံ ယာဘက်ဘေး၌ ဓားအိမ်ပါဓားရှည်တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ယာဉ်မောင်း ဇော်ငြိမ်းအေးအား ဒဂုံမြို့မရဲစခန်းက (ပ) ၂၃၄/၂၀၁၃ လက်နက်ဥပဒေပုဒ်မ ၁၉(င)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

အသက်ကြီးသူများ သစ်ပင်စိုက်ခြင်းဖြင့် အသက်ပိုရှည်စေသည်ဟု ကျွမ်းကျင်သူများဆို

❀ နေခြည်

စတော့ဟုမ်းရှိ Karolinska တက္ကသိုလ်ဆေးရုံမှ လေ့လာမှုအရ ဥယျာဉ်ပန်းမန်စိုက်ပျိုးပေါင်းသင်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုသည် သက်ကြီးရွယ်အိုများအတွက် အကျိုးဖြစ်စေကြောင်း ရေးသားထားသည်။

အဆိုပါလေ့လာမှုသည် သက်ကြီးရွယ်အို ၄၂၃၂ ဦးတို့ကို ၁၂ နှစ်ကြာ လေ့လာခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကိုယ်လက်လှုပ်ရှားပြုလုပ်မှုရှိသူ သက်ကြီးရွယ်အိုတို့သည် နှလုံးရောဂါနှင့်လေဖြတ်ခြင်းကို ၂၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ပြီး အခြားကျန်းမာရေးပြဿနာ ဖြစ်ပေါ်မှုများ ၃၀ ရာခိုင်နှုန်းထိ လျော့ကျကြောင်း တွေ့ရှိခဲ့ရသည်။

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပိုများသူများသည် နှလုံးရောဂါဖြစ်ပွားမှု အနည်းပါးဆုံး ဖြစ်သော်လည်း အနည်းငယ်သာကိုယ်လက်လှုပ်ရှားမှုပြုသူတို့သည်ပင် လုံးဝမလုပ်သူများထက် နှလုံးရောဂါဖြစ်ပေါ်မှုအန္တရာယ် ပိုမိုနည်းပါးသည်ဟု ဆိုသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိခြင်း တစ်နည်းအားဖြင့် အိမ်မှုကိစ္စများလုပ်ခြင်းနှင့် ဥယျာဉ်ပန်းမန်စိုက်ပျိုးခြင်းတို့သည် နှလုံးရောဂါ၊ လေဖြတ်ခြင်း စသည်တို့ကို ထိထိရောက်ရောက် လျော့ကျစေနိုင်ပါသည်ဟု ကျွမ်းကျင်သူများက ထောက်ခံပြောကြားခဲ့သည်။

သို့သော် အချိန်ကြာမြင့်စွာထိုင်ခြင်းသည် ကြွက်သားတစ်ရှူးများအတွင်း ထုတ်ပေးသည့် ဟော်မုန်းများကို ပြောင်းလဲစေနိုင်ပြီး ကိုယ်တွင်းဇီဝဖြစ်ပျက်မှုလုပ်ငန်းစဉ်ကို ပိုမိုလျော့ကျစေသဖြင့် တာရှည်စွာထိုင်ခြင်းတို့ကို မပြုလုပ်ရန် သုတေသီများက သတိပေးထားသည်။

ဖိလစ်ပိုင်နိုင်ငံသားများ ဆော်ဒီတွင်နှိပ်စက်ခံနေရ

ဖိလစ်ပိုင်အလုပ်သမားများအား ဆော်ဒီအာရေဗျအာဏာပိုင်များက ညှဉ်းပန်းနှိပ်စက်ပြီး တိရစ္ဆာန်ကဲ့သို့ပြုမူဆက်ဆံသဖြင့် အလုပ်သမားများ ဖိလစ်ပိုင်သို့ ပြန်လာခဲ့ရကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဖိလစ်ပိုင်အလုပ်သမား ၃၀ကျော်သည် တနင်္လာနေ့က မနီလာသို့ပြန်ရောက်ရှိလာရာ ဆော်ဒီအာရေဗျနိုင်ငံ၌ နေထိုင် ခဲ့ရပုံများကို အသေးစိတ်ဖွင့်ချပြောဆိုခဲ့သည်။ "သူတို့က ကျွန်တော်တို့ကို တိရစ္ဆာန်တွေလိုပြုမူနေကြတာပါ"ဟု အသက် ၄၆ နှစ်အရွယ်ရှိ ဒေသဆိုင်ရာ ကူညီပေးသူ အာမာရိုဆက်က ပြောသည်။ ဆော်ဒီတွင် ဖိလစ်ပိုင်နိုင်ငံသား ခန့်မှန်း ၆၇၀၀ ရှိပြီး ညှဉ်းပန်းနှိပ်စက်ခံနေရသည်ဟု ဆိုသည်။

• •

ဓာတ်ငွေ့ဈေးကွက်ကြီး အိုမန်ဖြစ်လာနိုင်

အိုမန်နိုင်ငံသည် အီရန်နိုင်ငံ၏ ဒေသတွင်းဓာတ်ငွေ့ရောင်းချရာ အဓိကဈေးကွက်ကြီးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီး ဘီဂျန်းနမ်ဒါကျန်ကာနက်ကပြောသည်။ တီဟီရန်၌ နိုဝင်ဘာ ၃ ရက်က ကျင်းပသော ဓာတ်ငွေ့တင်ပို့နိုင်ငံများ ဝန်ကြီး ၁၅ ဦး အစည်းအဝေးပြင်ပ သီးခြားသတင်းစာရှင်းလင်းပွဲ၌ အီရန်ဝန်ကြီးက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။ အိုမန်ရေနံဝန်ကြီးနှင့် ညှိနှိုင်းမှုအရ ဓာတ်ငွေ့တင်ပို့မှုအလားအလာအလွန်ကောင်းပြီး မကြာမီ အီရန်ဓာတ်ငွေ့များ အိုမန်သို့ အများအပြားတင်ပို့မည်ဖြစ်၍ အဓိကဈေးကွက်ကြီးဖြစ်လာနိုင်ကြောင်း အီရန်ဝန်ကြီးက ပြောသည်။ အီရန်သည် ကမ္ဘာပေါ်တွင် ရုရှားပြီးလျှင် ဓာတ်ငွေ့အများဆုံးတင်ပို့သည့်နိုင်ငံ ဖြစ်သည်။

• •

လစ်ဗျားအရှေ့ပိုင်း အစိုးရဖွဲ့စည်း

လစ်ဗျားနိုင်ငံ၏ ရေနံအလျှံပယ်ထွက်ရှိရာ အရှေ့ပိုင်းဒေသကို ဒေသဆိုင်ရာ အစိုးရအဖြစ်ကြေညာလိုက်သည်။ အာဖရိကမြောက်ပိုင်းနိုင်ငံ၏ ဗဟိုအစိုးရအဖြစ်ပြောင်းလဲရန် ယင်းကဲ့သို့ ဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ယင်းဒေသခေါင်းဆောင်များသည် နိုဝင်ဘာ ၃ ရက်က အက်ဒါဘီယာမြို့၌ ဘာကွာ သို့မဟုတ် ဆာရင်နိုက်ကာအမည်ဖြင့် အစိုးရတစ်ရပ် ထူထောင်သွားရန် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။ ၄င်းအစိုးရထူထောင်ရာတွင် ဝန်ကြီး ၂၀ ကျော် ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပစဉ် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။ ထရီပိုလီအစိုးရအနေဖြင့် နွေရာသီကတည်းက ပိတ်ထားခဲ့ရသော အရှေ့ပိုင်း ရေနံဆိပ်ကမ်းနှင့် လုပ်ကွက်များပြန်ဖွင့်ရန် ကြိုးစားနေချိန် အရှေ့ပိုင်းအစိုးရအဖြစ် ဖွဲ့စည်းထူထောင်လိုက်ခြင်းဖြစ်သည်။ လစ်ဗျားအရှေ့ပိုင်းဒေသဆိုင်ရာ ခေါင်းဆောင်များက လစ်ဗျားဝန်ကြီးချုပ် အလီဇီဒန်းနှင့် အထွေထွေအမျိုးသား ကွန်ဂရက်အဖွဲ့ဝင်အချို့သည် ကဒါဖီကျဆုံးပြီးကတည်းက အဂတိတရားလိုက်စားပြီး လုံခြုံရေးထောက်ပံ့ပေးရန် ပျက်ကွက်နေကြောင်း စွပ်စွဲထားသည်။

မြင့်မောင်စိုး-စုစည်းသည်

ဆောင်းပါး

အများပြည်သူကို မီဒီယာကူပါမှ

ဦးဟန်ညွန့်(ဥပဒေ)

မီဒီယာ

မီဒီယာ(MEDIA)ဆိုသည်မှာ MEDIUM ၏ ဗဟုဝုစ်ကိန်း အများကို ခေါ်ခြင်းဖြစ်သည်။ MEDIUM ၏ အဓိပ္ပာယ်သည် Mean of Communication "ဆက်သွယ်ရေးနည်းလမ်း" သို့မဟုတ် "ဆက်သွယ်ရေးလုပ်ငန်း"ဖြစ်သည်။ Mass Media ကို "လူထုဆက်သွယ်ရေးလုပ်ငန်း"၊ "လူထုဆက်သွယ်ရေးလမ်းကြောင်း" ဟုလည်းခေါ်ကြသည်။ ယနေ့ခေတ်သည် မီဒီယာခေတ်ဖြစ်သည်။ မီဒီယာခေတ်တွင် ပြည်သူတို့ပါဝင်သည်။ ပြည်သူတို့သည် မီဒီယာကို ချစ်ကြသည်။ မီဒီယာကလည်း ပြည်သူ့ဝန်ကို ထမ်းကြသည်။ မီဒီယာနှင့်ပြည်သူ၊ ပြည်သူနှင့်မီဒီယာ ကွဲကွာခြင်းငှာ မစွမ်းသာချေ။

ဥပဒေကြမ်း(၃)မျိုး

မီဒီယာလုပ်ငန်းများအတွက် အောက်ပါဥပဒေကြမ်း(၃)မျိုးကို ရေးဆွဲတင်ပြထားသည်။ ပြည်သူအများသိရှိ လေ့လာ၊ အကြံပြုနိုင်ရေးအတွက် သတင်းစာ၊ ပြန်တမ်းများတွင် ကြိုတင်၊ ကြေညာ၊ ဖော်ပြထားသည်-

(၁) အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း၊
(၂) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း၊
(၃) သတင်းမီဒီယာဥပဒေကြမ်း။

သိရှိလေ့လာအကြံပြု

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးလှသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့်အတူ စတုတ္ထမဏ္ဍိုင်မီဒီယာ၏ အခန်းကဏ္ဍသည်လည်း ရှေ့တန်းကပါဝင်သည်။ သို့ဖြစ်၍ မီဒီယာဆိုင်ရာ ဥပဒေကြမ်းများအား ပြည်သူအပေါင်းက သိရှိ၊ လေ့လာ၊ စိစစ်၊ အကြံပြုသင့်ပါသည်။

ကျင့်ဝတ်နှင့်စည်းမျဉ်း

အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းကျင့်ဝတ်နှင့် စည်းမျဉ်းတို့တွင် -

(က) မှန်ကန်တိကျမှုနှင့် တရားမျှတမှု၊
(ခ) ပုဂ္ဂလိက လွတ်လပ်ခွင့်၊ အနှောင့်အယှက်ပေးမှုနှင့် လိမ်လည်လှည့်ဖြားမှု၊
(ဂ) ကလေးသူငယ်များအား ကာကွယ်မှု၊
(ဃ) လိင်မှုဆိုင်ရာနှင့် ကြမ်းတမ်းသောစကားလုံးများ သုံးနှုန်းမှု၊
(င) နစ်နာသူနှင့် ပူဆွေးသောကရောက်သူများအပေါ် ဆက်ဆံမှု၊
(စ) ပြစ်မှု သို့မဟုတ် လူ့ကျင့်ဝတ်ဖောက်ဖျက်မှု၊
(ဆ) ကြော်ငြာထည့်သွင်းမှု၊
(ဇ) သတင်းအချက်အလက်အတွက် ငွေကြေးပေးကမ်းခြင်းနှင့် ကိုယ်ကျိုးစီးပွားဆိုင်ရာ ငွေကြေး ပြဿနာများ၊
(ဈ) ခွဲခြားဆက်ဆံမှု၊
(ည) သတင်းပေါက်ကြားမှုနှင့် သတင်းအရင်းအမြစ်များအား ကာကွယ်မှုတို့ ပါဝင်ပါသည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာကောင်စီ

အများပြည်သူဝန်ဆောင်မှုမီဒီယာကောင်စီကို ဥပဒေကြမ်းအခန်း (၅) တွင် ဖွဲ့စည်းကြောင်း ဖော်ပြထားပါသည်။ သတင်းပညာ သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် တီထွင်မှုပညာ သို့မဟုတ် စီးပွားရေးနှင့်ဘဏ္ဍာရေးစသည့်ကိစ္စရပ်များတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ပညာရှင်များပါဝင်သော အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်၊ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည်ကွဲပြားခြားနားသောပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသားလူမျိုးစုဝင်များ၊ ကျွမ်းကျင်သောပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များစသည်တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရန်လည်း ဖြစ်ပါသည်။

အုပ်ချုပ်ရေးအဖွဲ့

အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ရန်၊ လမ်းညွှန်ရန်၊ ဆွေးနွေးအကြံပေးရန် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့ရှိရမည်။ အုပ်ချုပ်ရေးအဖွဲ့သည် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း သို့မဟုတ် ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအတွက် ပေးအပ်သောတာဝန်များ ထမ်းဆောင်ရမည်။

အမြတ်အစွန်းကို ရှေးရှုလုပ်ဆောင်ခြင်းမဟုတ်

အများပြည်သူဝန်ဆောင်မှုမီဒီယာသည် အမြတ်အစွန်းကို ရှေးရှုလုပ်ဆောင်ခြင်းမဟုတ်။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာဖြစ်သည်။ မီဒီယာကောင်စီမှ အများပြည်သူဝန်ဆောင်မှုမီဒီယာသို့ ထောက်ပံ့ပေးအပ်သော အခွင့်အရေးနှင့် အကျိုးခံစားခွင့်ကိုသာ ရယူခွင့်ရှိသည်။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် ဥပဒေကြမ်း ပုဒ်မ ၁၁ပါ အခွင့်အရေးများမှအပ ဤဥပဒေအရ အခြားခံစားခွင့် မရှိစေရပေ။ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကောင်စီကဆောင်ရွက်ပေးသော အကူအညီများကို ရယူခွင့်ရှိပေသည်။ ဤအကြောင်းကို အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်း ပုဒ်မ ၂၇ (က) မှ (ဆ) အထိ ဖော်ပြထားပေသည်။

စီးပွားဖြစ်မဟုတ်သည့် မီဒီယာ

အများပြည်သူဝန်ဆောင်မှုအတွက်သာ ဦးတည်ချက်ထားရမည်။ စီးပွားဖြစ် မဟုတ်သည့် မီဒီယာ ဖြစ်ရမည်။ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် ဦးတည်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူအခြေပြုအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသည့် မီဒီယာလုပ်ငန်းကို ဆိုလိုသည်။

ဘဏ္ဍာရေးအရအသုံးဆိုင်ရာဥပဒေ

နိုင်ငံတော်၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ကခွင့်ပြုသော ရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်ရမည်။ အသုံးစရိတ် ၇၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းများအပေါ် ဆွေးနွေး၊ စိစစ်၊ သုံးသပ်ရန်ဖြစ်သည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအတွက် ကျယ်ကျယ်ပြန့်ပြန့်၊ နှိုင်းနှိုင်းချိန်ချိန် သုံးသပ်ဝေဖန်အတည်ပြုရန်ဖြစ်ပါသည်။ ပြည်သူ့ဆန္ဒကိုအခြေခံ၍ ဝေဖန်သုံးသပ်ဆွေးနွေးစေလိုပါသည်။ ဥပဒေကြမ်းအစည်းအဝေးကို ရည်ညွှန်းပါသည်။

ပုံနှိပ်ထုတ်ဝေဥပဒေကြမ်း

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းတွင် အခန်း(၈)ခန်း ပါဝင်သည်။ ပုံနှိပ်စက်၊ ပုံနှိပ်တိုက်၊ ထုတ်ဝေစာ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ သတင်းအေဂျင်စီ၊ စာနယ်ဇင်း၊ စာအုပ်၊ ဝက်ဘ်ဆိုက်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုခြင်း၊ လိုက်နာရန်စည်းကမ်း၊ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာခြင်း၊ ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အထွေထွေစသည်တို့ဖြစ်သည်။ (သတင်းစာများတွင်ဖော်ပြပြီးဖြစ်၍ အသေးစိတ်မတင်ပြပါ)

သတင်းမီဒီယာဥပဒေကြမ်း

အခန်း(၁၀)ခန်းဖြင့် ရည်ရွယ်ချက်၊ ရပိုင်ခွင့်များ၊ တာဝန်နှင့်ကျင့်ဝတ်များ၊ ထူထောင်ခြင်း၊ ကောင်စီဖွဲ့စည်းခြင်း၊ တာဝန်များ၊ ရန်ပုံငွေ၊ အရေးယူခြင်း၊ ပြစ်မှုပြစ်ဒဏ်များ၊ အထွေထွေစသည်တို့ ဖော်ပြရေးသားထားသည်။ (သတင်းစာတွင် ဖော်ပြပြီးဖြစ်၍ အသေးစိတ်မတင်ပြပါ)

နိုင်ငံတကာအတွေ့အကြုံ

အများပြည်သူဝန်ဆောင်မှုဥပဒေအကြောင်း လေ့လာဖတ်ရှုရင်း မှတ်သားစရာ၊ နမူနာယူစရာ အောက်ပါပုံစံဇယားကို ဗဟုသုတအဖြစ်တွေ့ရှိပါသည်။ နောက်ခံမြင်ကွင်းဟု မှတ်ယူကြပါစို့။

ဗဟုသုတအဖြစ်

နိုင်ငံတကာအတွေ့အကြုံများ၊ နမူနာများကို ဗဟုသုတအဖြစ်သာ တင်ပြရခြင်းဖြစ်ပါသည်။ ပုံစံဇယားကိုလေ့လာပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ပုံစံဇယားရေးဆွဲရပါလိမ့်မည်။ မြန်မာ့ရေ၊ မြန်မာ့မြေအတွက် ကောင်းနိုးရာရာရွေးချယ်ရာမှာ သဘာဝဖြစ်ပါသည်။ သူတစ်ပါးနိုင်ငံက သူတို့ရေမြေ၊ သူတို့သဘာဝ၊ သူတို့စနစ်အရ လုပ်ကြကိုင်ကြ၊ ဆောင်ရွက်ကြတာကို မကန့်ကွက်ပါ။ ကျွန်တော်တို့နိုင်ငံလည်း သတင်းအတွေ့အကြုံတွေ များစွာရှိပြီးဖြစ်၏။ အများပြည်သူဝန်ဆောင်မှုပေတံနှင့်တိုင်းပြီး ရှေ့ခရီးသို့ ဆက်လှမ်းကြရမည်သာဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန်၊ ရွေးချယ်ရန်လိုမည်။

လွတ်လပ်မှုလွန်ကဲလွန်းခြင်း

"လွတ်လပ်မှုရှိရမည်၊ ချုပ်ချယ်မှုကင်းရမည်"ဟု ဆိုသော်ငြား လွတ်လပ်မှုလွန်ကဲခြင်းကိုတော့ ပြန်စဉ်းစားကြပါ။ နိုင်ငံတကာတွင်လည်း သတိထား၍ ထိန်းသိမ်းနေပါပြီ။ ပုဂ္ဂလိကသတင်းစာများနှင့် ဂျာနယ်များ၏ လက်တွေ့ဖြစ်စဉ်များကလည်း သင်ခန်းစာများပေးလျက်ရှိပါသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုများသည် သတင်းလွတ်လပ်ခွင့်၏ ဂုဏ်အင်လက္ခဏာများပင် ဖြစ်တော့သည်။ သက်တမ်းကြာလေလေ အတွေ့အကြုံများလေလေ၊ ရှောင်ရန်ဆောင်ရန်တွေ ပို၍ပို၍ သိလာလေလေဖြစ်တော့သည်။

ပြည်သူများ၏ယုံကြည်စိတ်ချရမှု

သတင်းစာမီဒီယာသက်တမ်းကို မည်သို့တိုင်းတာမည်လဲ။ ပြည်သူအများ၏ ယုံကြည်စိတ်ချရမှုဖြင့်သာ တိုင်းတာရပေလိမ့်မည်။ ပြည်သူ့အမြင်ကြည်လင်ပါမှ စိတ်အေးရပေလိမ့်မည်။ သက်တမ်းရှည်ကြာပေလိမ့်မည်။ သတင်းမှန်၊ သတင်းမြန်၊ ပြည်သူ့ကြေးမုံပြင်၏ မှတ်ကျောက်အတင်ခံထိုက်ပေလိမ့်မည်။ အမှား၊ အမှန် ဝေဖန်ခံနိုင်ရပေမည်။

ဥပဒေကြမ်းများနှင့်သုံးသပ်ချက်

တင်ပြပါဥပဒေကြမ်း(၃)မျိုးအပေါ် သိရှိလေ့လာအကြံပြုရန်သုံးသပ်ရာတွင်-(ဥပမာအားဖြင့်)

(၁) ဥပဒေကြမ်းအချင်းချင်းဆက်နွယ်မှု၊
(၂) အကြောင်းအခြင်းအရာအချက်အလက်နှင့် ဥပဒေဆက်နွယ်မှု၊
(၃) အများပြည်သူအကျိုးအတွက် အထောက်အကူပြု၊ မပြု၊
(၄) အားနည်းချက်၊ အားသာချက်၊
(၅) ရန်ပုံငွေစနစ် ရှင်းလင်း၊ တိကျ၊ ခိုင်မာရေး၊
(၆) ဥပဒေအချင်းချင်း ဝိရောဓိမဖြစ်ရေး(အချက်အလက်မထပ်ရေးစသည်) (ကဏ္ဍအလိုက်ကွဲပြားချောမွေ့ရေးစသည်)၊
(၇) နိုင်ငံတကာအတွေ့အကြုံများ၏ ဆီလျော်ရာစံများ၊
(၈) လွတ်လပ်မှုနှင့် တာဝန်ယူမှု၊
(၉) စတုတ္ထမဏ္ဍိုင်၏ ဂုဏ်သိက္ခာစသည့်အချက်များကို အခြေခံစဉ်းစားသင့်ပါသည်။ ဆက်စပ်အကြံပြုသင့်ပါသည်။

နိုင်ငံသားများ၏အခွင့်အရေး

နိုင်ငံသားများ၏ အခွင့်အရေးကို တရားဥပဒေကပေးအပ်ထားပါလျက် လက်လွတ်ဆုံးရှုံးမှုများ၊ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဝေးလံဒေသမှအခက်အခဲများ၊ လမ်းပန်းဆက်သွယ်ရေးနောက်ကျမှုများ၊ လူ့အခွင့်အရေးအပြည့်အဝရရှိအောင် ဆောင်ကြဉ်းပေးမှုများသည် သတင်းမီဒီယာများအတွက် မြင့်မြတ်သော လုပ်ငန်းတာဝန်များဖြစ်ကြသည်။ အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ၏အရေးမှာလည်း အများပြည်သူဝန်ဆောင်မှုမီဒီယာသမားများ၏ အရေးပင်ဖြစ်သည်။ မေ့ကျန်ရစ်တတ်သူများအား သတိထားသင့်လှသည်။ မကျန်၊ မချန်စေလိုပါ။

အများပြည်သူကို မီဒီယာကူပါမှ

သတင်းစာကိုမဖတ်ရမနေနိုင်၊ ရေဒီယိုဆိုလျှင် အလွယ်တကူနားဆင်နိုင်၊ ရုပ်သံလွှင့်ဆိုလျှင် အသည်းစွဲမြတ်နိုးသူ ပြည်သူအပေါင်းမှာ မီဒီယာနှင့် မကင်းနိုင်သူများဖြစ်ကြသည်။ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်ကြောင်းလည်း အထပ်ထပ်အခါခါရေးခဲ့ပါပြီ။ မီဒီယာသည်အထိလွယ်၊ အရှလွယ်၊ ကိုင်တွယ်ကျင့်သုံးရ ခက်ခဲလှသည်ဟုလည်း အတွေ့အကြုံများက ထောက်ပြခဲ့ပေပြီ။ မည်သို့ပင်ဖြစ်စေ အများပြည်သူအတွက် ဝန်ဆောင်မှုပြုသောမီဒီယာသည် ဘယ်တော့မှကျဆုံးမည်မဟုတ်ပါ။ **အများပြည်သူကချစ်နေသမျှ လူထုအချစ်တော်မီဒီယာဖြစ်နေမည်မှာ သေချာသည်။ အများပြည်သူ၏အမုန်းကိုလည်း အကျအရှုံးဖြင့် နိဂုံးချုပ်တတ်ကြောင်း သတိပြုအပ်သည်။** အများပြည်သူဝန်ဆောင်မှုမီဒီယာမရှိသင့်ကြောင်း ဝေဖန်ကန့်ကွက်သူများ (အချို့) ရှိသော်ငြား၊ "ပြည်သူ့ဆန္ဒအင်အား"ကို ကျော်လွှားနိုင်မည်မဟုတ်ချေ။ အများပြည်သူကို မီဒီယာကူပါမှ၊ လူတကာလှပေရော့မည်။ ။

အများပြည်သူဝန်ဆောင်မှုမီဒီယာတာဝန်ဝတ္တရားများ ၄င်းတို့၏ နောက်ခံမြင်ကွင်းနှင့် အကျိုးဆက်များ



အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ ရည်မှန်းချက်များနှင့် တာဝန်ဝတ္တရားများ

ပြည်သူ့လွှတ်တော်အစည်းအဝေး

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကို ရာနှုန်းပြည့်ပြီးစီးသည်အထိ အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့ထားသော **သတင်းမီဒီယာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်းအပေါ် **အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က** "တာဝန်ယူမှုရှိတဲ့ မီဒီယာဟာတစ်ဦးချင်း၊ တစ်ယောက်ချင်း ဆောင်ရွက်နေတဲ့ အသေးစားကို ပြောတာမဟုတ်ဘဲ မီဒီယာလုပ်ငန်းကြီး တည်ထောင်ထားတဲ့ ပုဂ္ဂိုလ်တွေ၊ အယ်ဒီတာတာဝန်ယူမှုမရှိတဲ့ မီဒီယာရောရှိနိုင်ပါတယ်။ အယ်ဒီတာ တာဝန်ယူမှုမရှိတဲ့မီဒီယာဆိုတဲ့နေရာမှာ ကျင့်ဝတ်ဖောက်ပြန်တဲ့ မီဒီယာတွေရှိခဲ့ပေမယ့် နောင်တစ်ချိန်မှာတော့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အင်တာနက်မီဒီယာတွေဖြစ်စေလိုပါတယ်၊ အင်တာနက်မီဒီယာလုပ်ငန်းတွေအနေနဲ့ဥပဒေပါ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တွေနဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် အယ်ဒီတာတာဝန်ယူမှုဆိုတဲ့ စကားရပ်ကို အကြိမ်ကြိမ်အပြန်အလှန် ဆွေးနွေးခဲ့ရတာဖြစ်ပါတယ်။ တစ်ချိန်တုန်းက ပုဂ္ဂိုလ်ရေးနဲ့အဖွဲ့အစည်းစော်ကားမှုတွေရှိခဲ့တဲ့အတွက် အယ်ဒီတာတာဝန်ယူမှုဟာ အရေးကြီးတဲ့အကြောင်းတွေ့ရှိရတဲ့အတွက် နောင်ဒီလိုကိစ္စမျိုး မပေါ်ပေါက်ရအောင် စဉ်းစားပြီးထည့်ခဲ့ရပါတယ်။ ဒီဥပဒေကြမ်းကို စတင်ရေးသားခဲ့သူတွေအနေနဲ့ သဘောမတူမှုတွေရှိခဲ့ပေမယ့်လည်း ကျွန်တော်တို့က ဘက်ပေါင်းစုံစဉ်းစားဆောင်ရွက်ခဲ့ပါတယ်" ဟု ပြောပြခဲ့သည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆုံးဖြတ်ခဲ့

ထို့ပြင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက **ရခိုင်ပြည်နယ်၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ဘူးသီးတောင်၊ မောင်တောဒေသတွင် ဘက်စုံထောင့်စုံမှ ထိရောက်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အုပ်ချုပ်ရေး အစီအမံများကို ယခင်ကထက်သာလွန်ကောင်းမွန်သည့် အစီအမံများဖြင့် အမြန်ဆုံးချမှတ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကိုကျော်လွှား၍ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ ရေတို၊ ရေရှည်တွင် ဆောင်ရွက်မည့်အစီအမံများနှင့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုအဆိုတွင်ပါရှိသည့် တင်ပြချက်များကိုလည်း အလေးထားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားနိုင်ရေး စဉ်းစားသုံးသပ်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

အဆိုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး **ဗိုလ်ချုပ်မောင်မောင်အုန်း**က "နိုင်ငံတော်အပိုင်းက ငွေကြေးမြောက်မြားစွာနဲ့အတူတကွ ယှဉ်တွဲနေထိုင်ရေးပေါ်မှာမူတည်ပြီး လိုအပ်တဲ့ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အတွက် ဒီနေ့မောင်တောဒေသမှာ တည်ငြိမ်အေးချမ်းမှုရှိပါတယ်။ လာမယ့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှု အချိန်မီ ပြီးစီးဖို့အတွက် နည်းလမ်းတွေ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ စာရင်းကောက်ယူမှုတွေကနေ နိုင်ငံသားဖြစ်သင့်၊ ဖြစ်ထိုက်သူတွေကို ဥပဒေကြောင်းအရ ဆောင်ရွက်ပေးမှာဖြစ်သလို တရားမဝင် ဝင်ရောက်နေထိုင်သူတွေကိုလည်း ဥပဒေကြောင်းအရ ဆောင်ရွက်သွားဖို့ စီမံဆောင်ရွက်နေပါတယ်။ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသမှာတရားမဝင် ဝင်ရောက်မှုတွေ မရှိအောင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပြောင်းလဲဖြစ်ပေါ်နေတဲ့ဖြစ်စဉ်တွေအပေါ် လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောပြခဲ့သည်။

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အလားတူ ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်က **၂၀၁၃ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်အတွင်းအချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များနှင့်ပဲခူးတိုင်းဒေသကြီး ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များ၌ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့မှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည့်အပြင် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများ၊ စပါးခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ရေဘေးအန္တရာယ်ကျရောက်နေသည့် ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ပြည်ထောင်စုအစိုးရက အထူးအစီအစဉ်ဖြင့် ထိရောက်သည့်ပံ့ပိုးကူညီ စောင့်ရှောက်မှုများ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားအခွင့်အရေးနှင့်အကျိုးစီးပွား မြှင့်တင်ရေးနည်းဥပဒေနှင့် ဆက်စပ်ဥပဒေများကို အမိန့်ကြော်ငြာစာများ အလျင်အမြန်ထုတ်ပြန်ပေးရေး** အရေးကြီးအဆိုကို တင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်နေသည့်အပြင် နေ့စဉ်အဖွဲ့များ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ်များ လယ်သမားများထံရောက်ရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မြေတိုင်းတာသည့် အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း၊ လိုအပ်သည့် ဝန်ထမ်းခန့်အပ်ခြင်းတို့ကို ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ယခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ ၈၆ ဒသမ ၉၁ ရာခိုင်နှုန်းထုတ်ပေးပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် ရာနှုန်းပြည့်ပြီးစီးသည်အထိ အထူးအလေးထားဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆောင်ရွက်လျက်ရှိ

ခေတ်မီမြေတိုင်းပစ္စည်းများဖြစ်သည့် RTK-GPS(1Base+1Rover Set) ၁၀ စုံနှင့် Total Station ၂၅ စုံတို့ကို ဌာန၏ငွေလုံးငွေရင်းအသုံးစရိတ်မှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်မြေစာရင်းဦးစီးဌာနတို့သို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းတွင် RTK-GPS အစုံ ၂၆၀ နှင့် Total Station အစုံ ၁၀၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူရန် စာချုပ်ချုပ်ဆို ထားပြီးဖြစ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းတိုင်းတာ၍ မြေပုံရေးဆွဲထုတ်လုပ်ရန် World View 2 ဂြိုဟ်တုပုံရိပ်စက်ကို ဝယ်ယူခဲ့ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လစ်လပ်လျက်ရှိသော မြေတိုင်း-၅ ရာထူးဝန်ထမ်း ၁၆၀၀ ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်မှစတင်ခန့်အပ်ခဲ့ပါကြောင်း၊ Project Labour အဖြစ်နေ့စားဝန်ထမ်း (ယာယီ) ၃၇၇၅ ဦးကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ၃ လခန့်ထားခွင့်ပြုခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအဆို တင်သွင်း

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား လွှတ်တော်၌ ဆွေးနွေးစဉ်းစားရန်အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းရာလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစောမော်ထွန်းက အဓိကပြင်ဆင်သည့်အကြောင်းအရာမှာ ဝင်ငွေခွန်ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ "ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်"ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ လစဉ်ချီးမြှင့်ငွေများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ လျှော့ချ၍ ခံစားလျက်ရှိကြပါကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာဥပဒေများ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ချီးမြှင့်ငွေများကို ယခုတိုင်လျှော့ချပြင်ဆင်ခြင်း မပြုလုပ်ရသေးသည်ကို တွေ့ရှိရပါကြောင်း။

ဥပဒေပြဋ္ဌာန်းချက်အတိုင်း မခံစားဘဲ ယခုတိုင်လျှော့ချ၍ ဆက်လက်ခံစားမည်ဆိုပါက သက်ဆိုင်ရာဥပဒေများ၌ လျှော့ချပြင်ဆင်ပြဋ္ဌာန်းပေးရန် လက်တွေ့ကျကျ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်အတိုင်း မခံစားခြင်းသည် ယာယီသဘောမဟုတ်ဘဲ သက်တမ်းအားဖြင့် ထက်ဝက်ကျော်ခဲ့ပြီဖြစ်ရာ သက်ဆိုင်ရာဥပဒေများအား ပြင်ဆင်ရန် အချိန်သင့်ပြီဖြစ်ကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏စရိတ်နှင့် အဆောင်အယောင်သတ်မှတ်ချက်များသည်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနယ်ပယ်(၃)ရပ်စလုံးအတွက် ဖြစ်နိုင်သမျှညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် ကော်မတီ၏အစီရင်ခံစာကို တင်သွင်းခဲ့သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့်က ကော်မတီ၏အစီရင်ခံစာကို တင်သွင်းရာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်သာမက ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအား နိုင်ငံတော်အပေါ် ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်ရမည်ဟု နားလည်ထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန် ရှိသည်များကိုလည်း တစ်ပါတည်းဆောင်ရွက်ရန် လိုအပ်သည်ကိုတွေ့ရှိရပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင်

ဥပဒေကြမ်းကော်မတီဝင် ဦးစောမော်ထွန်း အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဦးအောင်ကြည်ညွန့်က ကော်မတီ၏အစီရင်ခံစာကို တင်သွင်းရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေ ပုဒ်မ ၃ တွင် ဖော်ပြထားချက်များအစား "ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးရရှိသည့် လစဉ်ချီးမြှင့် ငွေကျပ်ခြောက်သိန်း ခံစားခွင့်ရှိသည်"ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၄ တွင် ဖော်ပြထားချက်များအစား "အလုပ်အမှုဆောင် ကော်မတီဝင်သည် လစဉ်ချီးမြှင့်ငွေကျပ်လေးသိန်းခံစားခွင့်ရှိသည်" ဟု လည်းကောင်း ပြင်ဆင်ပြီး အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အဖြစ် ဖြည့်စွက်ဖော်ပြသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

အစည်းအဝေးတွင် **နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကိုလည်း ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း (၄)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၆)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ Mr. Lu Hao ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးသိန်းလွင်၊ ဦးကိုကိုထွန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ကာကွယ်ရန် အလွန်အရေးကြီးပါကြောင်း၊ စဉ်ဆက်မပြတ်သော ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းသည်သာလျှင် စဉ်ဆက်မပြတ်သော ရေအရင်းအမြစ်ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံး၏ ရေအရင်းအမြစ်များဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန်၊ ရှိပြီးသား ရေအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ်တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ရေကိုစနစ်တကျ အကျိုးရှိ ထိရောက်စွာသုံးနိုင်မှုနှင့် ရေလိုအပ်ချက်အပေါ် စီမံခန့်ခွဲနိုင်မှု၊ အရင်းအမြစ်သစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရှာဖွေဖန်တီးနိုင်မှု၊ မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများအား ပေါင်းစပ်ညှိနှိုင်းမှု၊ ရေကို စီးပွားရေး ကိစ္စရပ်များအပေါ် ပင်မရေစီးကြောင်းအဖြစ် အသွင်ပြောင်းနိုင်မှုဟူသည့် နယ်ပယ်လေးခုအပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

တစ်မျိုးသားလုံးအတိုင်းအတာအရ လိုအပ်သည့် ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်၊ အမျိုးသားရေအရင်းအမြစ်နှင့်ဆိုင်သော မူဝါဒ၊ အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ လမ်းညွှန်ချက်၊ အခြေခံမူဘောင်စသည်တို့ကို မိမိတို့ဌာနဆိုင်ရာအလိုက် ညွှန်ကြားဖော်ဆောင်ကြမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများတွင် ထင်သာမြင်သာရှိအောင် ထည့်သွင်းပေးကြဖို့ လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်မူဝါဒအား နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား မျှတစွာသုံးစွဲ



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဆွေးနွေးတင်ပြစဉ်။

ပြီး ထိရောက်သောစီမံခန့်ခွဲမှုများဖြင့် ဆင်းရဲမှုပပျောက်ရေးအား အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းသာယာမှုကို ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့်အနာဂတ်ကာလမျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့်စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသောပမာဏနှင့် လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသည့် ရေရရှိရေးအခွင့်အရေးများရစေရန် ရည်ရွယ်၍ ရေးဆွဲသွားရမှာဖြစ်ပါကြောင်း။

ထို့အပြင် ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ရေကိုတန်ဖိုးထားရန်၊ ရေကိုရေရှည်အကျိုးရှိရှိ သုံးနိုင်ရန်၊ ရေကိုစီမံခန့်ခွဲရေးအတွက် သင့်တော်သောအဖွဲ့အစည်းများဖွဲ့ရန်၊ ရေအရင်းအမြစ်များနှင့်ပတ်သက်သော သတင်းစုဆောင်းဖြန့်ဝေရန်၊ ရေအရင်းအမြစ်များထိန်းသိမ်းရာတွင် လူမှုရေး၊ ယဉ်ကျေးမှုစသော ရှုထောင့်မှ ရှုမြင်တတ်ရန်၊ ရေသုံးစွဲရာတွင် မျှမျှတတဖြစ်စေရန်၊ သင့်တော်သော နည်းပညာများအသုံးချရန်၊ ရေအရင်းအမြစ်အသုံးချရာတွင် ပြဿနာဖြစ်ပေါ်သောအကြောင်းအရင်းရှာဖွေဖြေရှင်းရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းသောစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ဘက်ပေါင်းစုံမှ ပါဝင်သော ပညာရှင်အဖွဲ့များဖြင့် ဆောင်ရွက်ရန်ဟူသည့် လမ်းညွှန်ဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားရမည်ဖြစ်ပါကြောင်း။

နောင်လာမည့် ၁၀ နှစ်အတွင်း မိမိတို့နိုင်ငံအနေဖြင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အပြည့်အဝဆောင်ရွက်မှုကို အခြေခံ၍ ရေအရင်းအမြစ်များစဉ်ဆက်မပြတ်ဖွံ့ဖြိုးပြီး ရေကိုထိရောက်စွာ သုံးစွဲနိုင်သော နိုင်ငံဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတွင်းရေအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာနှင့် ကူးလူးဆက်သွယ်သူအဖြစ် ဥပဒေအရ တရားဝင်

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဆွေးနွေးတင်ပြစဉ်။

ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ရေဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသော ပြည်သူများအပါအဝင် ကျယ်ပြန့်သော ပြည်သူလူထုကြီးတစ်ရပ်လုံးနှင့် မိမိတို့၏ ကော်မတီဝင်များအကြား ယခုလက်ရှိ နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသည့် ရေနှင့် ရေအရင်းအမြစ်များဆိုင်ရာ လုပ်နည်းလုပ်ဟန်များကို အခြေခံသော နားလည်မှုတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံနှင့် ကိုက်ညီမှုရှိမည့် ရေဆိုင်ရာမူဝါဒ၊ မူဘောင်နှင့် ညွှန်ကြားချက်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် သက်ဆိုင်သူအားလုံးက မိမိတို့ကဏ္ဍအလိုက် အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် အနာဂတ်မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေမည့် အကြံဉာဏ်ကောင်းများ ရရှိရန်အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန်အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ပေါ်ပေါက်လာပုံ၊ ကော်မတီ၏ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျွမ်းကျင်သူပညာရှင်များအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်နီနီသိန်းက ကျွမ်းကျင်သူပညာရှင်များအဖွဲ့ ဖွဲ့စည်းပုံ၊ လက်ရှိဆောင်ရွက်နေသည့် တာဝန်ဝတ္တရားများ၊ အဖွဲ့မှ ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေများအပေါ် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဧရာဝတီသာမက ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့် မြစ်လမ်းကြောင်းများ ပိုမိုအားကောင်းလာစေရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ပြည့်စုံလုံလောက်စွာ ရရှိရေးအတွက် လိုအပ်သည်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ယှဉ်ကာ ကောင်းမွန်ပြည့်စုံသော နည်းပညာများ၊ အတွေ့အကြုံများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အလားတူ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကျွမ်းကျင်ပညာရှင်များက ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နယ်ပယ်ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမြန်လမ်းမကြီးပေါ် ကိုယ်ပိုင်ယာဉ်တစ်စီးတိမ်းမှောက် နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

တောင်ငူ နိုဝင်ဘာ ၄

မင်္ဂလာဆောင်အပြန် လူငါးဦးပါ ကိုယ်ပိုင်ပရာဒိုကားတစ်စီး ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်သဖြင့် ယာဉ်မောင်းအပါအဝင် နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ မန္တလေးမြို့မှ ရန်ကုန်သို့အပြန် ယာဉ်မောင်း ခင်မောင်ကျော် (၄၄ နှစ်) ကျောင်းတော်ရာ ပွင့်ဖြူမြို့နယ် မောင်းနှင်လာသော ကိုယ်ပိုင်ပရာဒိုကား အမှတ် ၃ဃ/--- သည် နိုဝင်ဘာ ၄ ရက် နံနက် ၅ နာရီက အမြန်လမ်းမကြီး အုတ်တွင်းမြို့နယ် မိုင်တိုင်အမှတ် (၁၂၀/၂နှင့် ၁၂၀/၃) အကြားအရောက် ယာဉ်မောင်း

အိပ်ငိုက်ရာမှ လမ်းလယ်ရှိကွန်ကရစ်ကျွန်းတိုင်များကို တိုက်မိပြီး ယာဉ်တိမ်းမှောက်သွားသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ခင်မောင်ကျော်၊ ဦးဇော်လွင်၊ ဒေါ်ထွေးယုံ၊ ဒေါ်သိန်းသိန်းနှင့် မဖူးပွင့်သက်တို့သည် ပြင်းထန်စွာ ဒဏ်ရာများရရှိကာ ဖြူးပြည်သူ့ဆေးရုံကြီး အရောက်တွင် ယာဉ်မောင်း ခင်မောင်ကျော်နှင့် ဦးဇော်လွင်တို့နှစ်ဦးသည် ဒဏ်ရာများဖြင့်သေဆုံးသွားကြပြီး ကျန်လူနာများကို ရန်ကုန်မြို့သို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

အရေးယူထား

ယာဉ်တိမ်းမှောက်မှုသတင်းရလျှင်ရချင်း အမြန်လမ်းမကြီး ၁၁၅ မိုင်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းမှ လူနာတင်ယာဉ်တစ်စီးနှင့် တာဝန်ခံ ဒေါ်သန်းသန်းမြင့်နှင့် အဖွဲ့၊ ၁၂၂ မိုင်ရှိ အာရောဂျံခြံမှ ဦးကိုကိုကြီးနှင့် ကုသိုလ်ဖြစ် လူနာတင်ယာဉ်တစ်စီးနှင့် ဗောဓိကုန်းရဲစခန်းမှ လူနာတင်ယာဉ်တစ်စီးတို့ ရောက်ရှိကြပြီး လူနာများကို ဖြူးဆေးရုံကြီးသို့ တင်ပို့ခဲ့ကြသည်။ အမှုကို အမြန်လမ်းမကြီး ဗောဓိကုန်းရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

လားရှိုး၌ မီးလောင်မှုဖြစ်ပွား

လားရှိုး နိုဝင်ဘာ ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီ ၃၉ မိနစ်တွင် ရပ်ကွက်(၅) နယ်မြေ(၂) အိမ်အမှတ်(၄၂၅) ဒေါ်အောင်ပေါင်း၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ နေအိမ်ရှိ အဝတ်လျှော်စက်အပူလွန်ကဲရာမှ ရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းကာသစ်သားနံရံကို မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ပေ ၂၀ ပတ်လည်ရှိ အုတ်ကြွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာအိမ်အပေါ်ထပ် (ထပ်ခိုး)အား မီးလောင်ဆုံးရှုံးခဲ့သည်။ ၎င်းမီးလောင်ရာနေရာသို့ သန္ဓေမီးသတ် ၁၆ ဦး၊ အရန်မီးသတ် ၂၀ ဦး၊ သန္ဓေမီးသတ်ယာဉ် ငါးစီး၊ အရန်မီးသတ်ယာဉ်တစ်စီးတို့ဖြင့် အခြားနေအိမ်များသို့ မကူးစက်အောင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ခန့် ဖြစ်ပြီး မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်အောင်ပေါင်းအား လားရှိုးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ဟန်ဌေး(iprd)

သြစတြေးလျနေသဟာယနိုင်ငံ

ဘုရင်ခံချုပ်နှင့် ခင်ပွန်း ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်း ဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာ မိုက်ကယ် ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**(အောက်ပုံ)**၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး Ms. Bronte Nadine Moules၊ သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်းနှင့်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးနှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူလေးများက လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဘေး ဝဲ၊ ယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရေကြီးမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ

ယာယီပြောင်းရွှေ့ခဲ့သူများ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်နှင့်၂၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌ ချောင်းရေများတက်ခြင်း၊ လမ်းမများပေါ် ရေကျော်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးမှုဖြစ်ပွားရာတွင် တပ်ကုန်းမြို့နယ်၌ ဆင်သေချောင်းနှင့် နဝင်းချောင်းတို့တွင် ရေမြင့်တက်လာခဲ့မှုကြောင့် ကွင်းအမှတ် ၁၄၅၂နှင့် ၁၄၅၈ တို့တွင် လယ် ၉၂ ဧကနှင့် ယာ ၃၇ ဒသမ ၅ ဧကတို့တွင် ရေသုံးပေအမြင့်ထိ ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် လူမှုရေးအဖွဲ့များက သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် ရေကျဆင်းသွားသဖြင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ်၌ သစ်တပ်ကျေးရွာအုပ်စု သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံ မီးပွိုင့်တွင် နရဘန်ချောင်းရေလျှံတက်မှုကြောင့် လမ်းအရှည်ပေ ၃၀၀ ခန့်တွင် ရေဖြတ်ကျော်ခဲ့ခြင်း၊ စည်ပင်ကြီးကျေးရွာရှိ အိမ်ခြေ ၄၀၀ ခန့်တို့မှာ ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ကျေးရွာများအတွင်း ရေသုံးပေအမြင့်ထိ ရေဝင်ရောက်ခဲ့သည့်အတွက် အိမ်ခြေ ၁၀၀ ရှိ မိသားစုဝင်များအား ရေလွတ်သည့် ကုန်းမြင့်တည်ရှိရာ ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ ကျွဲ/နွား တိရစ္ဆာန်များကို ကျည်တောင်ကျေးရွာနှင့် ခါမကျေးရွာများသို့ လည်းကောင်း၊ စည်ပင်ကျေးရွာတွင် နေအိမ် ၃၀ ခန့်အား ရေလွတ်ရာ ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် လူမှုရေးအဖွဲ့များသည် ရေကြီးနစ်မြုပ်သည့်နေရာများသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများကို အားပေးစကားပြောကြားပြီး ဆန် ၈၉ အိတ်၊ ဆီပိဿာ ၆၀၊ ရေသန့် ၄၁၄ ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀နှင့် စားသောက်ကုန်နှင့် အဝတ်အထည်ပစ္စည်း ၂၁ မျိုးနှင့် ငွေကျပ် ၁၃ သိန်းခွဲတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။ ရေဘေးသင့် ပြည်သူများသည် အောက်တိုဘာ ၃၁ ရက်တွင် ရေကျဆင်းသွားသဖြင့် သက်ဆိုင်ရာ ကျေးရွာများသို့ ပြန်လည်ရောက်ရှိနေထိုင်ပြီးဖြစ်သည်။

ပျဉ်းမနားမြို့နယ်၌ ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာတွင် ဇီးဖြူပင်ရွာမြောက်ပိုင်း ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများအတွင်း ရေနှစ်ပေနှင့် ခြောက်လက်မ အမြင့်အထိ ရေဝင်ရောက်ခဲ့မှုကြောင့် လူနေအိမ် ၄၃ လုံးနှင့် ပေါင်းလောင်းမြစ်အနောက်ဘက်ကမ်းရှိ လူနေအိမ် ၂၆ လုံးတို့မှ လူဦးရေ ၁၃၀ တို့ကို ရေလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကူးတို့ဆိပ်ကျေးရွာအုပ်စု အင်းသာကျေးရွာ၊ ကြို့တန်းကျေးရွာ၊ သာယာစုကျေးရွာများတွင် ရေဝင်ရောက်ခဲ့မှုကြောင့် အိမ်ထောင်စု ၃၃၅ စု၊ လူဦးရေ ၁၄၆၅ ဦးနှင့် ဇီးဖြူပင်ကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာရှိ အိမ်ထောင်စု ၄၁ စုနှင့် လူဦးရေ ၁၅၈ ဦးအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ကူးတို့ဆိပ်ကျေးရွာအုပ်စုနှင့် ဇီးဖြူပင်ကျေးရွာအုပ်စုတို့တွင် လယ်ယာမြေ ဧက ၁၆၀၀ ခန့်တွင် လည်းကောင်း၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း (၁)ရပ်ကွက်ရှိ အိမ်ခြေ ၁၃၀ ခန့်တွင် ရေဝင်ရောက်ခဲ့သည်။ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် လူမှုရေးအသင်းအဖွဲ့များသည် ရေကြီးနစ်မြုပ်သည့်နေရာများသို့ သွားရောက်၍ ဆန် ၈၂ အိတ်၊ ဆီ ၇၅ ပိဿာ၊ ရေသန့်ပါကင် ၃၀၀၊ ခေါက်ဆွဲခြောက် ငါးဖာ၊ ငွေ ၁၁ သိန်းနှင့် အခြားစားသောက်ကုန်ပစ္စည်းရှစ်မျိုးတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။ ရေဘေးသင့်ပြည်သူများသည် နိုဝင်ဘာ ၁ ရက်တွင် ရေများကျဆင်းသွားသဖြင့် သက်ဆိုင်ရာကျေးရွာများတွင် ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။

လယ်ဝေးမြို့နယ်၌ သစ်ကြိမ်းကျေးရွာအုပ်စု ဟေမန်ကျေးရွာတွင် စစ်တောင်းမြစ်နှင့် မဲဟော်ချောင်းတို့ ရေများလျှံတက်လာမှုကြောင့် ကျေးရွာများအတွင်း ရေသုံးပေအမြင့်ထိ မြင့်တက်ခဲ့ပြီး အိမ်ထောင်စု ၁၂၄ စု၊ လူဦးရေ ၅၆၆ ဦးနှင့် ကျွဲ၊နွားများအား ဗောဓိကုန်းကျေးရွာရှိ ဗောဓိကုန်း ဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့ နေရာချထားပေးခြင်း၊ ရေကာကျေးရွာအုပ်စု သဖန်းပင်ကျေးရွာတွင် မြစ်ရေလျှံတက်မှုကြောင့် မြေနိမ့်ပိုင်းရှိ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၆၉ ဦးအားလည်းကောင်း ရေလွတ်ရာနေရာသို့ ယာယီပြောင်းရွှေ့ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် လူမှုရေးအဖွဲ့များနှင့်အတူ ရေကြီးနစ်မြုပ်သည့် နေရာများသို့ သွားရောက်၍ ဆန် ၄၃ အိတ်၊ ဆီ ၄၈ ပိဿာ၊ ခေါက်ဆွဲခြောက် အထုပ် ၂၀၀၀ ၊ ရေသန့်ဘူး ၃၀၀၀ နှင့် အခြားစားသောက်ကုန်ပစ္စည်း ငါးမျိုးနှင့် ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။ ရေဘေးသင့်ပြည်သူများသည် အောက်တိုဘာ ၃၁ ရက်တွင် ရေကျဆင်းသွားသဖြင့် သက်ဆိုင်ရာကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် နှစ်စဉ်မိုးရာသီ၌ ချောင်းများမှ ရေလျှံတက်မှုများ ကြုံတွေ့နေရသဖြင့် ချောင်းဘေးဝဲ၊ ယာရှိ မြေနိမ့်သောကျေးရွာများကို ရေဘေးလွတ်သည့် ကုန်းမြင့်နေရာများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ကြိုတင် သတ်မှတ်ပြောင်းရွှေ့ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးများက ကြီးကြပ်၍ သက်ဆိုင်ရာကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည် **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❀ *ကျောဖုံးမှ*

နှစ် ၆၀ အကြာတွင် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ ပထမဦးဆုံးအကြိမ်အဖြစ် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ တစ်ချိန်တည်းတွင် တွေ့ဆုံသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ လက်နက်ကိုင်တိုင်းရင်းသားများနှင့် အစိုးရတို့အကြား ထပ်တူကျသည့် သဘောထားမှာ ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့်သာ ဆွေးနွေးညှိနှိုင်း အဖြေရှာစေလိုခြင်းဖြစ်ပါကြောင်း၊ အဖွဲ့ပေါင်းများစွာဖြင့် တစ်ပြိုင်တည်း စကားပြောပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်မှာ အခက်အခဲများ ရှိပါကြောင်း။

သို့သော်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအပေါ် အခြေခံသည့် အဖြေရှာမှုမျိုးကို လက်ခံခဲ့သည့်အတွက် နိုင်ငံရေးဆွေးနွေးပွဲသို့ မရောက်ရောက်အောင် သွားကြရန် ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးပွဲမှ ရလဒ်ကောင်းများ ထွက်ပေါ်လာပြီး ရှေ့ဆက်၍ ငြိမ်းချမ်းရေးဖြစ်စဉ်များ အားကောင်း၍ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ Framework for Political Dialogue ဆိုသည့် ဆွေးနွေးပွဲမူဘောင်ကို အစိုးရက လက်ဦးမှုရယူပြီး ရေးဆွဲမည်မဟုတ်ဘဲ ဆွေးနွေးပွဲမူဘောင်ကို ရေးဆွဲသည့် အခါ အစိုးရအပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအဓိကကျသည့် နိုင်ငံရေးအင်အားစုများလည်း ပါဝင်ရမည်ဖြစ်ပါကြောင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၏ အသံများကိုလည်းနားထောင် သွားရမည်ဖြစ်ပြီး အဓိကအင်အားစုများ လက်ခံသည့် မူဘောင်တစ်ခု အပေါ် အခြေခံ၍ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားရမည်ဖြစ်ပါ ကြောင်းဖြင့် ဆက်လက်ပြောကြားခဲ့သည်။

အလားတူ ဒုတိယဥက္ကဋ္ဌပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က မိမိတို့အဖွဲ့သည် နိုင်ငံတော်သမ္မတကိုယ်တိုင်ဖွဲ့စည်း စေလွှတ်လိုက်သည့်အဖွဲ့ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာတွင် လိုင်ဇာအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းကို ဖော်ပြထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကလည်း တိုင်းရင်းသားခေါင်းဆောင်များအားလုံးနှင့် ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ပါစေကြောင်းကို ဆုတောင်းစကားပါးလိုက်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကကလည်း လက်ရှိကာလသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အဓိကဖြစ်သော ပြည်ထောင်စုအတွင်း စစ်မှန်သော ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံသားများ၊ ကမ္ဘာ့နိုင်ငံအသီးသီး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်း လိုလားအားပေးကူညီသော အချိန်ဖြစ်ပါကြောင်း၊ လွှတ်တော်များကလည်း တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီကို ဖွဲ့စည်းပြီး လွှတ်တော်များ ကျင်းပစဉ်ကပင် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံသားများ၏မူလအခွင့် အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီကိုလည်း ဖွဲ့စည်းထားပြီး သက်ဆိုင်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အထောက်အကူပြုမည့် တိုင်းရင်းသားကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာရေးကော်မတီဖွဲ့စည်း၍ လေ့လာသုံးသပ်လျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း နှုတ်ခွန်းဆက်ပြောကြားလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးဆိုင်ရာမိန့်ခွန်းများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဆိုင်ရာသဘောထားများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စားပွဲဝိုင်းတွင် ယခုလိုတွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကလည်း ယင်းသို့ပင် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပေးအပ်သည့်တာဝန်များကို တိတိကျကျဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယင်းကို သံသယမရှိစေလိုပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် တစ်ပြည်လုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးအရ ဆွေးနွေးရန်အတွက် မူဘောင်တစ်ခုချမှတ်ရေး၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၊ ပြည်သူ၊ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တို့ကို ကိုယ်စားပြုပါကြောင်း၊ ယခုဆိုလျှင် အပစ်အခတ်ရပ်စဲရေးမှာ အထိုက်အလျောက် ခရီးရောက်ပြီဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အများပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မျှော်မှန်းထားသည့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အတူ ကရင်အမျိုးသားအစည်းအရုံးမှ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးက ယခုတိုင်းရင်းသားအဖွဲ့များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအဖွဲ့မှ တာဝန်ရှိသူများကို စုံစုံညီညီတွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ KNU အနေဖြင့် အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို လက်ခံခဲ့ပါကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူ့အသက်ပေါင်းများစွာနှင့်အိုးအိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါကြောင်း၊ သို့ဖြစ်၍ KNU (၁၅) ကြိမ်မြောက် ညီလာခံတွင် ပဋိပက္ခများကို စစ်မြေပြင်တွင် မည်သို့မျှ ဖြေရှင်း၍မရနိုင်ကြောင်းကို ဆုံးဖြတ်ခဲ့ပါကြောင်း၊ စားပွဲဝိုင်းပေါ်တွင်သာ နိုင်ငံရေးနည်းအရ ဖြေရှင်းကြရန် KNU အနေဖြင့် ဆန္ဒရှိပါကြောင်း၊ သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံစဉ်ကလည်း မိမိတို့၏သဘောထားကို ထုတ်ဖော်ပြောကြားခဲ့ပါကြောင်း၊ KNU အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် မရိုးသားသော စိတ်ထားများ မရှိခဲ့ပါကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် KNU အနေဖြင့် ဆွေးနွေးမှုများ ထပ်မံဆောင်ရွက်လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များက အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသား လက်နက်ကိုင်များအဖွဲ့မှ ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီမှ ဦးနိုင်ဟံသာ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှ ဦးခွန်ဥက္ကာနှင့် KIO မှ ဗိုလ်ချုပ်ဂွမ်မော်တို့က လိုင်ဇာကွန်ဖရင့်သဘောတူညီချက်များကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးတို့က ဆွေးနွေးချက်အပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲသည် ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လိုလားတောင့်တနေကြသည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေး ရရှိရေးတို့အတွက် အရေးကြီးသည့်ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်

ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဆင်တက်မော်တောင်ကြား၌ အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိမှုမှစတင်၍ ဆင်တက်မော်ကျေးရွာနှင့် ဆင်တက်မော်(အထက်) ကျေးရွာနှစ်ခုအကြား လူစုလူဝေးဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းလူစုလူဝေးမှမကြာမီ လူအုပ်ကြီးအထိဖြစ်ပေါ်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလိုလားအပ်သောဖြစ်စဉ်များမဖြစ်ပေါ်စေရေး ထိန်းသိမ်းလူစုခွဲစေခဲ့ရာ လိုက်နာမှုမရှိ၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သတိပေးပစ်ခတ်ပြီး လူစုခွဲခဲ့ရကြောင်း၊ ထို့နောက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် ဆင်အိုင်ကျေးရွာမှ အမျိုးသမီးငါးဦးခန့်သည် မြစ်ကမ်းစပ်မှ ဂုံးရှာပြီး ပြန်လာစဉ် ဂုံးပေါ်ကွင်းနေရာသို့အရောက် အဆိုပါဖြစ်စဉ်မှ လူစုကွဲလာသော အုပ်စုနှင့်တွေ့ပြီး ရန်းရင်းဆန်ခတ်မှုများ ထပ်မံဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းခဲ့ရကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်က လူစုလူဝေးနှင့်ရုန်းရင်းဆန်ခတ်မှုနှစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး လူလေးဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား အချိန်မီကုသနိုင်ရေးအတွက် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား စိစစ်ဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်စီးပွားရေးတိုးတက်မှုအတွက် စက်မှုလက်မှုကဏ္ဍသည် အနာဂတ်မြန်မာနိုင်ငံအတွက် ပိုမိုအရေးကြီးလာမှာသေချာ

တွေ့ဆုံမေးမြန်း
ခင်ချိုဝင်း(သတင်းစဉ်)

မျက်မှောက်ကာလတွင် ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းတို့နှင့်စပ်လျဉ်း၍ နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)ဦးညီလှငယ်အား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းသည်များကို ဖော်ပြလိုက်ပါသည်။

(ယမန်နေ့မှအဆက်)

မေး။ ။ဆရာကြီးအနေနဲ့ ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)မှာ အမျိုးသားအကြံပေးတာဝန် ထမ်းဆောင်နေတယ်လို့ သတင်းမီဒီယာတွေမှာ တွေ့နေရပါတယ်။ ဘယ်အခန်းကဏ္ဍရဲ့ အမျိုးသားအကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ဆောင်ပေးနေသလဲဆိုတာလေး ရှင်းပြပေးစေချင်ပါတယ်ရှင့်။

ဖြေ။ ။ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)မှာ အထူးသဖြင့်တော့ နည်းပညာနဲ့သက်မွေးပညာကဏ္ဍမှာ လိုအပ်သလို ဝင်ရောက်အကြံပေးနေပါတယ်။ ဒါပေမယ့် တက္ကသိုလ်မှာ တစ်သက်လုံးနီးပါး လုပ်လာခဲ့တာဆိုတော့ အဆင့်မြင့်ပညာကဏ္ဍနဲ့ ပိုတောင်အကျွမ်းတဝင်ရှိပါတယ်။ အဲဒီမှာလည်း လိုသလို ဝင်ရောက်အကြံပေးနေပါတယ်။

မေး။ ။လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးခဲ့မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။

ဖြေ။ ။နေပြည်တော်မှာ ၇-၁၀-၂၀၁၃ ရက်နေ့က ကျင်းပခဲ့တဲ့ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲမှာ အရေးအကြီးဆုံးအချက်အနည်းငယ်ကိုရွေးထုတ်ပြီး တင်ပြဆွေးနွေးခဲ့ရပါတယ်။ တင်ပြဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေကတော့ တည်ငြိမ်သော အင်ဂျင်နီယာ/နည်းပညာဆိုင်ရာ ပညာရေးစနစ်တစ်ခု လိုအပ်ပုံ၊ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ မူဘောင် (National Qualification Framework-NQF) အမြန်ရေးဆွဲသတ်မှတ်ရန် လိုအပ်ပုံနဲ့၊ နိုင်ငံတကာတက္ကသိုလ်များရဲ့ လုပ်ထုံးများကို လေ့လာပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များဆိုင်ရာ လက်ရှိစနစ်အချို့ကို ပြုပြင်သင့်ပုံတို့ ဖြစ်ပါတယ်။ အနည်းငယ်ချဲ့ပြောရရင်တော့ အင်ဂျင်နီယာ/နည်းပညာဆိုင်ရာပညာရေးစနစ်ဟာ မကြာခဏ ပြောင်းလဲလျက်ရှိနေတဲ့အကြောင်း၊ ၁၉၉၇ ခုနှစ်မတိုင်မီ ပညာရေးဝန်ကြီးဌာနအောက် မှာစနစ်တစ်မျိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရောက်ပြီး (၂၀၀၀-၂၀၁၀)ခုနှစ်မှာ ကျင့်သုံးခဲ့တဲ့ ပညာရေးစနစ်ကတစ်မျိုး၊ ၂၀၁၂ ခုနှစ် လက်ရှိအစိုးရလက်ထက်မှာ ယခင်စနစ်ကို ပြုပြင်ထားတဲ့ စနစ်သစ်တစ်မျိုး၊ ယခု ၂၀၁၃ ခုနှစ်မှာ တစ်ခါ နောက်စနစ်သစ်တစ်မျိုးဆိုပြီး ပြုပြင်ပြောင်းလဲနေတဲ့အတွက် ကျောင်းသား ကျောင်းသူတွေနဲ့ မိဘပြည်သူတွေရော၊ အင်ဂျင်နီယာနဲ့ နည်းပညာကျွမ်းကျင်သူလောကမှာပါ တည်ငြိမ်မှုမရှိဘဲ စိတ်သောကဖြစ်နေတဲ့အကြောင်း၊ ဒါကြောင့်တည်ငြိမ်မှုရှိတဲ့ စနစ်တစ်ခုကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များသာမက ဝန်ထမ်းမဟုတ်တဲ့ အင်ဂျင်နီယာပညာရှင်တွေနဲ့ပါ တိုင်ပင်ဆွေးနွေးပြီး ချမှတ်ကျင့်သုံးသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

ပြီးတော့ မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာမူဘောင် (National Qualification Framework-NQF) ကို အမြန်ရေးဆွဲသင့်ကြောင်း၊ ၂၀၁၅ မတိုင်မီ အပြီးရေးဆွဲရန်လိုကြောင်း၊ ASEAN Qualification Framework-AQF နှင့် ချိန်ထိုးပြီးရေးဆွဲရမှာဖြစ်ကြောင်း၊ အဲဒီမှာ နိုင်ငံအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုမှု (Mutual Recognition) နဲ့ နှိုင်းယှဉ်နိုင်မှု (Comparability)အတွက် လိုအပ်တဲ့ လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ ဒီလိုပြုလုပ်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း လုပ်သားများ ရွှေ့ပြောင်းအလုပ်လုပ်နိုင်မှု (Worker Mobility)နဲ့ ကျောင်းသားများ ရွှေ့ပြောင်းပညာသင်ယူနိုင်မှု (Student Mobility)အတွက် အထောက်အကူပြုဖြစ်စေမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

နောက်မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေရဲ့ အုပ်ချုပ်မှုပုံစံ၊ လုပ်ထုံးလုပ်နည်းတွေဟာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ခေတ်နောက်ကျပြီး လျင်မြန်စွာတိုးတက်မှုကို အနှောင့်အယှက်ဖြစ်နေကြောင်း၊ အဲဒါတွေက နိုင်ငံခြားပညာသင်စေလွှတ်နေပုံနဲ့၊ MoU ထိုးရာ၌ ကြန့်ကြာမှုဖြစ်နေပုံ၊ တက္ကသိုလ်ဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေရေးနဲ့ တက္ကသိုလ်တွေကို လွတ်လပ်စွာအသုံးပြုခွင့်ပေးဖို့၊ ရန်ပုံငွေရှိရင် သုတေသနလုပ်ရာမှာ ချောမွေ့နိုင်ခြင်း၊ အသေးစားပစ္စည်း ဝယ်ယူဖြည့်ဆည်းနိုင်ခြင်း၊ ဆရာ ဆရာမနဲ့ အခြားဝန်ထမ်းတွေကို အပိုဝင်ငွေရရှိစေနိုင်ခြင်း၊ ဘတ်ဂျက်ငွေနဲ့ သုံးစွဲဖို့ခက်ခဲတဲ့ကိစ္စတွေမှာ အလွယ်တကူဝင်ရောက်ဖြေရှင်းပေးနိုင်ခြင်း စတဲ့အကျိုးကျေးဇူးများရနိုင်ကြောင်း၊ တက္ကသိုလ်များအတွက် အစိုးရဘတ်ဂျက်ချပေးပုံနှင့် သုံးစွဲပုံကို ပြင်ပေးသင့်ကြောင်း၊ One-line budget(or) Block budget ချပေးနိုင်ပါက စီမံကိန်းများကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်ကြောင်း၊ တက္ကသိုလ်များကို Comprehensive University ဖြစ်အောင် ကြိုးစားနေခြင်းနှင့် တက္ကသိုလ်များအားလုံးကို ပညာရေးဝန်ကြီးဌာနအောက်သို့ ပူးပေါင်းခြင်း၏ အကျိုးနှင့်အပြစ်ကို သေချာစွာဆန်းစစ်ဝေဖန်ပြီးမှ လုပ်သင့်သည်ကိုသာ ရေတို-ရေရှည်အဆင့်ဆင့် ခွဲခြားဆောင်ရွက်သင့်ကြောင်း၊ အလျင်စလိုလုပ်လျှင် မှားသွားနိုင်ကြောင်း၊ တက္ကသိုလ်များကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် Autonomy ပိုပေးသင့်ကြောင်း၊ သို့သော် တက္ကသိုလ်တစ်ခုနှင့် တစ်ခုချင်းအလိုက် အခြေအနေမတူနိုင်သဖြင့် မည့်သည့်အတိုင်းအတာဖြင့်စတင်ပြီး ရေရှည်တွင် မည်သည့်အတိုင်းအတာထိ တိုးသွားသင့်သည်ကို စဉ်းစားရေးဆွဲသင့်ကြောင်း။

တက္ကသိုလ်၏ အဆင့်ဆင့်သောအကြီးအကဲ (ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မဟာဌာနမှူး၊ ဌာနမှူး) များကို မည်သည့်စနစ်ဖြင့် ရွေးချယ်တာဝန်ပေးမည်နည်း။ မည်သည့်အဆင့်ကို မဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး (Election)၊ မည်သည့်အဆင့်ကို ရွေးချယ်တာဝန်ပေးမည်နည်း (Nomination)၊ တာဝန်ကာလ(သက်တမ်း)မည်မျှနည်း၊ သုံးနှစ်လား၊ လေးနှစ်လား စသည်တို့ကို စဉ်းစားသင့်ကြောင်း၊ ပါမောက္ခများ၏ အဓိကတာဝန်မှာ သုတေသနလုပ်ရန်ဖြစ်ပြီး ပါမောက္ခများက ပါမောက္ခချုပ် စသည့် အုပ်ချုပ်ရေးတာဝန်များလုပ်နေခြင်းသည် ကာလတိုတာဝန်ထမ်းဆောင်ခြင်းသာ ဖြစ်သင့်ကြောင်း၊ နိုင်ငံခြားလွှတ် ပညာသင်ပေးထားခြင်းသည် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်ရန်အတွက် မဟုတ်ကြောင်း၊ အထက်ဖော်ပြပါ အကြံပြုချက်များသည် အချိန်နှင့် ငွေကြေးကုန်ကျမှုမရှိသလောက်ဖြင့် တက္ကသိုလ်ပညာရေးကို သိသိသာသာမြှင့်တင်ပေးနိုင်မည့်စနစ်နှင့် လုပ်ထုံးလုပ်နည်းပြုပြင်မှုများသာဖြစ်သဖြင့် လုပ်နိုင်သလောက်ကို မြန်မြန်လုပ်ခြင်းဖြင့် အကျိုးများမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

မေး။ ။နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ အင်ဂျင်နီယာနည်းပညာအခန်းကဏ္ဍရဲ့ အရေးပါမှုအကြောင်းနဲ့ပတ်သက်ပြီး နည်းနည်းလောက် ဆွေးနွေးပေးစေလိုပါတယ်။

ဖြေ။ ။နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာနည်းပညာကျွမ်းကျင်သူ (Technician) တွေ မရှိမဖြစ် အလွန်အရေးကြီးတဲ့နေရာက တိုက်ရိုက်ပါဝင်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် စက်မှုလက်မှုကဏ္ဍရဲ့ ပါဝင်မှုဟာ နိုင်ငံကိုလိုက်ပြီး အရေးပါမှုအတိုင်းအတာ ကွာခြားသော်လည်း အနာဂတ်မြန်မာနိုင်ငံအတွက် ပိုမို၍အရေးကြီးလာမှာသေချာပါတယ်။ စက်မှုလက်မှုကဏ္ဍမှာ အဓိကပါဝင်ကြရမယ့်သူများက အင်ဂျင်နီယာနဲ့ နည်းပညာကျွမ်းကျင်သူ(Technician)များ၊ လေ့ကျင့်ထားသော အလုပ်သမားများ (Skilled Workers) အများစုဖြစ်ကြပါတယ်။ ဒါ့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာသာမက နိုင်ငံတစ်နိုင်ငံရဲ့ အထွေထွေခေတ်မီလာမှုအပိုင်းအတွက်လည်း အဆိုပါ အတတ်ပညာရှင်များဟာ အရေးကြီးတဲ့နေရာမှာ ပါဝင်နေကြရမှာဖြစ်ပါတယ်။ ထို့ကြောင့် အရေးကြီးတာက အရည်အသွေးပြည့်မီတဲ့ အတတ်ပညာရှင်များ မွေးထုတ်ဖို့ဖြစ်ပါတယ်။ အဲဒီအတွက် ပညာရေးကောင်းမွန်ဖို့ အလွန်အရေးကြီးပါတယ်။

မေး။ ။နည်းပညာတက္ကသိုလ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးသင့်တာများရှိရင် အကြံပြုပြောကြားပေးပါရှင့်။

ဖြေ။ ။မိဘပြည်သူတွေအနေနဲ့ ပါဝင်ဆောင်ရွက်နိုင်တာတွေကတော့ တက္ကသိုလ်တွေရဲ့မူဝါဒနဲ့ ဥပဒေများရေးဆွဲရာမှာ အကြံပြုကြခြင်း၊ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အကြံဉာဏ်များ၊ ငွေကြေးပစ္စည်း စသဖြင့် ပါဝင်ကူညီခြင်း၊ ကျောင်းသားများကို လက်တွေ့ Training ပေးရာတွင် သက်ဆိုင်ရာ ဆက်စပ်စက်ရုံ၊ အလုပ်ရုံဌာနများမှ ကူညီပံ့ပိုးခြင်း၊ တက္ကသိုလ်နဲ့ ပြင်ပစက်ရုံ အလုပ်ရုံဌာနများ ပိုမိုနီးကပ်စွာ သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ မိမိ၏သားသမီးတွေကို ကျောင်းသားကောင်းတွေဖြစ်အောင် သွန်သင်ဆုံးမခြင်း၊ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ပါဝင်အောင် တိုက်တွန်းခြင်း၊ တက္ကသိုလ်ရဲ့ ဖွံ့ဖြိုးရေးကိစ္စတွေမှာ မိဘပြည်သူများက အလျဉ်းသင့်သလို ပါဝင်ကူညီပေးခြင်းစတာတွေကို ကူညီဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပြောကြားလိုပါတယ်။ ။

မြန်မာအမျိုးသမီးဘောလုံးအသင်းကိုအားပေးရန် ဘောလုံးပရိသတ်ကလပ်အသင်းများပြင်ဆင်နေ

မန္တလေး နိုဝင်ဘာ ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အားပေးမည့် Myanmar Football Fans Club သည် မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်း တောင်ဘက်ပွဲကြည့်စင်၌ နိုဝင်ဘာ ၁ ရက်မှစတင်၍ လေ့ကျင့်နေပြီဖြစ်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းကို အားပေးလိုသည့် ဘောလုံးအားကစားဝါသနာရှင်များ ပါဝင်လေ့ကျင့်နိုင်ကြောင်း သိရသည်။

"ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာအမျိုးသမီးဘောလုံးအသင်းကို ပွဲစဉ် တစ်လျှောက် အင်တိုက်အားတိုက် အားပေးနိုင်ရန်အတွက် ကြိုတင်ပြီး စနစ်တကျ စည်းကမ်းတကျ လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ အခုလောလောဆယ် လာရောက်လေ့ကျင့်နေသူ ၁၄၀ ကျော်ရှိပါတယ်။ လေ့ကျင့်သူတွေက မန်ယူ၊ အာဆင်နယ်၊ ချယ်ဆီး၊ လီဗာပူး၊ ရတနာပုံ Fans Club အသင်းတွေဖြစ်ပါတယ်။ မန္တလေးဂျီတီစီကျောင်းသား ကျောင်းသူများ၊ မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင် အရန်မီးသတ်တပ်ဖွဲ့မှ ဘင်ခရာတီးဝိုင်းနဲ့ MVG အသင်းဝင်များ ပါဝင်ပါတယ်။ တေးသီချင်းများကတော့ နိုင်ငံတော်သီချင်း၊ အာရှမြန်မာ၊ ကေဇက်တီရေးသားသည့် တေးသီချင်း လေးပုဒ်ကို ဘင်ခရာတီးဝိုင်းဖြင့် သီဆိုနိုင်ရန် လေ့ကျင့်လျက်ရှိပါတယ်။ လေ့ကျင့်ချိန်တွေကတော့ တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ၊ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီခွဲမှ ၆ နာရီခွဲအထိ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီး ဘောလုံးအသင်းကို အားပေးသူများအနေဖြင့် လာရောက်လေ့ကျင့်ရန် ဖိတ်ခေါ်ပါတယ်"ဟု ကိုကျော်ဇင်သက်ကပြောပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၀၂၇၀၄၀၁၅၊ ၀၉-၄၃၁၄၅၆၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြန်မာအမျိုးသမီးဘောလုံးအသင်းကို အားပေးရန်အတွက် ဘင်ခရာတီးဝိုင်းဖြင့်သီဆိုရန် လေ့ကျင့်နေစဉ်။

လမ်းမပေါ် ဈေးရောင်းခွင့်မပြု

ဖန်းမော် နိုဝင်ဘာ ၄

ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ် ဧရာဝတီမြစ်ဆိပ်ကမ်းအနီး တောင်မြောက်ကမ်းနားလမ်းမပေါ်တွင် ဈေးရောင်းကြ၍ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ မောင်းနှင်သွားလာမှုခက်ခဲခြင်း၊ ယာဉ်အန္တရာယ် မကြာခဏဖြစ်ခြင်း၊ ရှုပ်ပြေးရေယာဉ်စီးခရီးသည်များ ဝင်/ထွက် သွားလာမှုခက်ခဲခြင်း၊ နိုင်ငံခြားသားများ ရေယာဉ်ဖြင့် ဝင်ထွက်သွားလာသောနေရာဖြစ်ခြင်း၊ ပတ်ဝန်းကျင်ညစ်နွမ်းစေခြင်းတို့ကြောင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်၊ ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ နိုဝင်ဘာ ၁ ရက်မှစ၍ မြို့မရပ်ကွက် ကမ်းနားလမ်းမပေါ်တွင် မိုးမလင်းဈေးသတ်မှတ်ချိန်မှအပ မည်သည့်ဈေးသည်မှ ရောင်းချခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတိပေးကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ယခုအခါ ကမ်းနားလမ်းမပေါ်တွင် ဈေးရောင်းသူများဈေးရောင်းချခြင်းမရှိသဖြင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ လွတ်လပ်စွာ မောင်းနှင်သွားလာနိုင်ကြပြီး မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ကြပြီဖြစ်၍ ပြည်သူများက ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ **ဆီမီးခုံ-နန်းရီ**

စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မကွေး နိုဝင်ဘာ ၄

မြို့နယ်စာရေးဆရာအသင်း(မကွေး)နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ထွေ/အုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌဦးဝင်းမြင့်(မကွေးဝင်းမြင့်)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမင်းကျော်ဇော(တိုင်းရင်းဆေး)က ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးမှူး ဦးဝင်းသက်ခိုင်က တစ်နှစ်တာအတွင်း ရ/သုံးငွေစာရင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော စာရေးဆရာများက အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

တင်ထွန်းဦး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေးသူငယ်များအခွင့်အရေး ဝိုင်းဝန်းဖော်ဆောင်ပေး

သတင်း-ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်

မြန်မာနိုင်ငံတွင် ၂၀၀၆-၂၀၁၅ ခုနှစ် ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်၌ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်၊ ကလေးများလိုက်ဖက်သော ကမ္ဘာ့ကြေညာချက်ပါ လုပ်ငန်းစဉ်များပေါ် အခြေခံ၍ ကျန်းမာရေးနှင့်အာဟာရ (Health and Nutrition)၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (Water and Sanitation)၊ ပညာရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးရေး (Education and Early Childhood Care and Development) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (Child Protection) စသည့် ကဏ္ဍလေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အသက် ၁၆ နှစ်မပြည့်သေးလျှင် ကလေးသူငယ်ဟု သတ်မှတ်သည်။ ယနေ့အချိန်အခါတွင် ထိုကလေးသူငယ်များအား လူကုန်ကူးခံရခြင်း၊ အဓမ္မကျင့်ခံရခြင်း၊ စားသောက်ဆိုင်များတွင် အခိုင်းအစေခံနေရခြင်း၊ ကျောင်းနေရွယ်များဖြစ်သော်လည်း လမ်းဘေးတွင် တောင်းရမ်း စေခိုင်းခြင်းများကို တွေ့မြင်နေရသည်မှာ ကလေးသူငယ်အခွင့်အရေးများကို မသိနားမလည်၍ ဖြစ်ကြောင်း သိရှိရသည်။

NGO အဖွဲ့အစည်းတစ်ခု ဖြစ်သော Save the Children အဖွဲ့က

Save the Children မှ တာဝန်ရှိသူ ဒေါ်နီနီလှအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းစဉ်။

ကြီးမှူး၍ ကလေးသူငယ် အခွင့်အရေးများနှင့် ကလေးသူငယ် ဥပဒေဆိုင်ရာများကို မိဘပြည်သူများ အပြည့်အဝ နားလည်လာစေရန်၊ ကလေးသူငယ် အခွင့်အရေးနှင့် ကလေးဥပဒေများနှင့်အညီ မီဒီယာလုပ်ငန်းတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်း ကလေးများ၏ အခွင့်အရေးများကို ပိုမိုဖြည့်ဆည်းလာနိုင်စေရန်နှင့် မီဒီယာလုပ်ငန်းဆောင်ရွက်သူများအကြား အချင်းချင်း ပြန်လည်မျှဝေနိုင်စေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သာဂရမြို့ ဖိုးကျားဆင်စခန်း၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ Skynet Up to Date နှင့် FM မှ သတင်းထောက်များ၊ ပုဂ္ဂလိက နေ့စဉ်သတင်းစာများမှ သတင်းထောက်များ၊ ဂျာနယ်အချို့မှ အယ်ဒီတာများ၊ သတင်းထောက်များနှင့် ကြေးမုံသတင်းစာတိုက်မှ သတင်းထောက်များနှင့်အတူ မြန်မာ့အလင်းသတင်းအဖွဲ့လည်း တက်ရောက်ခဲ့သည်။

Save the Children မှ တာဝန်ရှိသူ ဒေါ်နီနီလှက "ကလေးများရဲ့ အသံကနေ ကလေးတွေကို ကိုယ်စားပြုပြီး ကလေးသူငယ်အခွင့်အရေးတွေ အားလုံးရရှိခံစားနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်တွေက တစ်ဆင့်၊ မီဒီယာတွေကတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ပြည်သူလူထုအတွင်း သိစေချင်ပါတယ်၊ ဒါကြောင့်လည်း အခုလို အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ဆက်လုပ်သွားဖို့လည်းရှိပါတယ်။ ဒါမှ နိုင်ငံအတွင်းရှိ ကလေးသူငယ်များရဲ့ အခွင့်အရေးကို ပိုမို ဖြည့်ဆည်းပေးလာနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် Save the Children Program Manager ဒေါ်စန္ဒာဝင်းက "ကလေးသူငယ် အခွင့်အရေးဟာ ဘာလဲ။ ကလေးတွေအတွက် လုံခြုံမှု၊ ဘေးကင်းမှု စတာတွေပေါ့။ ဥပမာ- အဓမ္မကျင့်ခံရမှု၊ လူကုန်ကူးမှု၊ မတရား ညှဉ်းပန်းနှိပ်စက်မှု စတာတွေ မဖြစ်စေရန် ကာကွယ်ပေးရန်။ ဒီလို Work Shop လုပ်ခြင်းအားဖြင့် ကလေးတွေရဲ့ အခွင့်အရေးတွေကို သိလာမယ်။မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခြင်းဖြင့် ကလေးတွေ အခွင့်အရေးရှိတယ်ဆိုတာ သိလာမယ်။ ဒီကလေးတွေ အခွင့်အရေးတွေသိဖို့က ကျွန်မတို့ Save the Children အဖွဲ့ အနေနဲ့ရော မီဒီယာများအနေနဲ့ပါ ပူးပေါင်းလုပ်ပေးခြင်းအားဖြင့် ကလေးတွေရဲ့ အခွင့်အရေး ဖြည့်ဆည်းပေးတဲ့ သဘောဖြစ်မှာပါ။ အခုချိန်မှာ တာဝန်ရှိသူတွေအနေနဲ့ ကလေးသူငယ်အခွင့်အရေးအတွက် ပိုမိုလုပ်လာတာတွေ့ရပါတယ်"ဟု ပြောသည်။

Save the Children သည် မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစ၍ ပမာဏကြီးမားသော လုပ်ငန်းများ ဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ် အခွင့်အရေးများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရ၊ HIV/AIDS ကာကွယ်တားဆီးရေး၊ အသက်မွေးဝမ်းကျောင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အရေးပေါ် တုံ့ပြန်ရေးနှင့် ဘေးအန္တရာယ်လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းတွင် ရုံးပေါင်း ၂၅ ရုံး၊ ဝန်ထမ်း ၇၅၀ ဖြင့် လုပ်ဆောင်လျက်ရှိရာ မိတ်ဖက်အဖွဲ့အစည်း ၁၅ ဖွဲ့နှင့် လက်တွဲ၍တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၂၃၂ မြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး ကလေးသူငယ် အခွင့်အရေးဆိုသည်မှာ လူတိုင်း၊ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်တာဝန်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

သာခုကန်စက်မှုဇုန်အတွင်း စက်ရုံ ရုံးခန်း၌ မီးလောင်မှုဖြစ်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာခုကန် စက်မှုဇုန် အမှတ် (၁/၂) ကျောက်စိမ်းလမ်း မြန်မာအလူမီနီယမ် စက်ရုံ (၂၀×၄၁) ပေ နှစ်ထပ်အာရ်စီတိုက် အပေါ်ထပ် ရုံးခန်း၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ်က လျှပ်စစ်ရေနွေးအိုး တည်ထားရာမှ ရေခန်းပြီး အပူရှိန်လွန်ကဲကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်သူရ၊ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကြည်ဝင်း ခေါင်းဆောင်၍ သန္ဓေမီးသတ် ၇၈ ဦး၊ အရန်မီးသတ် ၆၇ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ်နှစ်စီး စုစုပေါင်း ၁၇ စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်ကျွမ်းရာတွင် စာရွက်စာတမ်းများ၊ ဗီရိုငါးလုံး၊ ဆိုဖာဆက်တီတစ်စုံ၊ ရေခဲသေတ္တာ တစ်လုံး၊ တီဗွီ သုံးလုံး၊ ကွန်ပျူတာတစ်လုံးတို့ ကူးစက်လောင်ကျွမ်းခံရပြီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ စက်ရုံလုံခြုံရေးမှူး ဦးစန်းဦးကို ရွှေပြည်သာမြို့နယ် လှော်ကားရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ် သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြား မည်သည့်သတင်းဌာနများသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

ကထိန်အလှူတော်မင်္ဂလာ ကုသိုလ်ရယူ သာခုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် ဖိတ်ကြားခြင်း

နိုင်ငံတော်တစ်ဝန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်း ၄၇ ကျောင်း၏ ပဓာနနာယက သက်တော် (၉၁)နှစ် ရှိတော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္ကအမှူးပြုသော မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ မင်္ဂလာဗေယျုံကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာအပါး ၂၀၀ ကျော်တို့အား ကထိန်လျာသင်္ကန်းကပ်လှူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းအစရှိသည့် ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (၁၁-၁၁-၂၀၁၃ ရက်၊ တနင်္လာနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းအား ကြွရောက်ကြည်ညိုကုသိုလ်ရယူ၍ သာခုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကထိန်အလှူရှင်မိသားစု

ဦးစံရွှေအောင်(ညွှန်ကြားရေးမှူးချုပ်) ဇနီးဒေါ်အေးအေးသန်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၄ ရပ်ကွက်၊ F.M.I City (ပဒေသာပင်မြို့တော်)၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၉၉၃၊ ဧရိယာ အလျားပေ ၆၀×အနံ ပေ ၈၀၊ ၀ ဒသမ ၁၁၀ ဧကခန့်ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၄ ရပ်ကွက်၊ F.M.I City (ပဒေသာပင်မြို့တော်)၊ ရွှေနှင်းဆီ ၂ လမ်း၊ အမှတ် J-63 ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံနှင့်တကွ အိမ်သုံးမီတာတစ်လုံး၊ လေအေးပေးစက်ခုနစ်လုံး၊ တယ်လီဖုန်းနှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်သူ ဦးဝင်းလွင် ၁၂/ကမတ(နိုင်)၀၆၄၀၆၇၊ KTHG-၀၀၀၁၂၃ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ဒေါ်ချင်မောင်ရွှေ(ခ)ဒေါ်ရွှေရွှေ ၁၂/ကတတ(ပြ)၀၀၀၂၆၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင် B.A,R.L,Advocate
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၅၂)
တိုက်အမှတ်-၂၆၈၊ အခန်း ၁၊ ၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၅၉၇၂



တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအောင်ကိုကိုဟိန်း ၁၂/မဂဒ(နိုင်)၀၇၀၃၇၆၏ သမီးဖြစ်သူ မပန်းသင်းကြူ(ခ)မအိသန္တာကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအောင်ကိုကိုဟိန်း ၁၂/မဂဒ(နိုင်)၀၇၀၃၇၆၏သား မောင်အောင်ကောင်းမြတ်(ခ)မောင်ကောင်းမြတ်ကိုကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၈၊ မြေကွက်အမှတ် ၅၃၇၊ အမည်ပေါက် ဦးတင်မြင့် ၁၂/မဂဒ(နိုင်)၁၀၀၁၃၁ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဘောနတ်ကြီးကျေးရွာနေ ဦးနေဝင်း-ဒေါ်သိန်းနွဲ့တို့၏ တစ်ဦးတည်းသောသမီး မခိုင်ဇာနေဝင်းသည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ပြည်တွင်းသတင်း

မိုးနှောင်းကောင်း၍ နှမ်းစိုက်တောင်သူများ နှမ်းအထွက်တိုးရန်မျှော်လင့်

မော်လူး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသတွင် မိုးနှောင်းကောင်းသဖြင့် နှမ်းခင်းများအောင်မြင်ဖြစ်ထွန်း၍ နှမ်းအထွက်တိုးမည်ဟု မျှော်မှန်းကာ နှမ်းစိုက်တောင်သူများ ဝမ်းပန်းတသာရှိနေကြကြောင်း သိရသည်။

မော်လူးဒေသတွင် စက်တင်ဘာလက စိုက်ပျိုးခဲ့သော နှမ်းခင်းများ မိုးနှောင်းကာလတွင် ရွာသွန်းသောမိုးကြောင့် နှမ်းပင်များအောင်မြင်ဖြစ်ထွန်းကာ ဒီဇင်ဘာလတွင် ရိတ်သိမ်းနိုင်မည်ဖြစ်သည်။ မော်လူးဒေသတွင် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာရှိပြီး လေးတန်ချောင်း၊ နမီးချောင်း၊ စီးမော်ချောင်း၊ နန့်ဒရန့်ချောင်း၊ နန့်ကဲ့ချောင်းများမှ မိုးတွင်းကာလ ရေကြီးရေလျှံမှုကြောင့် နုန်းများ တင်ကျန်ရစ်သည့် မြေနုကျွန်းများပေါ်တွင် မိုးနှမ်းများကို အများအပြားစိုက်ပျိုးလာကြသည်။ အချို့တောင်သူများမှာ တောင်ယာခင်းများ၊ တောရိုင်းများကို ခုတ်ထွင်ရှင်းလင်းကာ နှမ်းများကို အဓိကထားစိုက်ပျိုးလာကြသည်။ နှမ်းတစ်တင်းလျှင် ပေါက်ဈေးမှာ အနိမ့်ဆုံးငွေကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ အထိရှိကြောင်း၊ ငွေကြိုပေးအဖြစ် နှမ်းပေါက်ဈေးမှာ ငွေ ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အထိ နှမ်းအမျိုးအစားပေါ်မူတည်၍ ဝယ်ယူကြောင်း၊ ယခင်ကဒေသထွက် နှမ်းများကို မြစ်ကြီးနားမှတစ်ဆင့် တရုတ်ပြည် လိုင်ဇာအထိ ပို့ဆောင်သဖြင့် နှမ်းတစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀ ခန့်အထိရောင်းချရကြောင်း၊ ယခုအခါ ကချင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ နှမ်းနှင့်အခြားဒေသထွက် သီးနှံများဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပါက နှမ်းသာမက အခြားဒေသထွက်ကုန်များ၏ ဈေးနှုန်းများပါ ပြန်လည်ကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှုပုံမှန်လည်ပတ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နှမ်းပေါက်ဈေးသည်လျော့နည်းသော်လည်း မိုးနှောင်းကောင်းသဖြင့် နှမ်းအထွက်တိုးမည်ဟုမျှော်မှန်းပြီး နှမ်းစိုက်တောင်သူများ ဝမ်းသာနေကြကြောင်း၊ ယခင်နှစ်များက နှမ်းတစ်ဧကလျှင် တင်း၂၀ ထွက်ရှိသော်လည်း ယခုနှစ်တွင် နှမ်းတစ်ဧကလျှင် တင်း ၃၀ ခန့်အထိထွက်ရှိရန် မျှော်လင့်နေကြကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

နီတိုး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၅၉၀၀-၆၄၅၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၅၅၀၀-၆၄၅၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၈-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၂-၃၁. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၅၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၃၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၃၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၅၀၀-၂၁၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ ဧည့်ဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၁၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၀၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၂၅-၁၁၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၃၀-၅၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

၃၅ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းရွှေတံဆိပ်နှင့် မြန်မာပန်ကြပ်ဆီလတ်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် နိုဝင်ဘာ ၄

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည် ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းမှာ အားကစားနည်းအားလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်းအများစုမှာ ရွှေတံဆိပ်မျှော်မှန်းနိုင်သည့် အနေအထားမျိုးတွင်ရှိသည်။ ကိုယ့်နိုင်ငံ၊ ကိုယ်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ကျင်းပမည့် ပြိုင်ပွဲဖြစ်၍ ရွှေတံဆိပ်ရရှိရန် သေချာသည့် အဖွဲ့များကလည်း ပိုမိုရရှိအောင်၊ မရသေးသည့် အားကစားအဖွဲ့များကလည်း ပထမဆုံးရွှေတံဆိပ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပန်ကြပ်ဆီလတ် အားကစားနည်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်နေကျအားကစားနည်းတစ်ခု ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံတွင်မူ မြန်မာ့သိုင်းကစားနေသည့် ကစားသမားများကို ရွေးချယ်ကာ လေ့ကျင့်ပေးပြီး ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ပြီး ကြေးတံဆိပ်သုံးခုသာ ရရှိခဲ့သည်။ မြန်မာပန်ကြပ်ဆီလတ်အဖွဲ့မှာ ရွှေတံဆိပ်ရယူနိုင်ရေးအတွက် လေ့ကျင့်ပြင်ဆင်မှုအပိုင်းရော နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ပြီး အတွေ့အကြုံရှာမှုအပိုင်းတွင်ပါ ပြည့်စုံနေပြီ ဖြစ်သည်။

မြန်မာပန်ကြပ်ဆီလတ်အဖွဲ့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး လက်ရှိတွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ခုနစ်ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ အရှေ့တောင်အာရှတွင် ပန်ကြပ်ဆီလတ်အားကစားနည်း၌ ထိပ်တန်းအဆင့်ရှိသည့် အင်ဒိုနီးရှားနိုင်ငံမှ နည်းပြသုံးဦးကို ငှားရမ်းလေ့ကျင့်နေသလို အင်ဒိုနီးရှားသို့ သွားရောက်၍လည်းကာလရှည် သွားရောက်လေ့ကျင့်ထားသည်။ အတိုက်ကစားသမားများမှာ ဩဂုတ် ၃ ရက်မှ စက်တင်ဘာ ၃ ရက်အထိတစ်လ၊ သရုပ်ပြကစားသမားများက ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၃ ရက်အထိ နှစ်လကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်ထားသည်။ နိုင်ငံတကာပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာပန်ကြပ်ဆီလတ်အဖွဲ့မှာ အောင်မြင်မှုများရယူနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ချန်ပီယံရှစ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခု၊ ကြေးသုံးခုရရှိခဲ့သည်။ ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် နေပြည်တော်တွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခုကို ကျင်းပခဲ့ပြီး မတ်လအတွင်းက ကျင်းပခဲ့သော လေးနိုင်ငံ ဖိတ်ခေါ်ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် ရွှေ ၁၀ခု၊ ငွေရှစ်ခု၊ ကြေးကိုးခု၊ ဇွန်လအတွင်းက ကျင်းပခဲ့သော ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ်ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် **(အောက်ပုံ)** ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုတို့ ဆွတ်ခူးရရှိခဲ့သည်။

လေ့ကျင့်ပြင်ဆင်မှုအပိုင်း သေချာပြုလုပ်ထားသော မြန်မာပန်ကြပ်ဆီလတ်အဖွဲ့အနေဖြင့် ယခုဆီးဂိမ်းတွင် ရွှေတံဆိပ်မလွတ်နိုင်ဟု ယူဆမိသည်။

မြန်မာဘတ်စကက်ဘော အောင်နိုင်ဆုများမျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၄

လာမည့် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာဘတ်စကက်ဘော အားကစားနည်းအနေဖြင့်လည်း ဆုမျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံ အိမ်ရှင်အဖြစ် ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာဘတ်စကက်ဘော အားကစားသမားများအနေဖြင့်လည်း ဆုတံဆိပ်များ မျှော်မှန်းလေ့ကျင့်နေပါတယ်။ ဒီပြိုင်ပွဲမှာ အမျိုးသားအသင်းနဲ့ အမျိုးသမီးအသင်းနှစ်သင်းစလုံး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ အမျိုးသားအသင်းကို အမေရိကန်နည်းပြနဲ့ လေ့ကျင့်နေပြီး **(ယာပုံ)** အမျိုးသမီးအသင်းကတော့ တရုတ်နည်းပြနဲ့ လေ့ကျင့်နေပါတယ်။ ပြိုင်ပွဲမှာ အထိုက်အလျောက် အောင်မြင်မှုရမယ်လို့ မျှော်လင့်ပါတယ်" ဟု ဦးကျော်ကျော်ဝင်းက ပြောသည်။

"မြန်မာဘတ်စကက်ဘောအနေနဲ့ ပြီးခဲ့တဲ့ဆီးဂိမ်းတွေမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့တာရှိပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ ဖိလစ်ပိုင်နဲ့ မလေးရှားက အရင်တုန်းကတော့ ဘတ်စကက်ဘောမှာ ကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအကောင်းဆုံးပြိုင်ဘက်တွေကို အနိုင်ယူပြီး ရွှေတံဆိပ်ဆုရဖို့ ကြိုးစားနေပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဘတ်စကက်ဘော အားကစားနည်းသည် အမေရိကန်ကလာသော အားကစားနည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘတ်စကက်ဘောအားကစားနည်းသည် ကျွန်းဆွယ်ခေတ်ကတည်းက ရောက်ရှိအမြစ်တွယ်ခဲ့သော အားကစားဖြစ်သည်။ သို့သော်လည်း လူငယ်မျိုးဆက်သစ်များအကြား ဘတ်စကက်ဘောကစားခြင်းမှာ အားနည်းနေဆဲဖြစ်သည်။

ဆီးဂိမ်းတွင် ဘတ်စကက်ဘောပြိုင်ပွဲများကို နေပြည်တော် ဇေယျာသီရိအားကစားရုံ (A)၌ ဒီဇင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာပရိသတ်များအနေဖြင့် အာဆီယံအဆင့်ရှိ ဘတ်စကက်ဘောပြိုင်ပွဲများကို အဆင့်မြင့်မားစွာ ကြည့်ရှုရမည်ဖြစ်သည့်အပြင် မြန်မာဘတ်စကက်ဘော အားကစားသမားများ၏ တိုးတက်လာသော အခြေအနေများကို မျက်ဝါးထင်ထင် ကြည့်ရှုအားပေးနိုင်တော့မည် ဖြစ်ပါသည်။

မောင်ရွှေရိုး

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ် ပွဲစဉ် (၆-၁၁-၂၀၁၂) သီဟ

ချန်ပီယံလိဂ်အုပ်စု အဆင့် ပွဲစဉ်-၄

ရှက်တာဒိုးနက်စ်	-	**လေဗာကူဆင်**	နံနက် ၂း၁၅
ဆိုစီဒက်	-	**မန်ယူ**	နံနက် ၂း၁၅
ဂျူဗင်တပ်စ်	-	ရီးရဲမက်ဒရစ်	နံနက် ၂း၁၅
ကိုပင်ဟေဂင်	-	**ဂါလာတာစာရေး**	နံနက် ၂း၁၅
ပီအက်စ်ဂျီ	-	အန်ဒါလက်ချ်	နံနက် ၂း၁၅
အိုလံပီယာကော့စ်	-	ဘင်ဖီကာ	နံနက် ၂း၁၅
မန်စီးတီး	-	CSKA မော်စကို	နံနက် ၂း၁၅
ပါလ်ဇန်	-	**ဘိုင်ယန်မြူးနစ်**	နံနက် ၂း၁၅

နိုဝင်ဘာ ၃/၄ ဘောလုံးပွဲရလဒ်

ဂီတာဖေး	၀-၁	ဗလင်စီယာ
အက်သလက်တီကို	၂-၀	ဘီလ်ဘာအို
လီဗန်တေး	၀-၁	ဂရန်နာဒါ
မာလာဂါ	၃-၂	ဘက်တစ်
ကာဒစ်ဖ်	၁-၀	ဆွမ်ဆီး
လီဗော်နို	၁-၀	အတ္တလန္တာ
ဗီရိုနာ	၂-၁	ကက်ဂလီယာရီ
လာဇီယို	၀-၂	ဂျီနိုအာ
ဆမ်ဒိုးရီးယား	၃-၄	ဆက်ဆူအိုလို
အူဒီးနီးစ်	၀-၃	အင်တာမီလန်
တိုရီနို	၁-၁	ရိုးမား
အော့စ်ဘတ်	၂-၁	မိန့်ဇ်
ဝါဒါဘရီမင်	၃-၂	ဟန်နိုဗာ
နိုက်စ်	၁-၂	ဘော်ဒိုး
မောင့်ပယ်လီယာ	၁-၁	နန့်တက်စ်
လိုင်လီ	၂-၀	မိုနာကို

ကိုပင်ဟေဂင် Vs ဂါလာတာစာရေး

အုပ်စုB မှာ ဂါလာတာစာရေးက ၃ ပွဲအပြီး ရမှတ်လေးမှတ်နဲ့ အဆင့်နှစ်မှာရှိနေပြီး ကိုပင်ဟေဂင်က ရမှတ်တစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာ ရှိနေပါတယ်။ ပထမအကျော့ရလဒ်မှာ ဂါလာတာစာရေးက ၃-၁နဲ့ နိုင်ထားပါတယ်။ ရမှတ်တစ်မှတ်သာရှိတဲ့ အိမ်ရှင်ဟာ အဖြည့်ခံအနေနဲ့ အဝေးကွင်းရှုံးကြေးပြန်ဆပ်ဖို့ ရုန်းကန်မှာပါ။ ဂါလာတာစာရေးက ဂျူဗင်နဲ့ နှစ်မှတ်သာကွာပါတယ်။ ဂျူဗင်ကအိမ်ကွင်းမှာ ရီးရဲလ်ကို အနိုင်ကန်သွားရင် တစ်မှတ်သာသွားမှာဖြစ်လို့ ဂါလာတာစာရေးတို့ အရှုံးခံလို့ မဖြစ်တဲ့ပွဲပါ။ အဝေးကွင်းမှာ ခြေမပေါ်တဲ့ ဂါလာတာစာရေးက သရေတစ်မှတ်ယူပြီး ဂိုးကွာခြားမှုနဲ့တောင် အဆင့်နှစ်မှာ ဆက်လက် ရပ်တည်နိုင်ပါတယ်။ အနည်းဆုံးသရေတစ်မှတ်ယူပြီး အခွင့်သာရင် သုံးမှတ်အပြည့်ရသွားနိုင်လို့ ဂါလာတာစာရေးကိုပဲအားပေးလိုက်ပါတယ်။

မန်ယူတို့ အနိုင်သုံးမှတ်သေချာပါ့မလား

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အဆုံးအဖြတ်ပွဲစဉ်တွေကို နိုဝင်ဘာ ၆ ရက်နဲ့ ၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေဟာ အသင်းကြီးတွေရဲ့ နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် ပြတ်သားတဲ့အားထုတ်မှုတွေ ပြုလုပ်ကြရတော့မှာမို့ ရသစုံပေးစွမ်းတော့မယ့် ပွဲစဉ်တွေအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

ဆိုစီဒက်နှင့် မန်ယူ

အုပ်စု (A)မှာ မန်ယူကသုံးပွဲကစား ခုနှစ်မှတ်ရထားပြီး ဆိုစီဒက်က အမှတ်မရသေးတာမို့ မျှော်လင့်ချက်မရှိတော့ပါဘူး၊ ဒီပွဲမှာ မန်ယူတို့ တော်ရုံအားထုတ်လို့ မရနိုင်ပါဘူး၊ စပိန်မြေမှာသွားကစားတိုင်း မန်ယူတို့ သရေပွဲ၊ ရှုံးပွဲတွေများနေတတ်တာကို သတိထားရမှာပါ။ ဒီပွဲမှာ မန်ယူတို့ အမှတ်ပြည့်ရယူနိုင်မှ ဖြစ်မှာမို့ အကောင်းဆုံး ကစားသမားတွေ စုစည်းပြီး တိုက်ပွဲဝင်ရင်တော့ အခြေအနေကောင်းနဲ့ကြုံတွေ့ရမှာဖြစ်ပါတယ်။ မန်ယူအတွက် ရင်လေးစရာကောင်းတဲ့ပွဲစဉ်ပါ။

ဂျူဗင်တပ်စ်နှင့် ရီးရဲမက်ဒရစ်

အုပ်စု(B)မှာတော့ ရီးရဲမက်ဒရစ်တို့အခြေအနေကောင်းနဲ့ ကြုံတွေ့ဖို့ များပါတယ်။ ဒီပွဲမှာ အားထုတ်ရမှာက ဂျူဗင်တပ်စ်တို့ဖြစ်ပြီး အနိုင်ရလဒ်ယူနိုင်မှ နောက်တစ်ဆင့်တက်ရေး စိတ်ကူးလို့ရမှာပါ။ ဒါပေမယ့် ရီးရဲမက်ဒရစ်တို့ရဲ့ တိုက်စစ်စွမ်းရည်က မြင့်မားနေတာမို့ ဂျူဗင်တပ်စ်တို့ အိမ်မက်တွေ ပျက်ပြယ်သွားနိုင်ပါတယ်။

ကိုပင်ဟေဂင်နှင့် ဂါလာတာစာရေး

အုပ်စု(B)ရဲ့ ဂါလာတာစာရေးတို့ နောက်တစ်ဆင့်တက်နိုင်ရေး အစွမ်းကုန်ကြိုးစားမယ့်ပွဲပါပဲ။ မျှော်လင့်ချက်နည်းပါးနေတဲ့ ကိုပင်ဟေဂင်တို့ကလည်း အိမ်ကွင်းမှာအလျှော့ပေးလိုစိတ်ရှိမှာမဟုတ်လို့ ဂါလာတာစာရေးကို ခြေကုန်ထုတ်ပါလိမ့်မယ်။ ဒီပွဲနိုင်မှ နောက်တစ်ဆင့်တက်နိုင်မှာဖြစ်တာမို့ ဂါလာတာစာရေးတို့ အနိုင်ရလဒ်ကို ရအောင်သိမ်းပိုက်ရေးကြိုးစားမှာ ဖြစ်ပါတယ်။

ရှက်တာဒိုးနက်စ်နှင့် လေဗာကူဆင်

သမိုင်းမှတ်တမ်းတွေကို ခြေဖျက်ဖို့အတွက် ရှက်တာဒိုးနက်စ်တို့ အကောင်းဆုံး ပွဲထွက်ကစားသမားတွေနဲ့ ရင်ဆိုင်မှာသေချာပါတယ်။ ရှက်တာဒိုးနက်တို့အိမ်ကွင်းမှာ လေဗာကူဆင်ကို အနိုင်ရရေးဆိုတာ ခက်ခဲပေမယ့် ကြိုးစားမှာပါ။ ဒါပေမယ့် လေဗာကူဆင်ရဲ့ ကစားအားက ကောင်းမွန်နေတာမို့ အိမ်ရှင်တို့ သိပ်တော့မလွယ်ပါဘူး။

မန်စီးတီးနှင့် စီအက်စ်ကေအေ

မန်စီးတီးတို့ ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ မန်စီးတီးဟာ အုပ်စု (D) မှာ သုံးပွဲကစား ခြောက်မှတ်ရရှိထားပါတယ်။ ဒါပေမယ့် အုပ်စု (D) မှာ သုံးပွဲကစား ကိုးမှတ်ရထားတဲ့ ပါလ်ဇန်ရဲ့ ရမှတ်ကိုလည်း သတိပြုရပါဦးမယ်။ ဒါကြောင့်အမှတ်ပြည့်ယူနိုင်ရေးအတွက် မန်စီးတီးတို့ ဆုံးဖြတ်ချက်အခိုင်အမာချပြီး ကစားပါလိမ့်မယ်။

အဲဗာတန်နှင့် စပါး ဂိုးမရှိသရေပွဲကြို

အဲဗာတန်နှင့်စပါးတို့ နိုဝင်ဘာ ၃ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ**(ယာပုံ)** ဂိုးမရှိသရေပွဲဖြစ်သွားသည်။ ဆိုဒါဒို ခေါင်းတိုက်သွင်းယူသော ဘောလုံးမှာ လွဲချော်သွားသဖြင့် တစ်ဂိုးနစ်နာခဲ့သည်။ ဒုတိယပိုင်းတွင် စပါးတို့ ခြေစွမ်းပြကစားနိုင်သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်သဖြင့် သရေပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

အိမ်ကွင်း၌ခြေစွမ်းပြ၊ ကစားတတ်သော အဲဗာတန်ကို စပါးတို့အနိုင်ရရန် ကြိုးစားသော်လည်း အရာမထင်ဖြစ်ခဲ့ရသည်။ အိမ်ရှင် အဲဗာတန်အတွက် လူကာကူ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားခဲ့ရာ စပါးဂိုးသမား အမိအရကာကွယ်လိုက်နိုင်သဖြင့် စပါးတို့အရှုံးနှင့် ရင်မဆိုင်ရခြင်းဖြစ်သည်။

ကာဒစ်တို့ ပရီမီယာလိဂ်တွင် နိုင်ပြီ

ဝေလတောင်ပိုင်း ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ကာဒစ်နှင့်ဆွမ်ဆီးတို့ ပရီမီယာလိဂ်တွင် ပထမဆုံးအကြိမ်ဆုံတွေ့ခဲ့ကြရာ ကာဒစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ ကာဒစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို စတီဗင်ကော်ကာက ခေါင်းတိုက်ဂိုးဖြင့်သွင်းယူခဲ့သည်။

ပွဲချိန် ၆၂ မိနစ်တွင် ဘယ်လာမီ၏ ထောင့်ကန်ဘောမှတစ်ဆင့် စတီဗင်ကော်ကာက ဆွမ်ဆီးနောက်တန်း ကစားသမားများကြားမှ သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဆွမ်ဆီးအသင်းမှ ဘွန်းသည် ကြမ်းတမ်းစွာကစားခဲ့သဖြင့် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ တန်းတက်ကာဒစ်အသင်းသည် ယင်းပွဲတွင် အနိုင်ရလိုက်သဖြင့် ပရီမီယာလိဂ် လာမည့်ပွဲများ ဆက်လက်အနိုင်ရအောင်ကစားရန် မျှော်လင့်ထားကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားသည်။

ရှုံးပွဲမရှိမိုနာကို ပထမဆုံးရှုံးပွဲကြုံ

ယခုနှစ် ပြင်သစ်ပထမတန်းတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသော မိုနာကိုအသင်းသည် လိုင်လီကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်သွား၍ ယခုနှစ်ရာသီရှုံးပွဲမရှိစံချိန်တင်ထားခြင်းကို အဆုံးသတ်သွားပြီဖြစ်သည်။ လိုင်လီအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ရောက်ဇ်က သွင်းယူပေးခဲ့သည်။

ပွဲစဉ် ၁၂ အပြီး လိုင်လီက မိုနာကိုအား အနိုင်ယူပြီး အမှတ်ပေးဇယားဒုတိယနေရာသို့ ခုန်တက်လာသည်။ ထိပ်ဆုံးရောက် ပီအက်စ်ဂျီနောက်မှ နှစ်မှတ်အကွာဖြင့် ဒုတိယနေရာသို့ ရောက်ရှိလာသည်။

ချန်ပီယံပီအက်စ်ဂျီက ရှုံးပွဲမရှိစံချိန်ဖြင့် ဇယားထိပ်တွင် ရပ်တည်နေဆဲဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်



မြေကွက်များဝယ်လိုသည်

(အိမ်တိုင်ရာရောက်ငွေချေစနစ်)

ဒဂုံအရှေ့၊ဒဂုံတောင်၊ဒဂုံဆိပ်ကမ်း

၁၃၀၊ ၁၃၂၊ ၁၃၄၊ ၁၃၅၊ ၁၃၉၊ ၁၂၄၊ ၁၂၆၊ ၁၂၀၊ ၁၂၂၊ ၁၂၁၊ ၁၁၈၊ ၁၁၉၊ ၁၄၅၊ ၁၄၆၊ ၁၄၉၊ ၁၅၁

ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၇၉၇၄၇



အသက်သည်သွေး



ကြော်ငြာစာ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ မွေးမြူရေး ခြံ/စက်ရုံများအား အကျိုးတူဖက်စပ်(Product Sharing)ပြုလုပ်ရန် အဆိုပြုလွှာတင်ပြထားရှိပြီးဖြစ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများနှင့် ၁-၁၁-၂၀၁၂ရက်တွင် ပထမအကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ Product Sharing လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်မံညှိနှိုင်းဆွေးနွေးလိုပါသဖြင့် ၈-၁၁-၂၀၁၂ရက် (သောကြာနေ့)နံနက် ၉း၀၀နာရီတွင် အစည်းအဝေးခန်းမ၊ ရုံးအမှတ်(၃၆) နေပြည်တော်သို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်

မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာအုပ်စု၊ ငါးဘတ်အင်းတောင်ကျေးရွာနေ မမြတ်သူခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၉-၁၉၈၉ ဖြစ်ပါသည်။

မမြတ်သူခိုင် ၁၄/ဟသတ(နိုင်)၂၄၄၀၆၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ လူနေရပ်ကွက်-ရတနာအမှတ်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇/ဘီ)၊ မြေကွက်အမှတ်(၁၀၀)၊ မြေဧရိယာ ၁၀၈၉၇ စတုရန်းပေ၊ ၀ဒသမ၂၄၉၈က၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ကြီးမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ်၅၈၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၀၅၆၉၄၄

ဆောင်းပါးနှင့်နယ်သတင်း

စိုက်ပျိုးရေးကဏ္ဍ မျက်နှာစာသစ်ဖွင့်လှစ်မည့်...ဂျူး

ယခုအခါ ကမ္ဘာ့လူသားများမှာ နာမကျန်းဖြစ်နေသော ကမ္ဘာမြေကြီးပေါ်တွင် အမှီပြု၍ ရှင်သန်နေရသည်။ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို သဘာဝပတ်ဝန်းကျင်ကလည်း ပြောင်းလဲယိုယွင်းလာနေသည်။ လူတိုင်းသက်တမ်းစေ့နေနိုင်ရေးအတွက်သာမက ရောဂါဘယကင်းစွာနေထိုင်နိုင်ရေးအတွက်ကိုပါ ပူပင်လာရသည်။ လူသည်အစားအသောက်အပေါ်မှီတည်၍ အသက်ရှင်ရပ်တည်ရသည်။ ယခင်က အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလို နေ့စဉ်စားသောက်သော အစားအစာမှ ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရသာမက ဆေးဝါးအဖြစ်ဖြင့်လည်းမှီဝဲနိုင်ကြသည်။ ယခုမူ အစာက အဆိပ်မဖြစ်ရေးအတွက် စိုးရိမ်နေကြရပေပြီ။

ကမ္ဘာ့လူသားများအတွက် လိုအပ်သော စားနပ်ရိက္ခာကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံတိုင်းက မနားမနေ လုံးပန်းနေရသည်။ ထိုမျှသာမက အစားအစာမှတစ်ဆင့် ဘေးထွက်ဆိုးကျိုးများခံစားလာရပြီး ရောဂါဘယများထူပြောလာသည့်အတွက် စားနပ်ရိက္ခာလုံခြုံစိတ်ချရမှုကိုပါ ထည့်သွင်းစဉ်းစားလာကြရသည်။ စားသုံးသော အစားအစာများတွင် ကာလကြာရှည်စွာကြွင်းကျန်ရစ်မည့် အဆိပ်ဖြစ်သတ္တုဓာတ်များ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးစသည့် ဓာတုဆေးဝါးများ၏ ဓာတ်ကြွင်းများကို ရှောင်ရှားနိုင်ရန် ကြိုးပမ်းလာရသည်။ လူ့ခန္ဓာကိုယ်တွင်းရှိ အဆိပ်အတောက်ဖြစ်စေသော၊ ရောဂါဖြစ်စေသော ဓာတ်တို့ကို ချေဖျက်ပေးပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်အသီးအနှံများကို အားပြုစားသောက်လာကြသည်။ ထိုသို့ ရွေးချယ်စားသုံးလာရာမှ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာတစ်ခုဖြစ်သည့် ဂျူးမှာ ကျန်းမာရေးနှင့်ညီညွတ်သော၊ ကျန်းမာရေးကို အထောက်အကူပြုသော အစားအစာ တစ်ခုအဖြစ် လူအများစိတ်ဝင်စားလာကြသည်။

ဂျူး၏အမြစ်၊ အဖူးနှင့်အရွက်တို့ကို ချဉ်ရည်ဟင်းချက်၍တစ်မျိုး၊ အတို့အမြှုပ်အဖြစ်တစ်သွယ် စားသုံးလေ့ရှိကြသည်။ အထူးသဖြင့် တိုင်းရင်းသားရိုးရာအစားအသောက်များဖြစ်သည့် ရှမ်းထမင်းချဉ်၊ ဝက်သားချဉ်၊ ကယားထမင်းထောင်းနှင့်ဟင်းပေါင်းတို့တွင် ထည့်သွင်းစားသောက်ကြသည်ကို တွေ့ရသည်။ ဂျူးမှာ မြန်မာအမည်ဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့် Indian Leek Root ဟုခေါ်ပြီး ရုက္ခဗေဒအမည်အားဖြင့် Allium hookeri (Syn) Allium tuberosum ဟု အမည်ရသည်။

ဂျူးပင်တွင် ကစီဓာတ်၊ သကြားဓာတ်၊ နိုက်ထရိုဂျင်၊ အသားဓာတ်နှင့် အမိုင်နိုအက်စစ်တို့ ပါဝင်သည်။ ကာဗိုဟိုက်ဒရိတ်၊ ပရိုတိန်း၊ အဆီ၊ အမျှင်ဓာတ်စသည့်အာဟာရဓာတ်များ၊ ဖောလစ်အက်စစ်၊ နိုင်ယာစင်၊ ဗီတာမင်အေ၊ ဗီတာမင်ကေ၊ ဗီတာမင်စီ၊ ဗီတာမင်အီးနှင့် သိုင်ယာမင်းစသည့် ဗီတာမင်ဓာတ်များ၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ သံဓာတ်၊ မဂ္ဂနီးစ်၊ ဆိုဒီယံ၊ ဇင့်၊ ဖော့စ်ဖရပ်၊ ဆာလ်ဖာစသည့်သတ္တုဓာတ်များပါဝင်သည့်အပြင် သိုင်အိုဆိုင်ဖိုနိတ်စ်၊ ကယ်ရိုတင်း၊ ကရိုင်တိုဇန်သင်နှင့်လူတိန်းဇီဇန်သင်

စသည့် ကင်ဆာရောဂါကိုကာကွယ်သည့် ဒြပ်ပေါင်းများလည်း ပါဝင်နေကြောင်း သိရှိရသည်။

ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးမြင့်မားသည့် Phenol နှင့် Phytosterol တို့မှာလည်း ဂျူးပင်တွင် ကြွယ်ဝစွာပါဝင်လျက်ရှိသည်။ Phytosterol မှာ ကိုယ်တွင်းရှိ ကိုလက်စထရောကို လျှော့ချပေးသဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်။ ဖီနောလစ်ကွန်ပေါင်းများမှာလည်း ဆီးချို၊ သွေးချိုရောဂါများကိုကုသရာတွင် အသုံးတည့်သည်။

ထို့အပြင် Ascorbic Acid နှင့် Fibre အမျှင်ဓာတ် မြင့်မားစွာပါဝင်ပြီး အဆီဓာတ်ပါဝင်မှု နည်းပါးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောဆေးဖက်ဝင် အစားအစာအဖြစ် လူတိုင်းလက်ခံစားသုံးကြသည်။ ကယ်လိုရီ အဆီနှင့်ဆားပါဝင်မှုနည်းပါးသည်။ ထို့ကြောင့် ကယ်လိုရီထိန်းချုပ်အစာအဖြစ် ကိုယ်အလေးချိန်လျှော့ချလိုသူများက မျက်စိကျကြသည်။ ဂျူးအရွက်တွင်ရော၊ အမြစ်တွင်မှာပါ ပိုတက်ဆီယမ်ဓာတ်များစွာပါဝင်သဖြင့် သွေးတိုးရောဂါကိုထိန်းချုပ်နိုင်သည်။ မျှတလုံလောက်စွာ စားသုံးခြင်းဖြင့် သွေးတိုးနှုန်းကို လျှော့ချနိုင်ပြီး အစာအိမ်အနာကို သက်သာစေနိုင်သည်။ အထူးသဖြင့် ဂျူးမြစ်တွင်ပါဝင်သော အာဟာရဓာတ်မှာ ကမ္ဘာကျော်ဂျင်ဆင်းတွင် ပါဝင်မှုထက် ခြောက်ဆပိုမိုပါဝင်သည်။ ထို့ကြောင့် ကိုရီးယားတို့က ဂျူးကို ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။

ဂျူး၏ထူးခြားသောအရသာကြောင့် နိုင်ငံတစ်ဝန်းနှစ်ခြိုက်စွာစားသုံးကြသည်။ မြန်မာတို့သာမက အိန္ဒိယနိုင်ငံတွင်လည်း ဂျူး၏အာဟာရတန်ဖိုးမြင့်မားခြင်း၊ ဆေးဖက်ဝင်ခြင်းစသည့်အရည်အသွေးများအပြင် အနံ့နှင့်အရသာပါကောင်းမွန်ခြင်းကြောင့် ကြက်သွန်နီစားသုံးမှုနေရာတွင် အစားထိုးရန် ကြိုးပမ်းလျက်ရှိသည်။ ကမ္ဘာကျော်ကိုရီးယားအစားအစာ ကင်ချီလုပ်ရာတွင်လည်း ဂျူးအမြစ်နှင့်အရွက်များကို အသုံးပြုလာကြပြီဖြစ်သည်။

ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်သည့် ဆန်ချေးကုမ္ပဏီအနေဖြင့် ကမ္ဘာ့ကင်ချီဈေးကွက်ကို ဂျူးဖြင့်ထိုးဖောက်ရန်ကြိုးစားနေသည်။ ကုန်ကြမ်းဖြစ်သည့် ဂျူးမြစ်နှင့်အရွက်တို့ကို မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းရာတွင် အမြစ်ကိုသယ်ယူရာ၌အခက်အခဲမရှိသော်လည်း တာရှည်အထားအသို မခံသည့်အရွက်ကို သယ်ယူရန်မလွယ်ကူသည့်အတွက် ကုန်ကြမ်းပစ္စည်း အလားအလာကောင်းများရှိသည့် မြန်မာနိုင်ငံတွင် လာရောက်စက်ရုံတည်ထောင်ရန် ကမ်းလှမ်းနေသည်။ သို့ဖြစ်၍ ဂျူးဈေးကွက်မှာ အနာဂတ်တွင် ကျယ်ပြန့်လာပေတော့မည်။ ဂျူးကို ရှမ်းပြည်နယ်တစ်ဝန်းစိုက်ပျိုးကြပြီး တောင်ကြီး၊ ဟိုပုံး၊ ပင်လောင်း၊ ပင်းတယမြို့နယ်နှင့် နောင်တရားမြို့နယ်ခွဲတို့တွင် အစိုက်များသည်။ ပင်းတယမြို့နယ်မှာ စိုက်ပျိုးမှုအများဆုံးမြို့နယ်ဖြစ်သည်။

ဂျူးကို မိုးရေချိန်လက်မ ၄၀ မှ ၅၅ လက်မအတွင်းရွာသွန်းပြီး အေးမြသောရာသီဥတုရှိသည့်အရပ်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ မြေချဉ်ငံကိန်း ၄ ဒသမ ၅ မှ ၅ ဒသမ ၅ အတွင်း အနည်းငယ်အချဉ်ကဲသော မြေနီမြေစေးအမျိုးအစားကို နှစ်သက်သည်။ သစ်ဆွေးဓာတ်ကြွယ်ဝပြီး လေဝင်လေထွက်ကောင်းသောမြေများတွင် ပိုမိုဖြစ်ထွန်းပြီး ပေါင်းမြက်ကင်းရှင်းရေးကို အထူးဂရုပြုရသည်။ နေသာမှုကို နှစ်ခြိုက်သော်လည်း ပူပြင်းမှုကိုမလိုလားသဖြင့် သင့်လျော်သောမြေဖုံးအုပ်မှုစနစ်လိုအပ်သည်။ တီကျစ်စာနှင့် တီဆေးရည်ထည့်သွင်းပေးပါက အထူးဖြစ်ထွန်းနိုင်သော သီးနှံဖြစ်သည်။

စိုက်ပျိုးရာတွင် မတ်၊ ဧပြီလများ၌ စိုက်ပျိုးရပြီး သီးသန့်၊ သီးထပ်၊ သီးညှပ်အဖြစ်အမျိုးမျိုးစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးသက်တမ်းမှာ လေး/ငါးလခန့်ကြာမြင့်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာ၃၀၀၀မှ ၄၀၀၀ အထိထွက်ရှိနိုင်သည်။ ဟင်းသီးဟင်းရွက်ဈေးများတွင် လက်ရှိဂျူးမြစ်ဈေးမှာတစ်ဆယ်သား ငွေကျပ်၂၀၀၊ တစ်ပိဿာငွေကျပ် ၂၀၀၀ ဈေးဖြင့်ရောင်းချနေသည်ကိုတွေ့ရသည်။ စိုက်ခင်းသို့ လာရောက်ဝယ်ယူသည့် ဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ်၁၀၀၀ ဆိုဦးတော့ တစ်ဧက အနည်းဆုံးဝင်ငွေကျပ်သိန်း၃၀ခန့်ရရှိနိုင်သည်။ ယခင်က ဂျူးရွက်ကို အသုံးမပြု၍ စွန့်ပစ်နေရသော်လည်း ယခုအခါ ကင်ချီပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပေပြီ။ စီးပွားရေးအရတွက်ခြေကိုက်သော သီးနှံဖြစ်၍ တိုးချဲ့စိုက်ပျိုးသင့်ပေသည်။ ရှမ်းပြည်နယ်တွင် တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး အချို့ဒေသများတွင် ဂျူးကို တစ်နှစ် နှစ်ကြိမ် စိုက်ပျိုးကြသည်ဟုဆိုသည်။

အာဟာရပြည့်ဝ၍ဆေးဖက်ဝင်သော ဂျူးကို ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများ တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး နိုင်ငံ့စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည် ဖြစ်သည်။ ဂျူးမှာ စားသုံးသူများ၏ ကျန်းမာရေးကိုအထောက်အကူပြုသည်။ ဈေးကွက်အလားအလာရှိပြီး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ၊ ရာသီဥတုလည်းသင့်လျော်စွာရှိနေသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမှုအစဉ်အလာနှင့် အတွေ့အကြုံလည်းရှိသည်။ သို့ဖြစ်ရာ ဂျူးကို ပို့ကုန်အမယ်သစ်အဖြစ်လည်းကောင်း၊ ဝင်ငွေရသီးနှံအဖြစ်လည်းကောင်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ မျက်နှာစာသစ်ကို ဖွင့်လှစ်နိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ **ရန်ကြီးအောင်**

လက်ပံတန်း၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများကျင်းပ

လက်ပံတန်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျွန်းကလေးကျေးရွာ မြို့မရပ်ကွက်၊ ဘီးလင်းတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မှုခင်းပညာပေးဟောပြောပွဲများကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်တို့က မြို့နယ်အတွင်းမှုခင်းဖြစ်စဉ်များကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်မိုင်းအန္တရာယ်ကာကွယ်တားဆီးရေးတို့ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်စိုးက လက်ပံတန်းမြို့ရဲတပ်ဖွဲ့မှ အပတ်စဉ် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စည်ပင်သာယာရေးနှင့်ပူးပေါင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစန်းမြင့်က မှုခင်းကျဆင်းရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောရာ တက်ရောက်လာကြသူများက မေးမြန်းသည်များကိုတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

အလားတူ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် ခမုံ ဇီးဖြူကုန်း သာရဝေါ်ရဲစခန်းအပိုင်များတွင် မှုခင်းကျဆင်းရေးနှင့် ပြည်သူများပါဝင်၍ မှုခင်းများဖော်ထုတ်ရေးတို့ကို ပညာပေးဟောပြောမှုကြောင့် အောက်တိုဘာ ၂၁ ရက်က နတ်ဖန်ကွင်းအုပ်စု ရွှေကြို့ပင်ကျေးရွာ၌ ဖြစ်ပွားခဲ့သော လူသတ်မှုတွင် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ဘိုးသင်(ခ)ကုလားကို တာဝန်သိပြည်သူများသတင်းပေးမှုဖြင့် အောက်တိုဘာ ၃၁ ရက်တွင် ခမုံရဲစခန်းမှူးရဲအုပ်ဝင်းလှိုင်နှင့်တပ်ဖွဲ့ဝင်များက လှည်းကူးမြို့ ညောင်တခြမ်းကျေးရွာတွင် ဖမ်းဆီးရမိကြောင်း သိရသည်။

အောင်ဆင့်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်တွင်ဆောင်ရွက်မည့်လုပ်ငန်းအတွက်

(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာတွင် အောက်ပါအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တည်နေရာနှင့်လုပ်ငန်းများ

စဉ်	အကြောင်းအရာ	အရေအတွက်	တည်နေရာ
၁။	ကျောက်တော်မြို့နယ် အပေါက်ဝစာတိုက်(ရုံး+ဝန်ထမ်းနေအိမ်)ဆောက်လုပ်ခြင်း ပေ(၃၀×၂၀)တစ်ထပ်၊ အုတ်ညှပ်အမြင့် ၁၂ ပေ	၁	ကျောက်တော်မြို့နယ်၊ အပေါက်ဝကျေးရွာ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၁-၂၀၁၃ရက်မှ ၂၂-၁၁-၂၀၁၃ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ရခိုင်ပြည်နယ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပစ္စည်းဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ် မန်နေဂျာရုံး(ပစ္စည်းဌာန) ဖုန်း-၀၄၃-၂၁၁၂၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ အသုံးပြုပြီး ပစ္စည်းအဟောင်းများဖြစ်သော (၁) တာယာ ၁၆၆၆ လုံး၊ (၂) ဘက်ထရီ ၃၀၉ လုံး၊ (၃) ပိုဇိုလန်အိတ်ခွံ ၃၄၄၁ လုံး၊ (၄) ပီပါခွံ ၂၀၀ လုံး၊ (၅) ဘိလပ်မြေအိတ်ခွံအကောင်း ၉၀၀၀၀ လုံး၊ (၆) ဘိလပ်မြေအိတ်ခွံအပျက် ၂၀၀၀၀ လုံး၊ (၇) Stator Sheet ၄၃၃၈၆ ချပ်၊ (၈) စက်အရန်ပစ္စည်း ၁၀ Lot တို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံများကို ကြော်ငြာပါသည့်ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပိတ်ရက်** ၃-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ

၃။ အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံအား ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၄၁၊ ၄၁၁၂၃၁ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ

(ခ) စက်နှင့် စက်ပစ္စည်းများ

(ဂ) P.A System

(ဃ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၅-၁၁-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၃ ရက် ညနေ ၁၅:၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်-

ပစ္စည်းဝယ်ယူရေးအဖွဲ့

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ဓမ္မပါလကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊

ဆက်သွယ်ရန်ဖုန်း-၀၁-၆၅၂၆၂၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၅၀) နှစ်ရုံ၊ ခုတင် (၁၀၀) သုံးရုံ၊ ခုတင် (၅၀) ငါးရုံ၊ ခုတင်(၂၅) (၁၁)ရုံတို့အတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကိုရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန

လားရှိုးမြို့၊

ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

မြို့တော်ဂေါက်ကွင်းရှိ အသင်းသားများ

အသင်းသားလစဉ်ကြေးပေးသွင်းနိုင်ရန်

အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသော အသင်းသား (မြန်မာ/နိုင်ငံခြားသား)အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေးများပေးသွင်းရန်ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် မြို့တော်ဂေါက်ကွင်း၏ စည်းမျဉ်းဥပဒေအပိုဒ်(၉)တွင် (၁)နှစ်နှင့်အထက် ပျက်ကွက်သော အသင်းသား(မြန်မာ/နိုင်ငံခြားသား)များအား အသင်းသားအဖြစ်မှ ရပ်စဲမည်ဟု ပါရှိပါသဖြင့် ၂၈-၂-၂၀၁၄ ရက် နောက်ဆုံးထားပြီး အသင်းသားလစဉ်ကြေးများကို လာရောက်ပေးဆောင်ပါရန်နှင့် လာရောက်ပေးဆောင်ခြင်းမရှိပါက အသင်းသားအဖြစ်မှ ရပ်စဲသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အထွေထွေမန်နေဂျာ

မြို့တော်ဂေါက်ကွင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆင်လို့လှတာထက် ယဉ်လို့လှတာက ပိုကောင်းပါတယ်

သီတင်းဝါလကျွတ်ပြီး ပွင့်လင်းရာသီရောက်သည်နှင့် မြို့ပြနှင့်ကျေးလက်မကျန် ဗုဒ္ဓပူဇနိယပွဲတော်များ၊ အလှူမင်္ဂလာပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကားနယ်မြေဒေသ ယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိနေကြသည်။

အလှူရေစက် လက်နှင့်မကွာဆိုသည့်အတိုင်း လှူရေးတန်းရေးတွင် မြန်မာတို့စိတ်ရင်းစေတနာသည်ကား အားကျအတုယူဖွယ် ကောင်းလှသည်။ သဒ္ဓါမချို့သည့် မြန်မာတို့၏ စိတ်ဓာတ်များသည်ကား ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုထုံးဓလေ့တို့ကို အလှူဒါနပြုခြင်းတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပေသည်။

ရှေးဘိုးဘွားများလက်ထက်က ထိန်းသိမ်းလာခဲ့သည့် ယဉ်ကျေးမှုနှင့်ထုံးဓလေ့တို့သည် နေရာဒေသအချို့တို့တွင် အရိုးပေါ်အရွက်ဖုံးလျက် ကွယ်ပျောက်တော့မယောင် ဖြစ်နေသည်ကို ကြားသိမြင်တွေ့နေရသည်။ အထူးသဖြင့် နည်းပညာတိုးတက်လာမှုကြောင့် မိမိတို့ယဉ်ကျေးမှုနှင့်မသင့်လျော်သည့် တိုင်းတစ်ပါးမှ ယဉ်ကျေးမှုနှင့်ထုံးဓလေ့တို့ကို တံတိုင်းကာဆီးထားလျက် ခုခံတားဆီး၍ မရနိုင်တော့ဘဲ တစ်ဦးချင်းစီ၏ အမျိုးကိုချစ်တတ်သည့် စိတ်ဓာတ်ဖြင့်သာ ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။

အထူးသဖြင့် မျက်မှောက်ကာလ ဆယ်ကျော်သက်အမျိုးသမီးငယ်တို့၏ ဝတ်စားဆင်ယင်မှုတို့ကို ဝိုင်းဝန်းထိန်းသိမ်းပြုပြင်ပေးရန် လိုအပ်သည်။ မီဒီယာများနှင့် ရုပ်သံလိုင်းတို့မှ သရုပ်ဆောင်တို့၏ ဝတ်စားဆင်ယင်မှုတို့ကို အတုယူကာ **စကပ်က တိုပြီးရင်းတို၊ အပေါ်အောက်ပိတ်စကပါးပြီးရင်းပါး၊ ရှေ့ကွဲနောက်ကွဲ၊ ဘေးကွဲ နည်းနည်းကွဲရာက ပိုပြီးကွဲလာသည်။ အလားတူ နည်းနည်းဖော်ရာမှ များများဖော်လာကြသည်။ ထို့ထက်ဆိုးသည်ကား ရှေ့ကလည်းဟိုက်ရင်ပြောင်၊ နောက်က ကျောပြောင်တို့သည်ကား မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝဆန့်ကျင်နေပေသည်။**

ထိုသို့ဝတ်စားဆင်ယင်သည်မှာ အသက်အရွယ်အပိုင်းအခြားနှင့် အချိန်ကာလတစ်ခုအနေဖြင့် ကြည့်ကောင်းမြင်ကောင်းသည်ဟု ထင်မှတ်မှားနေသူတွေအချို့လည်း ရှိကြသည်။ အလေးအနက်စဉ်းစားကြည့်က အမျိုးသမီးငယ်တို့၏ အဝတ်အစားနှင့် အသွားအလာ မဆင်ခြင်မှုအပေါ် မိမိဘဝနှင့် အချို့လူငယ်တို့ဘဝပင် ပျက်သုဉ်းနိုင်ကြောင်း "လော်လည်ခြင်းငါးပါး"ဖြင့် ရှေးပညာရှိတို့ ဆိုဆုံးမခဲ့သည်ကို သတိရဆင်ခြင်လိုက်နာရန် လိုအပ်သည်။

မြန်မာမှုနယ်ပယ်တွင် "လူမှာအဝတ်၊တောင်းမှာအကွပ်"ဆိုသည့်အတိုင်း သူ့နေရာနှင့်သူ စည်းကမ်းရှိရှိ ဝတ်ဆင်ရန်လိုအပ်သည်။ ဘုရားသွားကျောင်းတက်လျှင်၊ အိမ်မှာနေလျှင်၊ သာရေးနာရေးနှင့် အပြင်သို့သွားလိုလျှင်၊ လုပ်ငန်းခွင်ဝင်လျှင် သူ့နေရာနှင့်သူ မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ကောင်းမြင်ကောင်းပြီး ရိုးရိုးနှင့် ယဉ်ယဉ် ဝတ်စားဆင်ယင်ကြရမည် ဖြစ်သည်။ နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးများနေ့ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် အမျိုးသမီးငယ်တို့၏ ဝတ်ဆင်မှုကို စံထားအတုယူ၍ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပြုပြင်သွားရန် လိုအပ်လှပေသည်။

အချုပ်ဆိုရသော် ဆင်လို့လှတာသည် အချိန်နေရာကာလတစ်ခုအတွက်သာဖြစ်သည်။ ယဉ်လို့လှတာသည် မိမိဘဝတစ်သက်တာ အတွက်ဖြစ်ရုံသာမက မိမိလူမျိုး၊ မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုတို့ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာရောက်ကြောင်း မြန်မာအမျိုးသမီးငယ်တို့အား အသိပေးတိုက်တွန်းအပ်ပါသည်။ ။

အောင်ဝင်း(ဖျာပုံ)

မြိတ်မြို့၌ လုံခြုံရေးအသိပညာပေး စာတွေ့လက်တွေ့ သရုပ်ပြပို့ချ

မြိတ် နိုဝင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မိုင်းအသိပညာပေးနှင့် လုံခြုံရေးအသိပညာပေး စာတွေ့လက်တွေ့ သရုပ်ပြပို့ချခြင်း အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်က ယခုပြီးခဲ့သောလပိုင်းအတွင်း မြို့ကြီးများတွင် ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့သဖြင့် မိုင်းအသိ မိုင်းသတိရှိစေရန် မသင်္ကာသူများ၊ မသင်္ကာဖွယ်ရာ အထုပ်အပိုးများတွေ့ရှိပါက ရဲတပ်ဖွဲ့သို့ ချက်ချင်းအကြောင်းကြားပေးရန်နှင့်ဈေးများ၊ ကုန်တိုက်များ၊ စတိုးဆိုင်များတွင် CCTV ကင်မရာများ တပ်ဆင်၍ Up To Date ဖြစ်အောင် ပြုလုပ်ပေးရန်တို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းက နိုင်ငံသားစိစစ်ရေးကတ်၊ Passpost၊ Visaများအကြောင်း ရှင်းလင်းပို့ချပြီး မြိတ်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက သဘာဝဘေးအန္တရာယ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗိုလ်ကြီးစန်းကိုကိုက အရပ်သားများ၏ လက်လုပ်မိုင်းများနှင့် အဖျက်သမားများ၏ လက်လုပ်မိုင်းများအကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြီး မသင်္ကာဖွယ်ရာမိုင်းတွေ့ရှိပါက ရှေးဦးစွာ ပြုလုပ်ဆောင်ရွက်ရမည့် အကြောင်းတို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုးဟိန်း(မြိတ်)

သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့်ဆွေးနွေးပွဲကျင်းပ

သံတောင်ကြီး နိုဝင်ဘာ ၄

သံတောင်ကြီးမြို့နယ် သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့်ဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးတင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးစောတီမသေတို့က သန်းခေါင်စာရင်းဆိုင်ရာလူဦးရေနှင့်အိမ်အကြောင်းအရာ၊ သန်းခေါင်စာရင်းပါအချက်များ ပြည့်စုံမှန်ကန်စွာ ဖြေဆိုရေးသွင်းရေး၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်နှင့် ကောက်ယူမည့်ကာလ၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုတီ(သံတောင်)

ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးသစ်ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသည် ပျက်စီးယိုယွင်းလာခဲ့သဖြင့် ရပ်ကွက်အတွင်းနေ အလှူရှင် ဦးသမာဓိ (ဆောက်လုပ်ရေးလုပ်ငန်း) က ငွေကျပ်သိန်း ၁၁၀ အကုန်အကျခံပြီး မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက် လှူဒါန်းပေးခဲ့သည်။

နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တည်ရှိရာ ကန်တော်ကလေး (အရှေ့)ရပ်ကွက်(၉၃)လမ်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးဇေယျအုန်း၊ အလှူရှင် ဦးသမာဓိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။ **(ယာပုံ)** ရုံးအဆောက်အအုံသည် အလျား ပေ ၄၀နှင့် အကျယ် ၁၀ပေ တစ်ထပ်အဆောက်အအုံဖြစ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဘဏ်ချေးငွေထုတ်ချေးပေး

ကျောက်ဖြူ နိုဝင်ဘာ ၄

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးအတွက် ဆောင်းရာသီ ဆောင်းသီးနှံစိုက်ပျိုးသော တောင်သူများအား စိုက်ပျိုးစရိတ် အချိန်မီရရှိရေးအတွက် ဆောင်းရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ၂၁၀၈ သိန်းကို အောက်တိုဘာ ၂၈ ရက်မှစတင်ကာ ကျေးရွာအုပ်စု ၂၀ ခန့်သို့ ထုတ်ချေးပေးလျက်ရှိရာတွင် အောက်တိုဘာ ၂၈ ရက်က သစ်ပုတ်ချိန်အုပ်စုနှင့် ငရန့်ချောင်းအုပ်စုတို့အား ဦးစွာထုတ်ချေးခဲ့ပြီး ကျန်ရှိအုပ်စုများကိုလည်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမြင့်ဦးက စည်းကမ်းစနစ်တကျဖြစ်စေရန် အနီးကပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအားကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၄-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
လသာမြို့နယ်၊ ရန်ကုန်မြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော 33KV CT ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၃-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆိုင်ခန်းနေရာများ အငှားချထားရန် ကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ သီရိမင်္ဂလာကုန်စိမ်းဈေးသစ်နှင့် ကပ်လျက်ရှိ ချမ်းမြေ့မင်္ဂလာငါးဈေးသစ်မှ လစ်လပ်ဆိုင်ခန်းများအား သတ်မှတ်ထားသော နှုန်းထားများအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မည့်သူများအား ဦးရာလူစနစ်ဖြင့် အငှားချထားသွားမည်ဖြစ်ပါသည်။

၂။ ဆိုင်ခန်းရယူလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၊ ဒုတိယထပ်ရှိ ဈေးများဌာနတွင် လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့) ၁၅:၀၀နာရီ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဈေးများဌာန တယ်လီဖုန်းအမှတ် ၀၁-၃၈၉၀၇၄၊ ၀၁-၃၇၇၈၉၀၊ ၀၁-၃၇၆၇၀၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈေးများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်ပိုင်ရှင်များ သတိပြုရန်

၁။ သက်တမ်းကုန်ဆုံးသည့်ကာလအတွင်း ယာဉ်ကို မပျက်မကွက် သက်တမ်းတိုးပါ။

၂။ သက်တမ်းကုန်ဆုံးသည့်လမှ (၃)လအတွင်း သက်တမ်းမတိုးပါက ကုန်ဆုံးရက် (၃)လကျော် မှတ်ပုံတင်ဆောင်ရွက်ခ ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် သက်တမ်းကုန်ဆုံးမည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ သက်တမ်းတိုးလာရောက်ဆောင်ရွက်ရန်အတွက် ကြိုတင်အသိပေးနိုးဆော်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မွေးသက္ကရာဇ်အမှန်

ဦးအောင်ကြည်၏သား လားရှိုးမြို့၊ အထက(ခွဲ) လ-၂ ဆဋ္ဌမတန်း(က)မှ ကျောင်းဝင် အမှတ်-၁၀၈၇၈ ဖြစ်သူ မောင်ဗိုလ်ဗိုလ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၃-၂၀၀၂ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ဦးမောင်မောင်၏သား လားရှိုးမြို့၊ အထက(ခွဲ) လ-၂ ဆဋ္ဌမတန်း(က)မှ ကျောင်းဝင်အမှတ်-၁၀၈၇၉ ဖြစ်သူ မောင်နိုင်ထွန်းလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

တရားမဝင်သယ်ဆောင်လာသည့်နွားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၄

နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ သာယာဝတီမြို့နယ် ဘိုကြီးကုန်းကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ဖားရွှေကျော်ကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်သို့ သာယာဝတီမြို့နယ် ဖားရွှေကျော်ရွာနေ ကျော်နိုင်ဝင်း(၃၃နှစ်)ပါ လေးဦးတို့ ဆွဲယူလာသည့် နွားထီး ၁၁ ကောင်၊ နွားမတစ်ကောင် စုစုပေါင်း နွား ၁၂ ကောင်ကို စစ်ဆေးရာ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် ကျော်နိုင်ဝင်းပါ လေးဦးတို့ကို သာယာဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

အရက်ပြန် သောက်၍သေဆုံး

ရေး နိုဝင်ဘာ ၄

ရေးမြို့နယ် အနောက်ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ ငါးဖမ်းနေသော ဦးအောင်မြင့်မြတ်ပိုင် စိန်ပိုက်ငါးဖမ်းစက်လှေပေါ်၌ လှေလုပ်သား မောင်ဇော် (၄၅ နှစ်) အစင်ကျေးရွာနေသူမှာ နိုဝင်ဘာ ၁ ရက် နံနက်က ယာခြေထောက် ခြေဖမိုးတွင်ရှိနေသည့် ပွန်းရှအနာကို အရက်ပြန်ဆွတ်နေရာမှ အရက်ပြန် သောက်၍သေဆုံးသွားသဖြင့် ယင်းစက်လှေဖြင့် အစင်ရွာကမ်းနားသို့ သယ်ဆောင်လာခဲ့သည်။

ထို့နောက် လှေသား အောင်ထွန်းမိုးနှင့် ရဲကိုကိုတို့ ဇီးဖြူသောင် ရဲကင်းစခန်းသို့ အကြောင်းကြား၍ ဒုရဲအုပ်နီဝင်းက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ အရက်ပြန် သောက်၍ သေဆုံးကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဒုရဲအုပ်နီဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရေးမြို့မရဲစခန်းက အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

လူသွားစင်္ကြံပါ ပလက်ဖောင်းပြုလုပ်ပေး

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် လမ်းသစ်များ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ လူသွားစင်္ကြံ (ပလက်ဖောင်း)များ ပြုလုပ်ပေးခြင်းနှင့် မိုးရာသီကာလများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)၏ ကြီးကြပ်မှုဖြင့် တက်လမ်းကုမ္ပဏီ ဝန်ထမ်းများက ဥတ္တရသီရိမြို့နယ် ရတနာသိဒ္ဓိရပ်ကွက် ရာဇသင်္ဂဟအိမ်ရာ(၂)ရှိ မန္တလေးလမ်း (ဝဲ၊ ယာ)တွင် အကျယ် ၆ ပေ၊ ထု ၇ ဒသမ ၅ လက်မရှိသော လူသွားစင်္ကြံ (ပလက်ဖောင်း)လုပ်ငန်းများ ဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက တွေ့ရှိရသည်။**(အပေါ်ပုံ)**

အဆိုပါ လူသွားစင်္ကြံ (ပလက်ဖောင်း) လုပ်ဆောင်ပေးခြင်းဖြင့် ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

ရွှေဘို နိုဝင်ဘာ ၄

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ရွှေဘိုခရိုင် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားကွင်း၌ နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ရွှေဘိုမြို့နယ်အသင်းနှင့် ဝက်လက်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေဘိုမြို့နယ်အသင်းက ဝက်လက်မြို့နယ်အသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

● ● ● ● ● ● ● ● ● ● ● ●

စည်ပင်သာယာရေးဆိုင်ရာအခွန်အခ ဥပဒေများနှင့် ဝန်ဆောင်မှုလုပ်ငန်းဥပဒေများ ရှင်းလင်းပွဲကျင်းပ

ပုလဲ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေးခန်းမ၌ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးဆိုင်ရာ အခွန်အခဥပဒေများနှင့် ဝန်ဆောင်မှုလုပ်ငန်းဥပဒေများ ရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ပုလဲမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆွေဆွေမာက စည်ပင်သာယာရေးဆိုင်ရာ အခွန်အခဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးညွန့်ဆောင်က ဝန်ဆောင်မှုလုပ်ငန်းဥပဒေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသော ပြည်သူများက ချပြဆွေးနွေးသည့် ဥပဒေများနှင့် ပတ်သက်သည့် သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

● ● ● ● ● ● ● ● ● ● ● ●

မူးယစ်ဆေးဝါး ၁၀ ဂရမ်ခန့်ဖမ်းဆီးရမိ

နောင်ချို နိုဝင်ဘာ ၄

လားရှိုး မူးယစ်ဆေးဝါး အထူးတားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့စု(၂၄)မှ ရဲအုပ်ငြိမ်းချမ်းစိုးဦးစီးသည့်အဖွဲ့နှင့် နောင်ချိုမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မျိုးလတ်ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲက နောင်ချိုမြို့နယ် ရေမောင်းတန်းကျေးရွာ အိမ်အမှတ် (၁၀၄) ၌ နေထိုင်သူ ဦးစိုင်းမောင်ငင်း နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေကြရာ ဂိုထောင်ထပ်ခိုးပေါ်တွင် ကော်ဘူး(ဝါးပြောင်း)နှင့်အတူ ခတ်ခူးသုံးစွဲနေသည်ကို တွေ့ရှိရပြီး ဘေးအနီးမှ ပလတ်စတစ်အကြည်ဖြင့် ထည့်ထားသော ခတ်ခူး ငါးဂရမ်ခန့်စီပါနှစ်ထုပ် စုစုပေါင်းအလေးချိန် ၁၀ ဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးလက်ဝယ်ထား၍ သုံးစွဲသူ ဦးစိုင်းမောင်ငင်း (၅၀ နှစ်) ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ နောင်ချိုမြို့နယ် ရေမောင်းတန်းကျေးရွာ နေထိုင်သူကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၁)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၄

တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ်နေခြင်းများကို သစ်တောဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အတွင်း ရွှေလရောင်ကျွန်းအနီး၌ တရားမဝင် ကျွန်းခွဲသား ၈ ဒသမ ၂၈၆၂ တန်၊ အင်၊ သတီ၊ သစ်စေးခွဲသား ၁၁၅ ဒသမ ၇၇၉၆ တန် စုစုပေါင်း ၁၂၄ ဒသမ ဝ၆၅၈ တန် တင်ဆောင်ထားသည့် မော်တော်နှစ်စင်း ဖမ်းဆီးရမိပြီး သက်ဆိုင်သူကိုးဦးအား သစ်တောဥပဒေအရ အရေးယူထားသည်။

အလားတူ မုံရွာမြို့နယ်မှ သစ်တော ဝန်ထမ်းများသည် အောက်တိုဘာ ၂၅ ရက်က မုံရွာမြို့နယ် အလုံ(ကုန်း)ဘိနယ်အိုးဖိုတောင်တံတားအနီး၌ တရားမဝင် ပိတောက်ခွဲသားနှင့် အခြမ်း ၃ ဒသမ ၉၁၅၆ တန်ကို တင်ဆောင်သည့် ယာဉ်နှင့်အတူ ဖမ်းဆီးခဲ့သည်။

ထို့အပြင် မော်လိုက်ခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်နှင့် ခန္တီးခရိုင်တို့မှ သစ်တောဝန်ထမ်းများသည် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဟုမ္မလင်း၊ ပင်လည်ဘူး၊ ကလေးဝနှင့် ဖောင်းပြင်မြို့နယ်များမှ တရားမဝင် ကညင်၊ အင်၊ နှော သစ်ခွဲသားနှင့် သစ်စုစုပေါင်း ၁၀၁ ဒသမ ၅၇၂၈ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မင်းကင်းမြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် အောက်တိုဘာ ၃၀ ရက်က မင်းကင်းမြို့နယ် အင်တိုင်းကုန်းကြိုးဝိုင်း၊ မောက္ကတော်-အောင်ချမ်းသာသွားကားလမ်းခြောက်မိုင်စခန်းနှင့် ယားရွာဆိပ်ကမ်းတို့မှ တရားမဝင် အင်သစ်လုံး ၁၆ ဒသမ ၁၅၂၆ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အရေးယူ

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် ဖောင်ကြီး-ပဲခူးလမ်းကြီးလေးကြီးလမ်း မိုင်တိုင် (၂၅/၄) နှင့် (၂၅/၅)အကြား၌ တရားမဝင် ကညင်ခွဲသား ၈ ဒသမ ၈၁၂၂ တန်ကို ယာဉ်နှစ်စီးနှင့်အတူ ယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့် သစ်ပိုင်ရှင်သုံးဦးတို့အား ဖမ်းဆီးရမိ၍ သစ်တောဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄)
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)/ဘက်စုံဝန်ထမ်းများနေရာတွင် ဝန်ထမ်း ၃၀၀၀ဦး ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျန်းမာရေးဦးစီးဌာနများတွင် လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄)သင်တန်း

၁။ လျှောက်ထားသူသည် အခြေခံပညာအထက်တန်းကို (က)အဆင့်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။
၂။ လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
၃။ လျှောက်ထားသူများသည် အစိုးရဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။ သက်ဆိုင်ရာ ဌာနအကြီးအကဲထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။
၄။ ရွေးချယ်ခံရပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)အဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၃)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေကျပ် တစ်သိန်းပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည် ဖြစ်ပါသည်။
၅။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၁၁-၂၀၁၃ ရက် (သောကြာနေ့)ဖြစ်ပါသည်။
၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ တစ်ပြိုင်နက်တည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာကိုပေါင်း၍ မေးခွန်းလွှာတစ်ခုတည်းနှင့် စစ်ဆေးမည်ဖြစ်ပြီး ဖြေဆိုချိန် (၂)နာရီဖြစ်ပါသည်။
၇။ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူစာရင်းကို ၂၈-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနများတွင် ကြေညာမည်ဖြစ်ပြီး နှုတ်ဖြေစာမေးပွဲကို ၃၀-၁၁-၂၀၁၃ ရက် (စနေနေ့)မှစတင်၍ ကျင်းပမည်ဖြစ်ပါသည်။
၈။ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲအောင်မြင်သည့် သင်တန်းသားများကို သက်ဆိုင်ရာမြို့နယ်အလိုက် လစ်လပ်သည့်နေရာများတွင် ဘက်စုံအခြေခံကျန်းမာရေးဝန်ထမ်းအဖြစ် ခန့်ထားမည် ဖြစ်ပါသည်။
၉။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျန်းမာရေးဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၆-၁၁-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၉-၁၁-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၁-၁၀-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၄-၁၁-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၆၀၈၅၁

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၁-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး

ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့

ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၁၆၃၇၊ ၀၇၃-၂၁၅၁၁

ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဖြူတင် ၁၂/တမန(နိုင်)၁၁၇၃၁၄၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၈၆၀၃၅၄၅၊ ၀၉-၅၁၉၉၀၉၉

မှုခင်းသတင်းနှင့်ကြော်ငြာ

လည်ပင်းကို နွားချည်ကြိုးဖြင့် ရစ်ပတ်အသတ်ခံရပြီးသေဆုံး

ဆားလင်းကြီး နိုဝင်ဘာ ၄

ဆားလင်းကြီးမြို့နယ် ဆားခါး ကျေးရွာတွင် နေထိုင်သူ မသင်းသင်း အေး(၂၀ နှစ်)သည် ဆားခါးကျေး ရွာ၏ မြောက်ဘက် လေးဖာလုံခန့် အကွာ ဦးကံဖူး၏ နွားစာပြောင်းခင်း အတွင်းတွင် ပက်လက်အနေအထား ဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ၂ ရက် မွန်းလွဲ ၁ နာရီခန့်က သေဆုံးသူ၏ ဖခင်ဖြစ်သူ ဦးမြင့်စိုးမှာ ဆားခါးရွာ နေအိမ်၌ရှိစဉ် သမီးဖြစ်သူ မသင်း သင်းအေးမှာ တစ်ရွာတည်းနေ မဖြူ မဖြိုးအိစံ၊ မခင်မျိုးစန်းတို့နှင့်အတူ ကိုမြစိုး၏အခင်းသို့ ပေါင်းရှင်းရန် နံနက် ၇ နာရီခန့်က ထွက်ခွာသွား ကြပြီး မသင်းသင်းအေးမှာ ကိုမြစိုး၏ အခင်းမှ နံနက် ၈ နာရီခွဲခန့်တွင် နေအိမ်သို့တံစဉ်နှင့်အရှည်သုံးတောင် ခန့်ရှိ နွားချည်ကြိုးတစ်ချောင်းတို့ကို ပြန်လာယူပြီး ချက်ချင်းနေအိမ်မှ ကိုမြစိုး၏ အခင်းသို့ ပြန်လည်ထွက် ခွာသွားခဲ့ရာမှ ကိုမြစိုး အခင်းသို့ သမီးဖြစ်သူ မရောက်ရှိကြောင်းကို မွန်းတည့် ၁၂ နာရီခန့်တွင် မဖြူ မဖြိုးအိစံ၊ မခင်မျိုးစန်းတို့ သုံးဦးသာ ရွာသို့ပြန်လည်ရောက်ရှိလာချိန်တွင် ဖခင်ဖြစ်သူ ဦးမြင့်စိုး သိရှိခဲ့ရသဖြင့် သမီးဖြစ်သူမသင်းသင်းအေးကို မွန်း လွဲ၁နာရီခန့်တွင် လိုက်လံရှာဖွေခဲ့ရာ ဆားခါးရွာ၏ မြောက်ဘက်လေးဖာလုံ ခန့်အကွာဦးကံဖူး၏နွားစာခင်းအတွင်း ပက်လက်အနေအထားဖြင့် လည် ပင်းတွင်အရှည်သုံးတောင်ခန့်နှင့်လုံး ပတ်တစ်မတ်လုံးခန့်ရှိ နွားချည်ကြိုး ဖြင့် ရစ်ပတ်လျက်အနေအထားဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါ အမှုကို ဆားလင်းကြီး မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်း ထားကြောင်းနှင့်ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးအရေးယူ နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့မရဲစခန်း တာဝန်ရှိသူတစ်ဦးထံ က သိရသည်။

ဦးငယ်(ဆားလင်းကြီး)

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်အတွင်း ဖြစ်ပွားသောခိုးယူမှု ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၄

အောက်တိုဘာ ၂၇ ရက်ညပိုင်း က မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ဘုရားလမ်းရှိ အပြည်ပြည် ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် သီတင်းသုံးနေထိုင် သော ဒုတိယပါမောက္ခချုပ်၏ အခန်း ကို တံခါးသော့ဖျက်၍ဝင်ရောက်ပြီး ဝတ္ထုငွေကျပ် ၁၀သိန်းယူဆောင်သွား သဖြင့်ဝတ္ထုငွေများပျောက်ဆုံးကြောင်း ဌာနစုမှူး ဦးဇော်မင်းက မရမ်းကုန်း မြို့မရဲစခန်းသို့ လာရောက်တိုင်တန်း သဖြင့် လက်ခံစစ်ဆေးစုံစမ်းဆောင် ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ အမှုနှင့်ပတ်သက်၍အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးအထူးမှုခင်းနှိမ်နင်းရေး ဌာနစုရှိတပ်ဖွဲ့ဝင်များကစုံစမ်းဆောင် ရွက်ခဲ့ရာ ယခင်က ဆရာတော်ကြီး၏ ယာဉ်မောင်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ ကျော်လင်း(ခ)သီဟ ကြိုကြိုက်ကျေးရွာ ဇလွန်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူဖြစ်ကြောင်း စုံစမ်းသိရှိရ သဖြင့် အောက်တိုဘာ၃၁ရက် ညနေ ၃နာရီခွဲတွင်ဇလွန်မြို့နယ်နေအိမ်မှ ၎င်းကိုဖမ်းဆီးရမိခဲ့ပြီး ခိုးယူရရှိသည့် ငွေများဖြင့် အလေးချိန် ရှစ်ပဲ နှစ်ရွေး ခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ အမျိုးသား ပတ်နာရီတစ်လုံးဝယ်ယူထားကြောင်း စစ်ဆေးရရှိသဖြင့် သက်သေခံပစ္စည်း များသိမ်းဆည်းကာ ကျန်သက်သေခံ ပစ္စည်းများသိမ်းဆည်းနိုင်ရေးဆက် လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

လူယက်မှုကျူးလွန်သူများကို အခင်းဖြစ်နေရာအနီးဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၄

အောက်တိုဘာ ၃၁ ရက် ည ၇ နာရီ ၄၅ မိနစ်က ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက်မှ မောင်ရဲလင်းအောင် သည် သူငယ်ချင်းဖြစ်သူနှင့်အတူ စည်ပင်အားကစားဝင်း သို့ ကျူရှင်တက်ရန်အတွက် ၁၅ ပေခုံးတံတားပေါ်မှ သွားခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန် ရပ်ကွက် ဟိန္ဒူဘုရားကျောင်းအနီးအရောက်တွင် လူမြင် လျှင် (မှတ်မိ) လူငယ်လေးဦးက ၎င်းတို့နှစ်ဦးကို ဝိုင်းဝန်းတွန်းထိုး၍ ၎င်းတို့ထံတွင် ပါလာသော ဆင်း ကတ်ပါ Nokia အမျိုးအစား အပြာရောင် လက်ကိုင် ဖုန်းတစ်လုံး၊ နာရီနှစ်လုံး၊ MP 3 တစ်လုံး၊ အပြာရောင် ကျောပိုးအိတ်တစ်လုံးစုစုပေါင်း တန်ဖိုးငွေကျပ် ၄၂၈၂၀၀ ကို လုယူထွက်ပြေးသွားသဖြင့် ၎င်းတို့လေးဦး အား အရေးယူပေးပါရန်တိုင်တန်းသဖြင့် မင်္ဂလာ တောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက် ခဲ့ကြောင်းသိရသည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီး ရမိရေးအတွက် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အရှေ့ပိုင်းခရိုင် အထူးမှုခင်း နှိမ်နင်း ရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စုံစမ်းခဲ့ရာ နိုဝင်ဘာ ၁ ရက်တွင် အဆိုပါ ပြစ်မှုကျူးလွန်သူ နန္ဒ(ခ) ငါးဘီးလူး ပုသိမ်မြေရပ်ကွက် ဒေါပုံမြို့နယ်၊ ခေါ်လေး(ခ) စန်းဝင်း (၁၀)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်၊ အောင် မင်းနှင့် သန်းထိုက်(ခ) သံလက်သီး ဆေးစပ်ရပ်ကွက် ဒေါပုံမြို့နယ်နေသူတို့ လေးဦးကို အခင်းဖြစ်အနီး ဝန်းကျင်က ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ အဆိုပါ အမှု ကို ၎င်းတို့လေးဦး ကျူးလွန်ခဲ့ကြောင်း စစ်ဆေးခဲ့ပြီး သက်သေခံပစ္စည်းများကို ပြန်လည်အပ်နှံပေးသဖြင့် သိမ်းဆည်းခဲ့ကာ အခြားအမှုများနှင့်တိုက်ဆိုင်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

လူနှစ်ဦးကို ဓားဖြင့် အကြောင်းမဲ့ လိုက်လံခုတ်သူကို ဖမ်းဆီးအရေးယူထား

ခင်ဦး နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ် ညောင်ကန်ကျေး ရွာ၌ လူနှစ်ဦးအား အကြောင်းမဲ့ဓား ဖြင့် လိုက်လံခုတ်သူကို ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် နံနက်၁၀နာရီခွဲတွင်ညောင်ကန် ကျေးရွာနေ ဦးကျော်အောင် နေအိမ် ၏နောက်ဖေးတွင် ဓားသွေးနေသူ ကိုအောင်ထွန်းကိုဦးကျော်အောင်၏ သားထွန်းမြင့်သည်နေအိမ်ထဲမှဓားကိုင် ၍ထွက်လာပြီး ဓားဖြင့်ခုတ်လိုက်ရာ ဓားသွေးနေသူကိုအောင်ထွန်း(၄၉နှစ်) မှာ ဓားဒဏ်ရာများရရှိသွားကြောင်း၊ ဓားဖြင့်ခုတ်သူ ထွန်းမြင့်သည် ရွာ အပြင်သို့ထွက်ပြေးသွားပြီး ရွာအပြင် ၌ ဆိတ်ကျောင်းနေသူ ကိုပေါ်ဦး (၃၈ နှစ်) ကို ဆက်လက်ခုတ်ပြန်ရာ ဓားဒဏ်ရာများ ရရှိသွားကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း က တရားလိုအဖြစ်တိုင်တန်းထား ကြောင်း၊ အမှုစစ်အဖြစ် ခင်ဦး ရဲစခန်းမှ ဒုရဲအုပ်စိုးထက်မောင်မောင် က ထွန်းမြင့် (၄၀နှစ်)ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရောင်နီတင်ဝင်း

မကွေးမြသလွန်ဘုရားပွဲတော်အတွင်း တဝဂူဘုရားမုခ်ဦးအဝင်၌ အမျိုးသားတစ်ဦးသေဆုံး

မကွေး နိုဝင်ဘာ ၄

မကွေးမြို့ မြသလွန်ဘုရားပွဲတော်အတွင်း တဝဂူဘုရားမုခ်ဦးအဝင်၌ နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီက အမျိုးသားတစ်ဦးသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ရက် ညနေ ၄ နာရီခန့်တွင် မကွေးမြသလွန် ဘုရားပွဲတော်အတွင်း တစ်ဝဂူဘုရား အတက်မုခ်ဦးအဝင်၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း အနီးရှိပြည်သူများက သတင်းပေး၍ ဘုရားပွဲ တော်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဘုရားပွဲတော်မီးသတ်တပ်ဖွဲ့နှင့်တာဝန်ရှိသူများသွားရောက်ခဲ့ရာ အမည်မသိ (စုံစမ်းစစ်ဆေးဆဲ) (၃၅/၄၀ နှစ်) ခန့်မှန်းအမျိုးသားတစ်ဦး ပိန်ပိန်ရှည်ရှည် ဆံပင်ရှည် အသားဖြူသော လူတစ်ဦး ထိုင်လျက်သား စောင်းတန်းအုတ်ခုံကိုမှီ၍ ဇက်ကျိုးကျပြီး သေဆုံးနေကြောင်း မြင်တွေ့ရသည်။

အရက်သောက်စားထားခြင်းမရှိ၊ သူ၏ခန္ဓာကိုယ်၌လည်း ဒဏ်ရာမရှိကြောင်း၊ ညာဘက်ဒူးခေါင်းမှာ ပွတ်ရှရာ အနည်းငယ်ဖြင့်သွေးစို့နေကြောင်း၊ မကြာမီအချိန်အတွင်းက အားပြတ်၍ သေဆုံးနေသည်ဟု ထင်ကြောင်း၊ ၎င်း သေဆုံးသူအား သူနှင့်သက်ဆိုင်သူ ဆွေမျိုး မိဘများသိရှိနိုင်ရန် ဓာတ်ပုံရိုက်ယူ၍ မှတ်တမ်းတင်ထားကြောင်း၊ သေဆုံးသူ၏ အလောင်းကို မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပြီး မကွေးမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Power Extin guisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

သားလေး သုခသွေး(ခ)တုံတုံ
(၃)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

အမျိုးကောင်းသား ရတနာကြားက
ဖွားမြောက်ယုယ ဘိုးဘွားတုံချစ်
ရင်နှစ်သည်းချာ မြေးရတနာလေး
သုခသွေး ၏ မွေးနေ့မင်္ဂလာ
(၃)နှစ်ဖြာနေ့ နှစ်တစ်ရာပြည့်တိုင်
သုခပိုင်စေ ကောင်းမှုတောင်းဆုပြည့်ပါစေ။

ဘိုးဘိုး-ဘွားဘွား - ဗိုလ်မှူးစောလှိုင်(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း
ဘိုးဘိုး-ဘွားဘွား - ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ (လှသီတာစိန်ရွှေရတနာဆိုင်-သမိုင်းဘူတာရုံလမ်း)
ဖေဖေ-မေမေ - ဗိုလ်မှူးစိုးငြိမ်းထွန်း(ငြိမ်း)-ဒေါ်အေးနန္ဒာဝေ
လေပြေသွေး(ခ)ဖူးဖူး Grade II-B (TTC)

ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၆၈၆)အား ဦးတင်ထွန်းအောင် (ဘ) ဦးချစ်မြိုင် ၉/လဝန(နိုင်) ၁၃၉၉၉၅ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။
၂။ အဆိုပါမြေကွက်အမှတ်(၁၆၈၆)အား လက်ဝယ်ပိုင်ဆိုင်သူ ဦးတင်ထွန်းအောင် (ဘ) ဦးချစ်မြိုင် ၉/လဝန(နိုင်)၁၃၉၉၉၅ က အဆိုပါမြေကွက်၏ မြေပေးစာလစ်မူရင်းပျောက်ဆုံး သွားပါ၍ မြေပေးစာလစ်မိတ္တူမှန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စတုတ္ထအကြိမ် ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

စတုတ္ထအကြိမ်မြောက် ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲ၊ အစိုးရဓမ္မာစရိယတန်းအောင်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း အောင်မြေသာယာဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ ဝမ်းတွင်းမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါကထိန်အလှူပွဲနှင့်အတူ ၂၀၁၂-၂၀၁၃ အစိုးရဓမ္မာစရိယတန်းအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ရာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက်မတိုင်မီ အစိုးရဓမ္မာစရိယတန်းအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများ၏စာရင်းကို ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက်မတိုင်မီ အမှတ် ၆၅၊ မင်းနန္ဒာလမ်း၊ သာကေတ မြို့နယ်၊ ဖုန်း-၀၁-၉၁၉၀၄၉၆၊ ၀၁-၂၉၁၄၄၁၊ ၀၉-၂၀၄၃၆၉၅၊ ၀၉-၈၆၀၁၂၄၀၊ ၀၉-၇၃၂၂၅၃၉၅တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းတိုးချဲ့ရပ်ကွက်နေ ဦးချစ်ဦး၏သား မောင်ချမ်းမြေ့လင်း ၉/မထလ(နိုင်)၁၁၄၃၃၀သည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်ချမ်းမြေ့လင်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ မိဘများ၊ ဆွေမျိုးများနှင့် မသက်ဆိုင်တော့ပါ။

မိဘဖြစ်သူ
ဦးချစ်ဦး ၉/မထလ(နိုင်)၀၅၅၁၇၁
မိတ္ထီလာမြို့

ရွှေပိဋကတ်ကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် နာယကဆရာတော်ကြီးများအုပ်ချုပ်သော ရွှေပိဋကတ်တိုက်၌ ပုရိမဝါဆိုကပ်တော်မူကြသည့် သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်မြတ် အပါး(၂၇၀)တို့အား ပရိယတ္တိသာသနပါလ အသင်းမှကြီးမှူးသော (၅၅)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပါမည်။ အခမ်း အနားကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်၊ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇဆွမ်းစားကျောင်း၌ ကျင်းပမည်ဖြစ်ပါသည်။

သင်္ကန်းတစ်စုံငွေကျပ် ၅၀၀၀ (မိမိနှစ်သက်ရာဖြစ်စေ)၊ သံဃာတစ်ပါးအတွက် ဆွမ်းစရိတ် ငွေကျပ် ၂၀၀၀ စသည့် လှူဖွယ်ပစ္စည်းများကို ပရိယတ္တိသာသနပါလအသင်းအမှုဆောင်အဖွဲ့သို့ ဆက်သွယ်လျက် စေတနာသုံးတန်ပြဋ္ဌာန်းပြီး နိဗ္ဗာန်ရည်မှန်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော် အပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနပါလအသင်း
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

Government High School နှင့် အထက(၁)စစ်တွေ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲဖိတ်ကြားလွှာ

၂၇-၁၁-၂၀၁၃ရက် အမျိုးသားနေ့

အသက်(၆၀)ပြည့်ပြီး ဆရာ ဆရာမကြီးများအား ပူဇော်ပွဲနှင့် သက်ကြီး ကျောင်းသား ကျောင်းသူများအား ဂါရဝပြုတွေ့ဆုံပွဲကို အောက်ပါအတိုင်း စီစဉ်ကျင်းပပါမည်။ သို့ဖြစ်ပါ၍ အထက(၁)တွင် ပညာသင်ဖူးသူတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(၄၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ(စစ်တွေ)
ဝေသာလီခန်းမ၊ အထက(၁)စစ်တွေ
နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ (၂၇-၁၁-၂၀၁၃ရက် အမျိုးသားနေ့)

(၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ(ရန်ကုန်)
ညေဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဗိုလ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
မွန်းလွဲ ၁း၀၀ နာရီမှ ၄း၀၀ နာရီ (၂၇-၁၁-၂၀၁၃ရက် အမျိုးသားနေ့)

ဆက်သွယ်ရန်
စစ်တွေတွင်- ဦးစိန်ဝင်း ဖုန်း-၀၄၃-၂၁၉၂၀၊ ဦးထွန်းစံအောင် ဖုန်း-၀၄၃-၂၁၉၅၄၊ ဒေါ်စောစောဝင်း ဖုန်း-၀၄၃-၂၁၄၄၃၊ **ရန်ကုန်တွင်-**ဒေါ်မာလာကြည် ဖုန်း-၀၉-၇၃၁၅၄၃၁၃၊ ဦးဘသိန်းခိုင် ဖုန်း-၀၉-၇၃၀၇၅၂၆၁၊ ဒေါ်မြသိန်း ဖုန်း-၀၉-၅၁၉၂၄၂၆၊ ဦးစောမြင့်(စောစော) ဖုန်း-၀၉-၅၁၈၈၉၇၉၊ ဦးစံသာအောင် ဖုန်း-၀၉-၅၁၅၀၀၉၆

နယ်သတင်းနှင့်ကြော်ငြာ

ဝါအထွက်၌ ပိုဈေးကောင်းလာသော အုန်းငှက်ပျော

ရန်ကုန် နိုဝင်ဘာ ၄

ယခုရက်ပိုင်းအတွင်းကြည့်မြင်တိုင် ကမ်းနားလမ်း ဗားကရာ အုန်း၊ ငှက်ပျော၊ ကြံ ကုန်စည်တန်း၌ ၁၂ ဘီးတပ် ငှက်ပျောခိုင်တင်ကားကြီးများကို တစ်စီးတစ်တန်းကြီး အတွေ့များလာခဲ့သည်။ ကားကြီးများပေါ်တွင်လည်း လှပတုတ်ခိုင်လှသော ဖီးကြမ်းငှက်ပျောခိုင်များကို အပြည့်တင်ဆောင်လာကြသည်။ ငှက်ပျောသီးများ အပူဒဏ်ကာကွယ်ရန် ငှက်ပျောဖက်များဖြင့် အခိုင်တိုင်းတွင် ပတ်ထားကြသည်။

၄င်းကားကြီးများလာရာ အရပ်ကိုမေးကြည့်ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တို့မှ ဖြစ်ကြောင်း ဆိုကြသည်။ ကားကြီးတစ်စီးအပြည့်ဆိုပါကအခိုင်ကြီးလျှင် ၆၀၀ခန့်ပါတတ်ပြီးအခိုင်သေးပါက ၆၅၀ခန့်ပါတတ်ကြောင်း ငှက်ပျောကုန်သည် ဦးသီလကဆိုပါသည်။

သယ်ယူစရိတ်အားဖြင့်တစ်ဆယ့်နှစ်ဘီးကားကြီးတစ်စီးလျှင်ကုန်စည်မပြည့် ငွေကျပ်၃၅၀၀၀၀မှ ကျပ် ၄၀၀၀၀၀အထိ ပေးရကြောင်းသိရသည်။ ယခုရက်ပိုင်းအတွင်း၌ နေ့စဉ် ကားကြီး လေးငါးခြောက်စီး ပုံမှန်ဝင်လျက်ရှိနေကြောင်း ၄င်းကထပ်မံ ပြောကြားသည်။

ကုန်စည်ဒိုင်မှ ယခုနောက်ပိုင်း၌ ကျောက်ဆည်၊ရွှေဘိုထွက် ဖီးကြမ်းများက ဧရာဝတီတိုင်းဒေသကြီးထွက် ဖီးကြမ်းများထက် အဖီးပို၍ လှသလို ဈေးလည်းပိုရကြောင်း သိရသည်။ ကျောက်ဆည်၊ ရွှေဘို ဖီးကြမ်းတစ်ဖီးလျှင် ငွေကျပ် ၇၀၀/၈၀၀မှကျပ်၁၀၀၀အထိဈေးကောင်းရရှိနေကြောင်း သိရသည်။

ဝါအဝင်၌ ပို၍အရောင်းသွက်သော်လည်း ယခုဝါအထွက်ရောင်းအားပုံမှန်ရှိပြီးဝါအဝင်ကထက်ဈေးပိုမြင့်နေကြောင်း ၄င်းကဆိုသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိကျုံပျော်၊ ကျောင်းကုန်း၊ ကျိုက်လတ်၊ ဖျာပုံတို့မှ ငှက်ပျောမှာ ရေလမ်းခရီးမှ ပုံမှန်ဝင်လျက်ရှိနေပြီး ဈေးအားဖြင့် ငွေကျပ်၃၅၀၊၄၀၀မှ ကျပ်၅၀၀အထိသာဈေးရှိနေသည်ဟုသိရသည်။

သီးမွှေး

သီးမွှေးငှက်ပျောသီး ကောင်းကောင်းကိုမူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းကုန်း၊ ကျုံပျော်၊ ကျိုက်လတ်နှင့်ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တို့မှ ကုန်စည်ဒိုင်ကြီးအတွင်းသို့ နေ့စဉ်မပြတ်ဝင်လျက်ရှိနေကြောင်း သိရသည်။

အဖီးလှလှတစ်ဖီးလျှင် ငွေ ကျပ် ၁၃၀၀အထိ ဈေးရှိနေပြီး သူ့အရွယ်နှင့် သူ့ဈေး အစားစားရှိနေသည်။ နေ့စဉ်မော်တော်သုံးလေးစင်းခန့်ပုံမှန်ဝင်လျက်ရှိနေသည်ဟုငှက်ပျောကုန်ဒိုင်မှအမျိုးသမီးကြီးတစ်ဦးကဆိုသည်။

အုန်း

အုန်း၊ ငှက်ပျောကုန်စည်နှင့်ပတ်သက်လျှင် အမြဲသတင်းကောင်းများပေးတတ်သောကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်ဒင်က ဝါထွက်ဖြစ်ပေမယ့် အရောင်းအဝယ် ကောင်းတယ်ဗျ၊ ဈေးက ဝါအဝင်ထက်တောင်ပိုမြင့်နေသေးတယ်ဟု သတင်းသမား၏ အမေးစကားမစမီမှာပင် ဦးစွာဆိုခဲ့သည်ကြောင့် ပြုံးမိခဲ့သည်။

ဝါအဝင်၌ ဆွဲအုန်းတစ်လုံးလျှင် ငွေကျပ်၂၅၀-၃၅၀ရှိနေခဲ့ရာမှ ယခုဝါအထွက်၌ တစ်လုံးလျှင် ကျပ်၃၅၀မှ ကျပ် ၅၀၀အထိ အခွံကျွတ်အုန်းတစ်လုံးဈေးမှာ ဝါအဝင်က ငွေကျပ်၁၅၀-၂၅၀ရှိနေရာမှ ယနေ့ ကျပ်၂၅၀မှ ၄၀၀ ရနေကြောင်း ၄င်းကဆိုသည်။

ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ချောင်းသာ(ပုသိမ်)၊ သံတွဲ၊ ဂွ၊ ရေး၊ မြိတ်/ထားဝယ်တို့မှအခွံကျွတ်အုန်းများ အဝင်များတတ်ပြီးဖျာပုံ၊ဘိုကလေး၊ ကျိုက်လတ်အုန်းများထက်သံတွဲ၊ ဂွ၊ ရေး၊ မြိတ်၊ချောင်းသာ(ပုသိမ်)အုန်းများက ရောင်းဈေးပိုနေတတ်သည်။

ရောင်းအားကို မေးကြည့်ရာ ကုန်စည်ဒိုင်အတွင်းသို့ဧရာဝတီတိုင်းဒေသကြီးမှနေ့စဉ်အုန်းအလုံး၂၀၀၀၀မှ ၃၀၀၀၀အကြား ရခိုင်၊ မြိတ်၊ ရေး၊ထားဝယ်ဘက်မှနေ့စဉ်ပုံမှန်အလုံး ၁၀၀၀၀မှ ၁၅၀၀၀အကြားဝင်လျက်ရှိနေပြီး နယ်ရောင်းအားမြင့်တက်မှုရှိနေသည့် အတွက်၊ အဝင်ကိုနေ့စဉ်မျှော်နေရကြောင်း ဗားကရာ ကုန်စည်ဒိုင်၏အုန်း၊ ငှက်ပျော ဈေးကွက်သတင်းဖြန့်ချီရေးလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေဘို၊ ကျောက်ဆည်ထွက် ဖီးကြမ်းငှက်ပျောသီးများ တွေ့ရစဉ်။

လေးမျက်နှာ မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ကွက် မှတ်ပုံတင်ပေးအပ်

လေးမျက်နှာ နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်တွင်မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနတိုင်းဒေသကြီး ဝန်ကြီးဦးစန်းမောင်၊ လေးမျက်နှာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီးကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များခရိုင်နှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များ၊တောင်သူလယ်သမားများ တက်ရောက်သည်။

အခမ်းအနားတွင်တိုင်းဒေသကြီး စည်ပင်ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီးကြေးတိုင်နှင့်မြေစာရင်းဦးစီးမှူးတို့မှဂုဏ်ပြုအမှာစကားများကိုအသီးသီးပြောကြားပေးခဲ့ကြပြီးတာဝန်ရှိသူများက လေးမျက်နှာမြို့နယ်အတွင်းမှ တောင်သူလယ်သမား၁၈၈၄၅ဦးတို့၏ လယ်ယာမြေ ဦးပိုင်လုပ်ကွက်ပေါင်း ၂၈၆၈၆အတွက် လယ်ယာမြေမှတ်ပုံတင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ဇော် (ဟင်္သာတ)

စလင်းမြို့တွင် အခြေခံပညာ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓမ္မစကူးလ် သင်တန်းဖွင့်

စလင်း နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့ အခြေခံပညာ ဗုဒ္ဓဘာသာယဉ်ကျေးမှု ဓမ္မစကူးလ်သင်တန်းကို ထေရဝါဒ ဗုဒ္ဓသာသနာ့ရက္ခိတ အသင်းကြီး၏ ဆရာတော်ကြီးများက ကြီးမှူး၍ မြတ်ရတနာဓမ္မာရုံတွင် အောက်တိုဘာ ၃ ရက်မှစတင်၍ဖွင့်လှစ်သင်ကြားခဲ့သည်။ အဆိုပါသင်တန်းသို့ စလင်းမြို့နယ်ကျောင်းများ ပထမတန်းကျောင်းသား ကျောင်းသူ၁၀၉ဦး၊ ဒုတိယတန်းမှ ၁၁၅ဦး၊ တတိယတန်းမှ ၁၂၆ ဦး ပေါင်း၃၅၀ တက်ရောက်သင်ကြားပြီး ဝါတွင်းကာလတွင် အဖိတ်-ဥပုသ်နေ့များနှင့် ဝါပကာလတွင် စနေ၊ တနင်္ဂနွေနေ့တိုင်း ကျောင်းတိုက်များမှ ဆရာတော်များနှင့် သီလရှင်ဆရာလေးများမှ သင်ကြားပေးလျက်ရှိသည်။ မြို့နေလူထုမှ အဆိုပါ သင်တန်းသားများအား အာဟာရဒါနနှင့် အခြားလိုအပ်သော သင်ထောက်ပစ္စည်းများကို လှူဒါန်းကြကြောင်း၊ မိမိသဒ္ဓါတရားအရ လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မိတ္ထီလာမြို့ ကျွန်းဖိုပင်ကျေးရွာတွင် ခရီးသည်တင် မှန်လုံယာဉ်နှစ်စီးတိုက်

မိတ္ထီလာ နိုဝင်ဘာ ၄

မိတ္ထီလာမြို့၊ ကန်သာကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) မိုင်တိုင်အမှတ် (၃၄၆/၃)နှင့် (၃၄၆/၄)အကြား ကျွန်းဖိုပင်ကျေးရွာ ဇရပ်အနီး၌ အောက်တိုဘာ ၃၁ရက် မွန်းလွဲ၁နာရီ ၄၅မိနစ်ကခရီးသည်တင်မှန်လုံမော်တော်ယာဉ်နှစ်စီး ယာဉ်တိုက်မှုဖြစ်ပွားသော်လည်း ခရီးသည်များ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အရှိန်မထိန်းနိုင်

ဖြစ်ပွားပုံမှာမိတ္ထီလာမြို့မှ မန္တလေးမြို့ဘက်သို့ ယာဉ်မောင်း ဦးနိုင်ဝင်း (၄၁)နှစ် (ဘ)ဦးချစ်သိန်း အမှတ် (၂)ရပ်ကွက်၊ မတ္တရာမြို့နေထိုင်သူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၂၀/၄၆၉၇ ဖူဆိုအမျိုးအစား မှန်လုံခရီးသည်တင်ယာဉ်သည် နောက်ပြန်ဆုတ်စဉ် ယာဉ်ကျောတူမှ ချစ်ကိုကိုအောင်(၄၈)နှစ် (ဘ)ဦးမြတ်မောင် ပလိပ်ကားဝင်း၊ ပလိပ်မြို့နေထိုင်သူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃ခ/၁၄၉၉ ရိန်းဘိုးအမျိုးအစားခရီးသည်တင် မှန်လုံယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံး၏ မှန်များကွဲကြေပြီး ခရီးသည်များမှာ ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား ယာဉ်(ပ)၁၄/၂၀၁၃ ပြစ်မှုပုဒ်မ၂၇၉ အရ ပြည်သာယာအမှတ် (၃)ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၃၅)

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
စုပေါင်းဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်ဖြူးဆရာတော်စံလွန်တော်မူခဲ့ရာ
(၄)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကျင်းပမည်

ကျေးဇူးတော်ရှင်ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ပုရိမဝါမှ ထတော်မူကြကုန်သော ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် **ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A,Ph.D (Thesis)** အရှင်သူမြတ်နှင့်တပည့်သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က(၁၄)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် **ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ** စံလွန်တော်မူခဲ့ရာ (၄)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်(၁၀-၁၁-၂၀၁၃ရက်)တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့်သင်္ကန်း၊ ဆွမ်း၊ဝေယျာဝစ္စအလှူဒါန အစုစုတို့ကို **ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၁၇၅၅၄၊၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃**တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၅၀၂၇၀၊Luojia 110 ယာဉ်လက်ဝယ်ရှိသူ စောနပိုလီယန်၇/ပခန(နိုင်)၁၇၄၄၈၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

သဲအင်းဂူ(၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ အောင်ချမ်းသာကျောင်းတိုက်၌ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၈ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် ကျောက်ပန်းတောင်းမြို့ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းဆရာတော် နယ်လှည့်သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိ(ကျောက်ပန်းတောင်း)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။

ဦးအောင်ကြည်-ဒေါ်ကြည်စော အောင်ချမ်းသာကျောင်းတိုက်(၁)ဝိုင်း
ဖုန်း-၀၉-၅၀၀၈၄၉၀ သို့ ဆက်သွယ်စာရင်းပေးသွင်းရန်။

ဖိတ်ကြားအပ်ပါသည်

ရေတပ်လေ့ကျင့်ရေးကျောင်း(ဆိပ်ကြီး)၊ ရေကြောင်းပညာသိပ္ပံကျောင်း(ဆင်မလိုက်)နှင့် ရေကြောင်းကောလိပ်တို့မှ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းဆင်းခဲ့သော ကျောင်းသားဟောင်းများက သံဃာတော်မြတ်တို့အား ကထိန်သင်္ကန်းနှင့်တကွ ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြကုန်သော ညီနောင်ရောင်းရင်းများအတွက် ရေစက်ချအမျှပေးဝေရန်နှင့် တတိယအကြိမ် သက်ကြီးကျောင်းသားဟောင်းကြီးများကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားဟောင်းများတက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)	
အချိန်	- နံနက် ၁၀း၀၀နာရီ	
နေရာ	- ကမ္ဘောဇကျောင်းတိုက်၊ ရတနာလမ်း၊ သာကေတ (၁၀)တောင်ရပ်ကွက်၊ ဆောက်လုပ်ရေးမှတ်တိုင်အနီး	
ဆက်သွယ်ရန်-	**သိန်းဝင်း**	**ဖုန်း-၀၉-၅၀၃၆၇၄၀**
	ဇော်ဝင်း	**ဖုန်း-၀၉-၅၁၈၈၃၀၃**
	ကျော်စိန်ဝင်း	**ဖုန်း-၀၁-၇၀၃၈၃၄**
	ညီညီမောင်	**ဖုန်း-၀၉-၅၁၇၅၈၅၃**

ဖခင်အမည်မှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်ဒမ(မူလွန်)၊ စတုတ္ထတန်းမှ မောင်သန့်ဇင်ထွန်းအား ယနေ့မှစ၍ ဟိန်းဝေယံကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဟိန်းဝေယံကျော်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၉၄/၉၆၆၇ ထော်လာဂျီ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၂/လကန(နိုင်)၀၃၉၇၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)

ယာဉ်မှတ်ပုံတင်ခွင့် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၈၂၁၄ Toyota Liteace CM 55၊ P/U (4 ×2) R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၉/မနမ(နိုင်)၀၁၂၈၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

[illegible]
(Open Tender) [illegible]

စဉ်	[illegible]	[illegible]
၁	[illegible]	[illegible]
၂	[illegible]	[illegible]
၃	[illegible]	[illegible]
၄	[illegible]	[illegible] 400 V Over Head [illegible]

[illegible]
294352, 291994

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ရတနာပုံတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်

၂၀၁၃ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော-

(က) မဟာသုတေသနဘွဲ့ (MRes)စာမေးပွဲအောင်မြင်ပြီးသူများ။

၂၀၁၃ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သော-

(ခ) မဟာဝိဇ္ဇာဘွဲ့/ မဟာသိပ္ပံဘွဲ့/ မဟာဥပဒေဘွဲ့ (MA/MSc/LLM) စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော-

(ဂ) ဝိဇ္ဇာ/သိပ္ပံ (BA/BSc) စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)

(ဃ) ဥပဒေဘွဲ့ (LL.B)စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများ အပါအဝင်)

(င) ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (Honours)စာမေးပွဲအောင်မြင်ပြီးသူများ။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ရယူဖြည့်စွက်ပြီး **၁-၁၁-၂၀၁၃ ရက်မှ ၂-၁၂-၂၀၁၃ရက်အထိ** စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် (၆)လအတွင်း ရိုက်ကူးထားသော (၂×၁½) လက်မ ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်ထားတင်သွင်းနိုင်ကြပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀ိ/- ဖြစ်ပြီး အဝေးရောက် ဘွဲ့ယူသူများအတွက် ၁၀၀၀ိ/-ဖြစ်ပါသည်။

၃။ စာတိုက်မှပေးပို့သည့်အခါ ငွေပို့လွှာတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း** ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်သို့လိပ်မူ၍ **လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို** တိကျစွာဖော်ပြရပါမည်။

၄။ ၂၀၁၃ ခုနှစ် မေလမတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ ကုန်ထုတ်ဓာတုဗေဒ၊ ဘူမိဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာအထူးပြုဘာသာရပ်များဖြင့် ဘွဲ့ယူကြမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) (ဧည့်)နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံသား(ပြု)လက်မှတ်မူရင်း တင်ပြကြရမည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကိုတင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(တင်စောထွေး)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်

ငွေစိုက်ရင်ငွေသီးမယ့်မြေ

မကြာမီ ဖွံ့ဖြိုးလာတော့မည့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင်ရှိ ရန်ကုန်မြို့၏ရှုခင်းကိုခံစားကြည့်ရှုနိုင်သည့်နေရာ (RIVER VIEW) မြေ ပေ (၂၀×၄၀) (အိမ်+မီး) နှစ်ကွက်။

(ကျပ် ၁၂၅ သိန်း၊ ကျပ် ၁၃၅ သိန်း)

ဖုန်း-၀၁-၂၂၇၃၂၈၊ ၀၁-၂၁၄၉၇၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ် ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၄-၁၁-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၂၉-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၃)၊ ရုံးအမှတ် (၁၅)တွင် အမျိုးအစားတစ်ခု ၃၀၀၀ိ/-ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ် ၁၅၊ ဖုန်း-၀၆၇-၄၁၀၀၉၄

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲအသီးသီးတွင်တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	**အင်ဂျင်နီယာ (B.E/B.Tech/A.G.T.I) (Civil)**	ကျား	(၅)ဦး
၂။	**အင်ဂျင်နီယာ (B. Arch)**	ကျား/မ	(၂)ဦး
၃။	**စာရင်းကိုင် (B.Com)**	မ	(၂) ဦး

လျှောက်ထားလိုသူများသည် ခြောက်လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မူရင်းများနှင့်အတူ ယုဇနကုမ္ပဏီအမှတ် ၁၃၀၊ ယုဇနစင်တာ တတိယထပ် ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမြန်အလိုရှိသည်

စက်ချုပ်၊ ညှပ် ကျွမ်းကျင်အမျိုးသမီးများ အမြန်အလိုရှိသည်-

ဆက်သွယ်ရန်- အမှတ် (င-၂)၊ ဝင်ပေါက် (၂၆)၊ ယုဇနပလာဇာ (မြေညီ)

- ရန်ကုန်လေဆိပ်အနီး၊ (JAC ဝင်း၊ အရာရှိရိပ်သာ)

ဖုန်း-၀၉-၅၁၂၆၉၃၆၊ ၀၉-၅၀၅၂၅၇၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/အလင်းရောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (၄)၊ ဧရိယာ ဝ.ဒသမဝ၉၉ဧကရှိ ဦးအေးမင်းဦး အမည်ဖြင့်ပိုင်ဆိုင်သောပါမစ်မြေကွက်အား ဦးကျော်ကျော် ၉/လဝန(နိုင်)၁၃၃၄၇၆ (ဘ) ဦးကျော်မောင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေကွက်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)
အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲအား GMP နှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွက် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲ၏ ကုန်ထုတ်အဆောက်အအုံအား GMP နှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများအတွက် ဆေးဝါးစက်ရုံတည်ဆောက်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်**	- ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) (ရုံးချိန်)
(ခ)	**တင်ဒါပိတ်မည့်ရက်နှင့်အချိန်**	- ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀နာရီ
(ဂ)	**တင်ဒါပေးသွင်းရမည့်နေရာ**	- ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ် (၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄၊ ၀၁-၆၃၉၅၁၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-A)၊ မြေကွက်အမှတ် (၂၈၈-က)၊ ဧရိယာ ဝ.ဒသမဝ၄၂၈ဧကရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၅)လမ်း၊ အမှတ် (၉၁/က)ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံ ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးကျော် ၁၂/လမန(နိုင်)၀၇၉၈၄၇၊ ဦးမြင့်ဆွေ ၁၂/လမန(နိုင်)၁၀၈၀၉၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဝင်း B.A, H.G.P, R.L, D.B.L, D.I.L, D.M.L, M.P.A, M.A(BL), PGDIT (New Delhi), D.Jap. (UFL) အထက်တန်းရှေ့နေ
အမှတ် (၆၇)၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083 (2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084 (2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085 (2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086 (2013-2014)	27/8" x 6.5 lb/ft J55 EUE Tubing	(5000) Mtr	US$
(၅)	IFB-087 (2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6) Items	US$
(၆)	IFB-088 (2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5) Items	US$
(၇)	IFB-089 (2013-2014)	Skid Mounted Single Pump Cementing Unit (With Engine Driven)	(1) Unit	US$
(၈)	IFB-090 (2013-2014)	Welding Machine (400AMP) Mobile Type Diesel Engine Driven	(3) Units	US$
(၉)	IFB-091 (2013-2014)	Portable Welding Machine & Accessories (200AMP DC)	(4) Units	US$
(၁၀)	IFB-092 (2013-2014)	BOP Control Accumulator Unit	(1) Set	US$
(၁၁)	IFB-093 (2013-2014)	6x8 R Mixing Pump	(3) Sets	US$
(၁၂)	IFB-094 (2013-2014)	Stirred Fluid Loss Cell (Model-7120)	(1) Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light (Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil (PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5KW Diesel Engine Driven Generating Set(3) Sets & 5HP 3Phase Induction Motor (1) No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ဌာနဆိုင်ရာနှင့်လူမှုရေးကြော်ငြာ

သတ္တုတွင်းဝန်ကြီးဌာနသို့ သက်တမ်းမရှိသည့် ကုမ္ပဏီများနှင့် ဌာနမှဆက်သွယ်မရသည့် ကုမ္ပဏီများက ရွှေပေးသွင်းရန်

သတိပေးကြေညာချက်

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိပြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် သက်တမ်းမရှိသည့် ကုမ္ပဏီများနှင့် ဌာနသို့ လုံးဝဆက်သွယ်ခြင်းမရှိသောကုမ္ပဏီများ၊ ဌာနမှဆက်သွယ်ပြီးနောက် အကြောင်းပြန်ကြားခြင်းမရှိသော အောက်ဖော်ပြပါကုမ္ပဏီများသည် သတင်းစာတွင် ကြေညာပြီးနောက် ခုနစ်ရက်အတွင်း ဌာနနှင့်ဆက်သွယ်ရန်နှင့် ဆက်သွယ်မှုမရှိပါက အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ကုမ္ပဏီအမည်	အုပ်ချုပ်မှုဒါရိုက်တာအမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်
၁	သမုဒ္ဒရာနတ်သမီး	ဦးနေမျိုး	၁၂/မရက(နိုင်)၁၂၁၈၄၃
၂	မနောရတနာ	ဦးမြင့်ဇော်	၉/မလန(နိုင်)၀၉၅၈၃၅
၃	ထက်ဝေဖြိုး	ဦးအောင်လ	၅/ကသန(နိုင်)၀၈၈၁၇၁
၄	မြန်မာရွှေရတနာဟိန်း	ဦးမျိုးခင်	၆/ထဝန(နိုင်)၀၂၉၉၇၇
၅	ရွှေပင်လယ်နတ်သမီး	ဒေါ်မြမြဆင့်	၆/ပလန(နိုင်)၀၀၁၈၆၃
၆	ရွှေဝင်းဝါ	ဦးတင်ငွေး	၁/မညန(နိုင်)၀၃၀၈၃၀
၇	ဝင်းဝါရွှေစင်	ဦးမြင့်ရှောင်	၁/မကန(နိုင်)၀၇၆၈၄၇
၈	အံ့ဖွယ်ကမ္ဘာ	ဦးဇာနည်ထွန်း	၁၂/ရကန(နိုင်)၀၅၉၁၄၄
၉	ရွှေပြည်စံအောင်	ဦးစံလှမောင်	၅/ဟမလ(နိုင်)၀၁၅၁၀၅
၁၀	အောင်သုခလင်း	ဦးအောင်သန်းမြင့်	၅/ဟမလ(နိုင်)၀၁၅၁၄၅
၁၁	ရွှေကျော်ထွန်း	ဦးလူတင်	၁/ကမန(နိုင်)၀၂၀၀၁၀
၁၂	ရွှေသပြေမိုး	ဦးထွန်းကြည်	၅/ဟမလ(နိုင်)၀၃၁၃၇၆
၁၃	ထွန်းရန်နိုင်	ဦးရန်နိုင်	၅/ဟမလ(နိုင်)၀၆၄၈၁၄
၁၄	ဝင်းနှင့်ပြည့်ဖြိုး	ဦးခင်ကျော်	၈/ထလန(နိုင်)၀၀၂၅၆၆
၁၅	ရွှေသံတောင်မြောက်ပိုင်း	ဦးကိုကြီး	၃/သတန(နိုင်)၀၀၀၀၀၁
၁၆	ရွှေဘုန်းသစ်	ဦးတင်ဇော်လင်း	၁၁/ကဖန(နိုင်)၀၃၄၆၁၄
၁၇	စိန်ငွေးရွှေ	ဦးစိန်မောင်	KME-၂၅၇၁၉၅
၁၈	နီလာနှင်းဆီ	ဒေါ်ဝင်းကြွယ်ကြွယ်	၅/မရန(နိုင်)၀၅၈၁၀၅
၁၉	ရွှေစစ်သည်	ဦးသိန်းနိုင်	၉/စကန(နိုင်)၉၃၃၇၄၈
၂၀	ရာသက်စံ	ဦးခင်ဇော်(ခ)ဦးခင်သော်	၁၃/တခလ(နိုင်)၀၀၉၆၉၀
၂၁	သိင်္ဂီအောင်	ဦးတင်ဝင်းလှိုင်	၁၂/သဃက(နိုင်)၀၁၂၄၄၃
၂၂	ကောင်းစက်မှုလက်မှု	ဦးသူရသိန်း	၁၀/သထန(နိုင်)၀၁၃၁၈၈
၂၃	ဇူလိုင်မိုး	ဦးအောင်မျိုးဝင်း	၅/မရန(နိုင်)၀၅၇၄၉၀
၂၄	စူးစမ်းလေ့လာ	ဦးအိုမာဖာရော	၁၂/ဗဟန(နိုင်)၀၈၃၁၂၈
၂၅	ဇေယျာလှိုင်	ဦးတင်ဝင်း	၁/မညန(နိုင်)၀၆၂၀၁၄
၂၆	ရွှေရအောင်ပြည့်	ဦးဆန်းဝင်း	၉/ရမသ(နိုင်)၁၂၉၃၆၄
၂၇	ဦးဝင်းမြိုင်မိုင်းနင်း	ဦးဝင်းမြိုင်	၉/ရမသ(နိုင်)၀၇၀၆၁၇
၂၈	အေးငြိမ်းမွန်	ဦးမြင့်ဝင်း	၅/ယမပ(နိုင်)၀၂၃၂၇၇
၂၉	အမြဲမှန်	ဦးခွန်ယု	၁၂/ကမရ(နိုင်)၀၂၇၇၂၆
၃၀	စိန်ဝါလင်း	ဦးစံလှ	၉/ပသက(နိုင်)၀၃၀၁၇၄
၃၁	ရွှေသီဟမြန်မာမိသားစု	ဦးစန်းနိုင်	၉/သပက(နိုင်)၀၃၇၃၄၉
၃၂	အောင်ရွှေငါး	ဒေါ်ရှောက်တောက်	၉/မရမ(နိုင်)၀၇၈၂၁၂
၃၃	ရွှေကျွဲ	ဦးဇော်ဝင်း	၂/လကန(နိုင်)၀၄၁၃၀၇
၃၄	ခုနစ်ခုသောရာစုနှစ်	ဦးခွန်စည်သူသွင်	၁၂/ဗဟန(နိုင်)၀၅၅၀၅၆
၃၅	အောင်စစ်သွေး	ဦးခွန်စည်သူသွင်	၁၂/ဗဟန(နိုင်)၀၅၅၀၅၆

(နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိသော အခြားကုမ္ပဏီများလည်း ဌာနနှင့် အမြန်ဆုံးဆက်သွယ်ကြပါရန်)

ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်လုပ်ကပ်လှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၉)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၇ရက်) အရုဏ်တက်ချိန်တွင် ကျင်းပပူဇော်မည်ဖြစ်ရာ အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့်တကွ အထက်ပစ္စယာ ပတ္တမြားမျက်ရှင် ရုပ်ပွားတော် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်း ၁၄ရက် (အဖိတ်နေ့)နိုဝင်ဘာ ၁၆ရက် ညနေ ၄နာရီမှ စတင်ကာ လှည့်လည်ပွဲများကျင်းပပြီး စေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေ၌ မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင်ရက်လုပ်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက်၁နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၌ ဆုရရှိသောအသင်းများနှင့် ပါဝင်ယှဉ်ပြိုင်သော အသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပထမဆုငွေသား ကျပ်၃၀၀၀၀၀(ကျပ်သုံးသိန်းတိတိ)၊ ဒုတိယဆုငွေသား ကျပ်၂၅၀၀၀၀(ကျပ်နှစ်သိန်းငါးသောင်းတိတိ)၊ တတိယဆုငွေသား ကျပ် ၂၀၀၀၀၀(ကျပ်နှစ်သိန်းတိတိ)နှင့် နှစ်သိမ့်ဆုရရှိသော အသင်းများအား တစ်သင်းလျှင် ကျပ်၁၅၀၀၀၀(ကျပ်တစ်သိန်းငါးသောင်းတိတိ) ချီးမြှင့်မည်ဖြစ်ပါသည်။

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပွဲတွင် အများပြည်သူတို့ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ဖိတ်ခေါ်ပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်တွင် ကျောင်းဂုဏ်ဆောင်ခဲ့ကြသော ဘက်စုံထူးချွန်(လူရည်ချွန်)လေးဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ပြီး ကျောင်းဂုဏ်ဆောင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ ခြောက်ဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၉ ဦးအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မပျက်မကွက်တက်ရောက်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၅-၁၁-၂၀၁၃ ရက်(သောကြာနေ့)

အချိန် - နံနက် ၈း၀၀ နာရီ

နေရာ - အထက(၂)ရန်ကင်း၊ ရှေ့ဆောင်ခန်းမ

မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၂)ရန်ကင်း

အိမ်ရောင်းမည်

မြောက်ဥက္ကလာပ၊ သုဓမ္မာအမှတ်(၃)
လမ်းမကြီးဘေး ပေ(၂၀×၆၀)
အရှေ့ဘက်လှည့်၊ ဂရန်အမည်ပေါက်။
ဖုန်း-၀၉-၅၁၇၀၀၄၅

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်္ဃန်းကျွန်း စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါ-ကျွတ်တော်မူကြကုန်သော ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်သုန္ဒရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာဦးကျော်ဝင်း-ကထိန်ဒါယိကာမ ဒေါ်လင်းလင်းမြတ်သာ (သမီး)မသင်းအိစံ၊ မဆုယဉ်ဝင်း မိသားစုနှင့် စွန်းလွန်းယောဂီများစုပေါင်းကာ (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀နာရီမှ မွန်းတည့်၁၂း၀၀ နာရီအထိ ဧည့်ခံကျွေးမွေးပြီး မွန်းလွဲ၁၂း၃၀ နာရီတွင် ကထိန်အနုမောဒနာတရား ဟောကြားမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အဖွဲ့
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်
၁၆/၂၊ သင်္ဃန်းကျွန်းမြို့နယ်

လှူဒါန်းလိုသော စေတနာရှင်များ ဆက်သွယ်နိုင်ရန်
ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
တောင်ကြီးခရိုင်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ်-၂၀

ဦးသန်းငွေး **နှင့်** ဒေါ်တင်တင်ဝင်း
အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၃ခုနှစ် ဇူလိုင် ၃၁ရက်စွဲပါ တောင်ကြီးမြို့နယ်တရားမရုံးတော်မှ စီရင်ချက်ဒီကရီကို အယူတော်ခံမှု။

အယူတော်ခံတရားပြိုင် ဒေါ်တင်တင်ဝင်း၊ အိမ်အမှတ် (၁၆၀)၊ နယ်မြေ (၆/က)၊ အမှတ် (၉)ရပ်ကွက်၊ အေးသာယာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် တောင်ကြီးမြို့နယ် တရားမ ရုံးတော်က ချပေးသည့်ဒီကရီကို ဦးသန်းငွေးက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၈ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ဆဋ္ဌမအကြိမ် ငွေစာရင်း မင်းကြီးရုံး (A.G) ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ

ယခင်ငွေစာရင်းမင်းကြီးရုံး(A.G)မှ အငြိမ်းစားယူပြီးသော ဝန်ထမ်းဟောင်းများ ဆဋ္ဌမအကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) **နေ့ရက်** -၁၆-၁၁-၂၀၁၃ရက်(စနေနေ့)

(ခ) **အချိန်** -၀၈း၀၀နာရီမှ ၁၂း၀၀နာရီအထိ

(ဂ) **နေရာ** -M.3 Food Center

(၁၉၉၁-၁၉၉၄)၊ (၁၉၉၂-၁၉၉၅)နှင့် (၁၉၉၃-၁၉၉၆)ခုနှစ် သူနာပြုဒီပလိုမာကျောင်းသား/ကျောင်းသူများ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ

သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် ကျွန်တော် ကျွန်မတို့အား စေတနာ၊ မေတ္တာ၊ ကရုဏာ အပြည့်ထားပြီး အနစ်နာခံသင်ကြားပြသပေးခဲ့သော ဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို သတိရလျက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ငွေအားလူအားဖြင့် အောက်ပါကျောင်းသူ ကျောင်းသားများထံ ဆက်သွယ်လှူဒါန်းပါရန် နှိုးဆော်အပ်ပါသည်။

- ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
- နံနက် ၉း၀၀နာရီ
- သူနာပြုတက္ကသိုလ်၊ခန်းမကြီး၊ ရန်ကုန်

(၁၉၉၁-၁၉၉၄)	ဒေါ်စိုစိုးအောင်	ဖုန်း-၀၉-၄၂၁၀၄၆၀၂၅
	ဒေါ်နော်သူရီ	ဖုန်း-၀၉-၄၉၄၃၀၆၄၃
	ဦးအယ်ဆဲဂေး	ဖုန်း-၀၉-၄၅၀၀၃၈၈၁၀
(၁၉၉၂-၁၉၉၅)	ဒေါ်ခင်မမကျော်	ဖုန်း-၀၉-၇၃၀၉၈၂၅၈
	ဒေါ်ကြူကြူမြင့်	ဖုန်း-၀၉-၅၁၅၂၄၃၇
	ဦးတိုးမောင်	ဖုန်း-၀၉-၄၉၂၀၇၄၈၂
(၁၉၉၃-၁၉၉၆)	ဒေါ်အေးအေးကြည်	ဖုန်း-၀၉-၅၀၄၇၃၉၄
	ဒေါ်တင်မာဆွေ	ဖုန်း-၀၉-၄၂၅၀၀၇၆၀၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

မြန်မာနိုင်ငံသားများဘဏ်လီမိတက် **နှင့်** ၁။ ဦးစောလွင်
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးကြည်စိန်) ၂။ ဒေါ်အိအိမွန်
တရားလို **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ခနောင်ထော်ကျေးရွာအုပ်စု၊ ပံတာပွတ်ကျေးရွာနေ ဦးစောလွင်နှင့် ဒေါ်အိအိမွန် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုကကျပ်ငွေပေါင်း ၁၇၀၅၁၀၁ဝိ/၁၄ါး (ကျပ်တစ်ရာခုနစ်ဆယ်သိန်းငါးသောင်းတစ်ထောင့်တစ်ဆယ်နှင့် တစ်ဆယ်လေးပြား)တိတိအပေါ် ဘဏ်အပေါင်ဒီကရီငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းအောင်)
ခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၂၉၊ ၃၃၀)ရှိ မြေကွက်ခုနစ်ကွက်အား ဦးကျန်လျင်ကျုံး(ခ) အားကျုံး MSE-၀၃၉၃၃၃ မှ ဒေါ်ဇော်ဝင်းဆင်း ၁၃/မဆတ(နိုင်)၀၄၀၀၃၇ အမည် ဖြင့် ၁၅-၁၁-၂၀၀၆ ရက်တွင် ငွေသွင်းချလန်အမှတ်(B-၉)၊ ငွေစာရင်းအမှတ်(P-131)သို့ ကျပ်သိန်းတစ်ရာသွင်း၍ မြေပေးမိန့်ရရှိခဲ့ပါသည်။

၂။ အဆိုပါမြေဧရိယာမြေကွက်ခုနစ်ကွက်ကို ပိုင်ဆိုင်သူ ဦးကျန်လျင်ကျုံး(ခ)ဦးအားကျုံးမှ မြေပေးမိန့်များမိမိလက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဖုန်း-၀၈၂-၅၀၆၉၀၊ ၀၈၂-၅၀၅၀၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၇၄၁၂၁ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လေး ၅/ရဘန(နိုင်)၀၀၄၇၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

လူမှုရေးကြော်ငြာ

ဗိုလ်မှူးကြီးတင်ဦး

တပ်မတော်-ရေ (ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ သုမင်္ဂလာ ၂လမ်း၊သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးချစ်မောင်-ဒေါ်အုန်း)တို့၏သား၊ (ဦးစပ်စိန်မြ)-ဒေါ်ခင်ခင်တို့၏ သားသမက်၊ (ဒေါ်ခင်မေသန်း) ၏ခင်ပွန်း၊ ဦးကျော်မင်း၊ (ဦးကျော်ထင်-ဒေါ်မြင့်မြင့်သိန်း)တို့၏အစ်ကို၊ Captain ညီညီ-ဒေါ်တင်ဝင်းဝင်းသန်း၊ ဦးမောင်မောင်နိုင်-ဒေါ်တင်မွန်မွန်သန်း၊ ဦးအောင်ဇေယျ-ဒေါ်တင်သင်းသင်းသန်း(ရွှေရတီ စိန်ဆိုင်)၊ ဦးအောင်ကြည်မြင့်-ဒေါ်တင်သက်သက်သန်း၊ ဒုမှူးကြီးတင်မောင် မောင်သန်း(ငြိမ်း)(အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်တင်မိုးဦး၊ဦးအောင်မိုးလွင်-ဒေါ်တင်အိအိသန်း၊ ဗိုလ်မှူးကြီး ကျော်ကျော်ဦး[စစ်ဦးစီးဗိုလ်မှူးကြီး(ရေ)]-ဒေါ်တင်အေးမွန်သန်းတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃-၁၁-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီ တွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးခင်ဦး(ငြိမ်း) (ကြည်း-၅၇၆၇)

ဂျပန်ခေတ်စစ်တက္ကသိုလ်ပထမပတ်(ယောနင်း)၊ (စံပြကျောင်းသား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက

အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးကြွယ်-ဒေါ်အေးကြွယ်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၂၆၆၊ A-၆၊ မေတ္တာလမ်းသွယ်နေ [ဒေါ်တင်တင်မြင့် (ပါမောက္ခ၊ ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်]၏ခင်ပွန်း၊ ဒေါ်ခင်ရွှေဦး(တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)-ဦးမျိုးအောင်၊ ဦးကျော်လှဦး(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ညွှန့်ညွှန့်ကြည်၊ ဒေါ်နီလာဦး(ဒု-လဝကမှူး၊ အင်းစိန်မြို့နယ်)၊ ဒေါ်သန်းသန်းနု-ဦးခင်လတ်၊ ဒေါက်တာစန္ဒာဦး(လ/ထဆရာဝန်၊ မော်လမြိုင်ကျွန်းဆေးရုံ)-Capt နိုင်ကိုလင်းတို့၏ဖခင်၊ မောင်ကျော်ဇင်ငြိမ်း(ဒုတိယနှစ်၊ B Tech, EC, WYTU)၊ မောင်ကျော်ဇင်ဦး(3rd MB, UMI)၊ မောင်ရန်နိုင်ဦး(1st Year, MMMC)၊ မဆုဝေဦး (1st Year, English, YUFL)၊ မဖူးပွင့်ရတီခိုင် (Grade-X, C, TTC)၊ မသင်းသီရိမြတ်သူ(Grade-VI, A, TTC)တို့၏အဘိုးသည် ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးခင်ဦး(ငြိမ်း) (ကြည်း-၅၇၆၇)

ဂျပန်ခေတ်စစ်တက္ကသိုလ်ပထမပတ်(ယောနင်း)၊ (စံပြကျောင်းသား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက

အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ ဒေါ်ရင်မေ၊(ဒေါ်သန်းကြွယ်၊ဒေါ်စိုးရီ)တို့၏မောင်၊ (ဒေါက်တာကိုကိုလေး)၊ ဗိုလ်မှူးကြီးခင်မောင်ရီ(ငြိမ်း)-ဒေါ်နုနုရီတို့၏အစ်ကို၊ ဦးခင်မောင်ဆွေ(ညွှန်မှူး၊ ငြိမ်း၊ PPSC)-ဒေါ်ငွေးငွေးရွှေ၊ ဒေါ်ခင်ဝင်းမာ၊ ဒေါက်တာသီတာထွန်း (ပါမောက္ခ၊ဌာနမှူး၊အင်္ဂလိပ်စာဌာန၊ YUFL)၊ ဦးဝင်းမော်ထွန်း(ဒု-ညွှန်ချုပ်၊သိပ္ပံနှင့်နည်းပညာဌာန)၊ ဦးမြင့်သိန်းထွန်း(ဒု-အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေး)၊ ဒေါ်တင်တင်ဆွေ(DGM, UE Co., Ltd.)၊ ဒေါ်ဝင်နီထွန်း (တွဲဖက်ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ဦးလေး၊ မဖြူမွန်သန့် (ခေတ္တ-စင်ကာပူ)၊ မဝင်းလဲ့ဖြူ(Golden Hill Tower)တို့၏အဘိုးသည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၆၆၊ A-၆၊ မေတ္တာလမ်းသွယ်၊ အောင်ဓမ္မရိပ်သာလမ်းနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးခင်ဦး(ငြိမ်း) (ကြည်း-၅၇၆၇)

ဂျပန်ခေတ်စစ်တက္ကသိုလ်ပထမပတ်(ယောနင်း)၊ (စံပြကျောင်းသား)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက

အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးကြွယ်-ဒေါ်အေးကြွယ်)တို့၏သားကြီး၊ ဒေါ်အေးနု-(ဦးဟန်ရှိန်)၊ (ဒေါ်လှကြည်)၊ ဒေါ်လှမြင့်၊ (ဒေါ်ခင်ညို)၊ ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မာရီ၊ ဒေါက်တာခင်စန်းကြွယ်တို့၏ အစ်ကိုကြီးသည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁(ကံဘဲ့)၊ မြေကွက် အမှတ် ၄ ၏ တစ်စိတ်တစ်ဒေသ၊ ၄/၄၄၊ မြေကွက်တည်နေရာအမှတ် ၆၈၊ စပယ်ရုံ လမ်းသွယ် ၁၊ ပါရမီ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား အထူးဂရန်ငယ် စာရင်းအမည်ပေါက်များဖြစ်သော ဒုတိယဗိုလ်မှူးကြီးထွန်းရင် ISN-၃၉၈၇၃၀၊ ဒေါ်ခင်မြင့်ရီ ISN-၃၉၈၇၃၃ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်စန်းရီ ၁၂/ရကန(နိုင်)၀၂၉၆၈၂၊ (၂)ဦးညဏ်ထွန်း ၁၂/မဂတ(နိုင်)၀၃၆၆၁၆၊ (၃)ဦးကြည်ဟန်ထွန်း ၁၂/ရကန(နိုင်)၀၃၀၆၇၄၊ (၄) ဦးတင်ဝင်းထွန်း ၁၂/မဂတ(နိုင်)၀၃၆၃၆၇၊ (၅)ဒေါ်စန္ဒာထွန်း ၁၂/ရကန(နိုင်)၀၃၀၆၆၄၊ (၆)ဒေါ်မာလာထွန်း ၁၂/ရကန (နိုင်) ၀၃၀၆၆၉၊ (၇) ဦးကျော်ဆန်းထွန်း ၁၂/ရကန(နိုင်) ၀၅၈၄၄၆၊ (၈)ဦးဝင်းဇော်ထွန်း ၁၂/ရကန(နိုင်)၀၅၄၁၅၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အထူးဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈-E၊ မြေကွက်အမှတ် ၇၄ အေ/၆လမ်း+၇၄အေ/၅ +၇၄ အေ/၄ + ၇၄ အေ/၃၊ ၇၄အေ/၂ + ၇၄အေ/၁ မြေကွက် တည်နေရာ အမှတ် ၇၄-A၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးသန်းလွင် အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးသန်းလွင်နှင့် ဇနီး ဒေါ်ခင်နှင်းရီတို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်ခင်ဦး (ခ)အေးသန်းလွင် ၁၂/စခန (နိုင်)၀၂၂၀၀၇၊ (၂) ဒေါ်ခင်ခင်သန်း(ခ) လတ်သန်းလွင် ၁၂/ဒဂန (နိုင်)၀၂၃၅၆၉၊ (၃) ဒေါ်ခင်ခင်မြင့်(ခ)မေစီသန်းလွင် ၁၂/စခန(နိုင်)၀၂၁၈၅၆၊ (၄) ဦးလှသန်း ၁၂/ဗဟန(နိုင်)၀၅၄၄၄၈၊ (၅)ဦးနိုင်သန်း ၁၂/စခန(နိုင်) ၀၂၁၇၃၃၊ (၆)ဒေါ်ခင်ခင်လေး ၁၂/စခန(နိုင်)၀၂၁၇၂၇၊ (၇) ဒေါ်ခင်ခင်ဆွေ ၁၂/စခန(နိုင်)၀၅၈၀၁၀နှင့် ဒေါ်ခင်ခင်စု ၁၂/စခန (နိုင်)၀၆၀၂၂၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍၄င်းတို့ထံမှကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းအောင် GP-၁၅၁၈၈/၂၀၁၃၊ [၁၂/စခန (နိုင်)၀၄၃၂၄၈] က ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကိုန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်+စွန့်လွှတ်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ)

အင်္ဂလိပ်စာဆရာကြီး

သင်းအုပ်ဆရာဟောင်း ဇမာနွေလအသင်းတော်(တရုတ်)

အတွင်းရေးမှူးဟောင်း-YMCA (ရန်ကုန်)

အသက်(၉၁)နှစ်

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်းကြည်-ဒေါ်စောလု (ရဲအောင်လံ ခရီးသည်ပို့ဆောင်ရေး)တို့၏ဖခင် ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင် (ဖျာပုံ) အသက်(၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက် နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

YPGG ဂေါက်သီးရိုက်အသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ)

အင်္ဂလိပ်စာဆရာကြီး

သင်းအုပ်ဆရာဟောင်း ဇမာနွေလအသင်းတော်(တရုတ်)

အတွင်းရေးမှူးဟောင်း-YMCA (ရန်ကုန်)

အသက်(၉၁)နှစ်

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်းကြည်-ဒေါ်စောလု (ရဲအောင်လံ ခရီးသည်ပို့ဆောင်ရေး)တို့၏ဖခင် ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင် (ဖျာပုံ) အသက်(၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက် နံနက်တွင် ခရစ်တော်တွင် အိပ်ပျော်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးချစ်၊ ဦးတင်ရွှေ၊ ဦးကျော်ဝင်း(ရွှေဇီးကွက်)၊ ဦးထွန်းထွန်းဦး

ဝမ်းနည်းကြေကွဲခြင်း

ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင်(ဖျာပုံ)

အင်္ဂလိပ်စာဆရာကြီး

သင်းအုပ်ဆရာဟောင်း ဇမာနွေလအသင်းတော်(တရုတ်)

အတွင်းရေးမှူးဟောင်း-YMCA (ရန်ကုန်)

အသက်(၉၁)နှစ်

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်းကြည်-ဒေါ်စောလု (ရဲအောင်လံ ခရီးသည်ပို့ဆောင်ရေး)တို့၏ဖခင် ဦးပီတာလူး(ခ)လူးလီချွမ်း(ခ)ဦးလေးကျင် (ဖျာပုံ) အသက်(၉၁)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက် နံနက်တွင် ခရစ်တော်တွင် အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဖိုးချစ်-ဒေါ်စန်းစန်းတင့် (Trade Relation International Co.,Ltd.)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ် 601-A၊ ညောင်တပင်လမ်း၊ ရွာသစ်အရှေ့အောင်ဆန်း၊ အင်းစိန်မြို့နယ်နေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသော မိခင်ဒေါ်ခင်ဌေးဖြူသည် ၃၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်လွင်(ဒါရိုက်တာ)နှင့်ဝန်ထမ်းများ

Perfect Foods Manufacturing Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းတို့၏ ချစ်လှစွာသောမိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ဌေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်ဌေး

ကိုမင်းနောင်ဟိန်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဓမ္မဇောတိဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းဒါယကာကြီး

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)၊ လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၇၃၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)သည် ၂၁-၁၀-၂၀၁၃ရက်(တနင်္လာနေ့)ည ၈း၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဓမ္မဇောတိဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းဖြစ်မြောက်ရေးကော်မတီ

ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဝင်း

အသက်(၇၈)နှစ်

ဒေါ်စုစုဝင်း(ဆောက်လုပ်ရေး၊ နေပြည်တော်)၏ဖခင် ဦးတင်ဝင်းသည် ၂၄-၁၀-၂၀၁၃ ရက် ညနေ ၅း၀၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လွတ်လပ်သောမက်သဒစ်အသင်းတော်

၂၅၆၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်

သင့်သွေးဖြင့် အသက်ကယ်ပါ

ပိဋကတ်သုံးပုံအလှူရှင်

ဒေါ်ငွေသိန်း (သထုံမြို့)

အသက်(၈၇)နှစ်

My Dar:

တစ်လပြည့်တဲ့ဒီနေ့ ၅-၁၁-၂၀၁၃ ရက်မှာ ပြသမ္မုကုသိုလ်အဝဝကို သာဓုခေါ်ပြီး နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ပါစေ-

ချစ်ခင်ပွန်း	- ဦးစောချစ်သိန်း (နယ်ပိုင်ကြီး၊ ငြိမ်း)
ချစ်သား၊ သမီးများ	
ချစ်မြေးများ	- မရတနာသိန်းသန်း နန်းတိုးရတနာ-ဦးထက်ကျော်စိုး နန်းဖြိုးရတနာ ဒေါက်တာထက်ဇေယျာ-ဒေါက်တာပွင့်သူဝင်း မအင်ကြင်းခိုင်၊ မလဝန်းခိုင်
ချစ်မြစ်များ	- မအေးသက်မွန်စိန် မောင်ပြည့်စုံလင်းထက်

အထူးကျေးဇူးတင်ရှိပါကြောင်း

ဒုတိယဗိုလ်မှူးကြီးဝင်းမောင် (ရေ)(ငြိမ်း)

အသက်(၈၆)နှစ်

၂၆-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒု-ဗိုလ်မှူးကြီးဝင်းမောင်(ရေ)(ငြိမ်း)၏ နာရေးကိစ္စအဝဝအား အဘက်ဘက်မှ မေတ္တာဖြင့်ဝိုင်းဝန်းအားပေးကူညီကြပါသော တပ်မတော်(ရေ)၊ ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော တပ်မတော်(ရေ)မှ ကာကွယ်ရေးဦးစီးချုပ်(ရေ) (အငြိမ်းစား)များနှင့် လုပ်ဖော်ကိုင်ဖက်အရာရှိကြီး (အငြိမ်းစား) များအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးစကားပြောကြားပေးသော မိတ်ဆွေသင်္ဂဟများနှင့် လှူဖွယ်ပစ္စည်း ဝတ္ထုအစုစုတို့ကို ပေးပို့ကြပါသော ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးဌေးမြင့် (ပြင်ဦးလွင်)

(၅-၁၁-၂၀၁၀)-(၅-၁၁-၂၀၁၃)

ကျေးဇူးရှင် ချစ်ခင်ပွန်းဦးဌေးမြင့်

မိသားစုအပေါ် မေတ္တာတရားကြီးမားပြီး လိုလေသေးမရှိအောင် စောင့်ရှောက်ပေးခဲ့သောဒယ်ဒီ မိသားစုကို ခွဲခွာသွားသည်မှာ (၃)နှစ် တိုင်ခဲ့လေပြီ။

ဒယ်ဒီရဲ့ ကြီးမားလှသောမေတ္တာတရားနှင့် ကျေးဇူးတရားများကို နေ့စဉ်သတိရလျက်ရှိပြီး ဒယ်ဒီအတွက်ရည်စူးပြီး ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အားလုံးကို ဒယ်ဒီ မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ

ချစ်ဇနီး ဒေါ်နုနုသန်း

သားများ၊ သမီးများ၊

မြေးများ

ဘောက်ထော်၊ ပြည်တော်အေးလမ်း၊ ရန်ကင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်မာကြည်

အသက်(၇၁)နှစ်

ဦးကျော်ဆွေ-ဒေါ်စန္ဒာဝင်းတို့၏မိခင်ကြီး ဒေါ်ခင်မာကြည် အသက်(၇၁)နှစ်သည် ၁-၁၁-၂၀၁၃ ရက် ည ၁၀း၁၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲမင်း (ဥက္ကဋ္ဌ)

ဦးသန်းနိုင်(ဒု-ဥက္ကဋ္ဌ)နှင့်

Famous Parami Construction

ဝန်ထမ်းများ

အထူးကျေးဇူးတင်ရှိကြောင်း

ဦးအောင်ဝင်း(ထားဝယ်)

B.Sc (Geology)

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၁၅) ဒုဥက္ကဋ္ဌ

အသက်(၆၇)နှစ်

၁၃-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ချစ်ခင်ပွန်း ဆရာဦးအောင်ဝင်း၏ နာရေးကိစ္စတွင် ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ အားပေးနှစ်သိမ့်ကြသော သူငယ်ချင်းများ၊ (၁၉၇၃-၁၉၇၄)Geology မှ သူငယ်ချင်းများ၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ် (I.I.A)မှ ဓမ္မမိတ်ဆွေများ၊ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲအမှတ်(၁၅)မှ ဓမ္မမိတ်ဆွေများနှင့် လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် မေတ္တာစေတနာဖြင့် ကုသပေးခဲ့ကြသော ဦးနှောက်နှင့်အာရုံကြောအထူးကုပါမောက္ခ ဒေါက်တာဒေါ်မိမိချို အားလည်းကောင်း၊ ဒေါက်တာယဉ်ယဉ်သိန်းအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ချစ်ဇနီး-ဒေါ်နီနီလှနှင့် ချစ်သား၊ ချစ်သမီးများ

စံပြတိုင်းရင်းဆေးကုခန်း၊ ထားဝယ်မြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ငွေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး-ဒေါ်နီနီဝင်းတို့၏မိခင် ဒေါ်ခင်ငွေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်သူ-ဒေါ်လဲ့လဲ့ကြည်
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ငွေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးနှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းတို့၏ ချစ်လှစွာသောမိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ငွေးဖြူ အသက်(၈၈)နှစ်သည် ၃၁-၁၀-၂၀၁၃ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်လွင်
ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရှမ်းပြည်နယ်(မြောက်ပိုင်း)
တာမိုးညဲဒေသ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ငွေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းတို့၏မိခင်သည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာ၊ ဆရာမများ၊ သူငယ်ချင်းများနှင့်
ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ၁၉၆၁-၁၉၇၄(တောင်ကြီးကောလိပ်)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဝင်းဇော်ညွန့် (ငြိမ်း)

ညွှန်ကြားရေးမှူးချုပ် (စက်မှု-၁) (ငြိမ်း)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၅၊ ခရေပင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ ဗိုလ်မှူးကြီးဝင်းဇော်ညွန့်(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(စက်မှု-၁) (ငြိမ်း)သည် ၂၆-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ဦးသန်းစိန်

(ပ-ဆီလောင်း)၊ ဆင်ပြောင်(၁၀)ရေယာဉ်၊ ရေနံ/သယ်ပို့

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၇၁၈၊ ကမ္ဘာ့ဒွန်း လမ်းနေ(ဦးငွေစိုး)-ဒေါ်လှမြိုင်တို့၏သား၊ ဦးစံမြင့်(ရပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)၏တူ၊ ဒေါ်လှလှနွဲ့၊ ဒေါ်စန်းစန်းရီ(လမ်းတံတားစည်ပင်)၊ ဦးထွန်းအောင်(ရေနံ/သယ်ပို့)-ဒေါ်စိုးစိုးနိုင်၊ (ဦးစိန်အောင်)-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်စန်းစန်းမြင့်တို့၏ညီ/မောင်၊ မသန်းသန်းနု(ရေနံ/သယ်ပို့)တို့၏အစ်ကို၊ ဒေါ်စန်းစန်းဦး (ရေနံ/သယ်ပို့)၏ခင်ပွန်း၊ မောင်မြတ်သူထွန်း၊ မသင်းမြတ်သူတို့၏ဖခင်သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မေသန်း

(ပုလော/နန်းတောင်)

အသင်းဝင်အမှတ်-၆၅၂

အသက်(၅၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ နန်းတောင်ရွာနေ ဦးမောင်ဟိန်၏ဇနီးသည် ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီ တွင်နေအိမ်မှနန်းတောင်ကျေးရွာသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မွတ်ဟာမဒ်ဖာရွတ်(ခ)

ဘိုဘိုမင်း

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀၉၊ မဟာဗန္ဓုလပန်းခြံလမ်းနေ ဦးသောင်းဖေ-ဒေါ်မေမေမြတို့၏သားကြီး၊ မမေသဲဖြူ-(အာမတ်အောဘိုလတ်)၊ မမေနှင်းဖြူ-မောင်သိန်းထိုက်၊ သူရိန်မင်းတို့၏အစ်ကိုကြီး၊ မောင်သူရိန်ထိုက်-ဆိုနီယာအောဘိုလတ်၊ နေမင်းထိုက်၊ ကြယ်စင်ဖြူတို့၏ ဦးလေးသည် ၂-၁၁-၂၀၁၃ရက် နံနက် ၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သောင်းလှ(ခ)

ဒေါ်မွေးနီ

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားငှက်ဈေးဝင်းကျေးရွာနေ (ဦးဘသောင်-ဒေါ်လှစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၊ ဝတ်ကျောင်းလမ်း၊ (၂)ရပ်ကွက်နေ (ဦးကြည်)၏ဇနီး၊ (ဦးသန်းမောင်)-ဒေါ်နှင်းကြည်၊ ဦးသိန်းညို-ဒေါ်မြနွယ်၊ (ဦးအောင်ကြည်) - ဒေါ်သန်းယဉ်တို့၏ ညီမ၊ ဦးရွှေဝင်း-ဒေါ်အေးအေးသွယ်၊ ဦးမောင်နီ-ဒေါ်ချိုတို့၏အစ်မ၊ ဦးအုန်းမြင့်-ဒေါ်ခင်သန်းငွေး၊ (ဦးမြင့်အေး)၊ ဦးအေးလွင်-ဒေါ်ထွေးငယ်၊ (ဦးအောင်ခိုင်)-ဒေါ်အေးအေးသန်း၊ ဦးတင်ထွေး-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးချစ်ထွေး အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ အမှတ် ၄၈၅၊ ကန်သာယာလမ်းနေ(ဦးဘဆစ်-ဒေါ်ရွှေဆယ်)တို့၏သား၊ (ဦးရှိန်-ဒေါ်ချစ်ချစ်)တို့၏သားသမက်၊ (ဦးချစ်ဆွေ)၊ (ဦးချစ်ဖေ)တို့၏ညီ၊ ဒေါ်ကြည်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်၊ MEC)၊ ဦးသက်မင်း-ဒေါ်ဖြူဖြူဝင်း၊ဒေါ်ငွေးငွေးဝင်း (ကထိက၊ အရှေ့တိုင်းပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်လှလှဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်)၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းကြည် (စစ်ကိုင်းမြို့)

အသက်(၇၇)နှစ်

စစ်ကိုင်းမြို့၊ ပန်းတောရပ်နေ ဦးကျော်ညွန့်(ဆက်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ ဦးတင်လှိုင်-ဒေါ်ညွှန့်ညွှန့်စန်း(သ/မဦးစီး)၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်နီ(မီးရထား)-ဒေါ်ဘေဘီ၊ ဦးခင်မောင်ညို(ဆက်သွယ်ရေး၊ တာချီလိတ်)-ဒေါ်ခင်အေးချို (ဆက်သွယ်ရေး၊ တာချီလိတ်)၊ ဦးမောင်မောင်-ဒေါ်ဖြူဖြူဝင်း (တောင်ရိုးစာတိုက်)၊ ဦးမောင်မောင်အောင်(စည်ပင်)-ဒေါ်နန်းပြည်နယ်ဝင်းဖေ တို့၏မိခင်သည် ၄-၁၁-၂၀၁၃ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၁၃ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဆရာမကြီးဒေါ်ခင်အေးမြင့်

B.A, B.L, B.E.D

အထက(၂)ဗဟန်း၊ နန်းယန့်

အသက်(၈၁)နှစ်

(ဦးစံကြည်ဝါ - ဒေါ်စိန်)တို့၏သမီးကြီး၊ (ဦးမောင်ကို-ဒေါ်ကြည်ကြည်မာ) (EPC)၊ ဦးတင်အောင်-ဒေါ်တင်မြင့်၊ ဒေါ်စန်းမြင့်၊ ဦးသန်းဦးထွေး-ဒေါ်စုစုမော်တို့၏အစ်မ၊ ၁၆၇/၂၊ ယင်းမာလမ်း ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်မြင့်၊ ဒေါ်အေးသန်း၊ဒေါ်နွယ်နီ၊ ဦးဆက်မော်ထွေးတို့၏အဒေါ်သည် ၄-၁၁-၂၀၁၃ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး

ဦးချစ်တီး

ဆောင်းဒါး ရက်ကန်း
ကျောင်းသားဟောင်း
အလုပ်ရုံစုမှူး၊အထည်(၈)၊ခွဲ-၃(ငြိမ်း)

အသက်(၈၁)နှစ်

မုံရွာမြို့၊ မုံရွေးနေ (ဦးထွန်းဆင့်-ဒေါ်သိန်းညွှန့်)တို့၏သား၊ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၂၂၇/ကနေ ဒေါ်မြသန်း၏ခင်ပွန်း၊ ဒေါ်သက်သက်နွယ် (IMG Co.,Ltd.) BRUNEI ၊ ဒေါ်ဝင်းနီလာ၊ (ဦးအောင်လွင်ဦး)-ဒေါ်သင်းသင်းနိုင်(မ/ဇ၊ သင်္ဃန်းကျွန်း)၊ဦးမျိုးခိုင်ချစ်(3/E Gewin Co.,Ltd.)-ဒေါ်ခင်ခင်ထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်လှ(ခ)

ဦးမောင်မောင် (ဗဟန်း)

လက်ထောက်မန်နေဂျာ
စား/ဖျော်(ငြိမ်း)

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်း၊ အမှတ် ၁၅၉(3-B) နေ(ဦးဘသန်း-ဒေါ်အေးမေ)တို့၏သား၊ (ဦးခင်မောင်တင့်-ဒေါ်တင်ညွှန့်) တို့၏ သားသမက်၊ [ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်ဘေဘီ၊ စည်ပင်ပန်းဥယျာဉ်ဌာန၊ငြိမ်း]၏ ခင်ပွန်း၊ (ဦးသောင်းညွှန့်-ဒေါ်စောလှ)တို့၏တူသား၊ (ဦးတင်ထွဋ်-ဒေါ်မြမြ)၊ [ဦးခင်မောင်ဝင်း(ခ)ဦးကျော်နီ-ဒေါ်မြမြ]၊ ဦးမောင်မောင်ဝင်း၊ ဒေါ်အေးအေး၊ ဦးမောင်မောင်လေးတို့၏ အစ်ကို/မောင်၊ ဒေါ်အေးအေးခန့် (လ/ထ မန်နေဂျာ၊ ရန်ကုန်မြို့တော်ဘဏ်)၊ (ဦးရဲထွဋ်)၊ ဦးအောင်ခိုင် (NLD ဗိုလ်တထောင်) တို့၏ဖခင်သည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

P.M ဟာဂျီမဟမ်ဇာဘီဘီ(ခ)

ဒေါ်ခင်စိန်

အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင် ရပ်နေ ရှိတ်ခ်မိုဟာမွဒ်နှင့်ဒေါ်ရဟီမာဘီ တို့၏သမီး၊ M.K.K.P ဟာဂျီ ဦးဆွာလေဘိုင်(ခ)ဦးမောင်မောင်၏ဇနီး၊ဟာဂျီ ဦးကျော်ဝင်း(တိုရှီဘာကျော်ဝင်း)၊ ဟာဂျီ ဦးအီစွတ်(တိုရှီဘာအီစွတ်)၊ဦးမောင်ဝင်းတို့၏မိခင်၊ မြေး ၃၁ယောက်၊ မြစ် ၃၁ ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊အမှတ် ၁၆၉၊ ၃၆လမ်း(အလယ်)၊ မြေညီထပ်နေ P.M ဟာဂျီမဟမ်ဇာဘီဘီသည် ၄-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီတွင် သန်လျင် ငါးပါးသခင် ကဘာရ်စတန်၌ ဂျနာဇာနမားဇ်ဖတ်၍ ဒါဖနာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးကျော်ကျော်ဦး

(ဒု-လက်ထောက်အကောက်ခွန်မှူး)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ ဥဒ္ဓေါနာ ၁ လမ်း၊ အမှတ် ၂၃၁နေ (ဦးသန်းစိန် - ဒေါ်စိန်ဥ)တို့၏ သား၊ (ဦးဘသိန်း-ဒေါ်ဖွားသိန်း)တို့၏ သားသမက်၊ သြစတြေးလျနေ ဦးဂျင်မီ-(ဒေါ်ယဉ်ယဉ်မြင့်)၊ ဒေါ်အေးအေးမြင့် (မြန်မာ့အသံ)တို့၏မောင်၊ ဦးအောင်ကျော်ဦး - ဒေါ်စန်းစန်းသိန်း (နယ်စပ်ရေးရာ)တို့၏အစ်ကို၊ ဒေါ်မြမြဝင်း၏ ခင်ပွန်းသည် ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ၃နာရီတွင်ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

ဦးခင်ဝင်း

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၀၈၊ အနောက်ရွှေဂုံတိုင် ၃လမ်းနေ (ဦးမြင့်သိန်း၊ သိန်းရုပ်ရှင်ထုတ်လုပ်ရေး) - ဒေါ်အုန်းမြင့်တို့၏သားကြီး၊ ဦးတင်ညွန့် - ဒေါ်အုန်းကြည်စိန်တို့၏ သားသမက်၊ ဦးလှမြင့်-(ဒေါ်လှမေ)၊ ဦးစိုးမြင့်-(ဒေါ်မြင့်မြင့်)၊ (ဦးညွန့်ဝင်း)-ဒေါ်ထွေးထွေး၊ ဦးချစ်ထွန်း-ဒေါ်အေးအေး၊ ဦးသန်းဝင်း-ဒေါ်ဝင်းကြည်တို့၏ တူသည် ၃-၁၁-၂၀၁၃ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အရှေ့မြို့ပတ်လမ်း၊ ဆရာစံ မြောက်/အရှေ့ရပ်ကွက်၊ အမက-၄၊ ဗဟန်းနေအိမ်မှကားများ နံနက် ၁၁နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ဦးလေးနှင့်အဒေါ်များ

ရေးမြို့နယ်အသင်း(ရန်ကုန်)

ဦးထွန်းကြည်

အစင်စံပြကျေးရွာ၊ ရေးမြို့နယ်

အသက်(၉၈)နှစ်

ရေးမြို့နယ်၊ အစင်စံပြကျေးရွာနေ ရေးမြို့နယ်အသင်းဝင် ဦးသန်းရှိန်-ဒေါ်စန်းစန်းဝင်း၊ ဦးညီမှိုင်း-ဒေါ်ခင်အေးလှတို့၏ဖခင်သည် ၁-၁၁-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၃ရက်တွင် အစင်စံပြကျေးရွာ၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

စောကျော်ခင်

(ငွေစာရင်း၊ တိမွေးကု)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ် ၁၀၊ ဦးကျော်ဒွန်းဇံလမ်းနေ (ဦးလုံး-ဒေါ်မင်းယဉ်)တို့၏သား၊ ဒေါ်နွဲ့စိန်၏ခင်ပွန်း၊ နော်ရှိ(စ်)မေရီ-စောပြည်လုံး၊ စောကျော်နီသာထို - နော်ယဉ်ယဉ်မွန်တို့၏ဖခင်၊ စောပြည်ထူး၊ နော်စယ်လက်ရှယ်၊ နော်လော်ရာဖြူ၊ နော်လားဘွယ်ဖော၊ စောဗစ်တာတို့၏အဘိုးသည် ၄-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၁-၂၀၁၃ ရက် နံနက် ၈နာရီတွင် အထက်ပါ နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်တင်(ခ)

Albert Aubrey

ဒု-ညွှန်မှူး၊ အကောက်ခွန်(ငြိမ်း)

(သံတွဲ-ပဲခူး)

အသက်(၈၀)

[ဦးအော်ဘရေး(ခ)ဦးဆံနီ-ဒေါ်မြရင်] တို့၏သားထွေး၊ (Dorise Koban)၏ ခင်ပွန်း၊ ကိုကျော်အောင်(ခ)နိုင်ဂျယ်(လ်)-နော်ဘဲစေး၊ မရှယ်ရယ်(ရ်)(ခ)မိရှယ် (USA)-Mr. Abelseth၊မစံပယ်(ခ)အီးဘွင်း(န်) YVONNE - Mr. Siclney (B.K)၊ မစန္ဒာ(ခ)မိစံ-ကျော်ဝင်း(USA)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်တင်(ခ)

Albert Aubrey

ဒု-ညွှန်မှူး၊ အကောက်ခွန်(ငြိမ်း)

(သံတွဲ-ပဲခူး)

အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ အမှတ် ၃၃၊ မင်္ဂလာလမ်းနေ [ဦးအော်ဘရေး(ခ) ဦးဆံနီ-ဒေါ်မြရင်]တို့၏သားထွေး၊ ဒေါ်တင်တင်၏မောင်၊ (ဦးထွန်းတင်)၊ ဒေါက်တာဦးထွန်းအောင်(သြစတြေးလျ) တို့၏ညီသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြသိန်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ အထက်ဖိုးရာဇာလမ်း၊ အမှတ် ၃၂(က)နေ ဦးသန်းရှိန်၏ဇနီး၊ကန်တော့ခံရာသက်ပန်အသင်းဝင် (ရာ-၁၉၈)သည် ၃၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၁၃ရက် ညနေ ၃နာရီ တွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအာလောက

နိုင်ငံတော် သံဃသမ္မုတိယ သံဃကိုယ်စားလှယ်
တိုင်းသံဃာ့နာယကအဖွဲ့ဝင်(ဟောင်း)
ချောင်းတွင်း သုဓမ္မာပဝါရဏာဂိုဏ်း၏ ဒုတိယနာယက
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ သလိပ်ကြီးကျေးရွာနေ ခမည်းတော် ဦးမြမောင်-မယ်တော် ဒေါ်မှင်တို့၏ ဒုတိယမြောက်သားရတနာ၊ ဖျာပုံမြို့နယ်၊ချောင်းတွင်းရွာ၊သီရိမင်္ဂလာသိမ်ကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာလောက အရှင်သူမြတ်သည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်) ၂၅-၁၀-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်) ၁၀- ၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကောဝိဒ

သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

ရန်ကုန်မြို့၊ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောဝိဒ(မိုးကုတ်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ)သည်(၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်) ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (တန်ဆောင်မုန်းလဆန်း ၅ရက်) ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်၍ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
မဏိရတနာမိုးကုတ်ကျောင်း
သွေးဆေးကန်တိုက်၊ ဗဟန်း

ဦးကျင်ဗုက်

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် ၂လမ်း၊ အမှတ် ၂၈နေ (ဦးစီးရာ-ဒေါ်မူ)တို့၏သားကြီး၊ (ဒေါ်ကျင်စော)၏ခင်ပွန်း၊ (ဦးဟုတ်ရှင်း-ဒေါ်တိုး)၊ [ဦးကုလား-ဒေါ်ကျင်နု(ခ)ဒေါ်အင်းယား]တို့၏အစ်ကို၊ ဦးအောင်ဝင်း(ခ)ဦးရဲလီ-ဒေါ်အေးအေးကြည်(ခ)ဒေါ်ကျင်တီ၊ ဦးမြင့်စိန်(ခ)ဦးဘသန်း-ဒေါ်ရီရီသန်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်သန်းညွှန့်

(လေ-၁၅၀၅၃)၊ တပ်မတော်-လေ(ငြိမ်း)

အသက်(၇၀)

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၃၂၃၊ အခန်း ၁၃ နေ ဒေါ်နန်းစုမျိုးသူ(ဦးစီးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)၊ စိုင်းခမ်းဟော်ညွှန့်၊ စိုင်းမိုးဝင့်ထယ်၊ စိုင်းကျော်ဇေယျတို့၏ဖခင်၊ (ဒေါ်နန်းအေးဟော်)၏ခင်ပွန်း၊ ဦးလှ-ဒေါ်မြမြသန်းတို့၏ညီ/မောင်သည် ၁-၁၁-၂၀၁၃ရက် (သောကြာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် ကျွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်သန်းညွှန့်

(ညွှန့်စက်မှုလက်မှု ပင်နယန်လုပ်ငန်း)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊အမှတ် ၂၄/၂၅၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးပါ-ဒေါ်အေးကြည်)တို့၏သမီးကြီး၊(ဦးချွန်-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးသောင်း၏ဇနီး၊ ဦးထွန်း-ဒေါ်လှလှငွေး၊ (ဦးဝင်းထိန်) - ဒေါ်အေးကြည်မြင့်တို့၏ အစ်မ၊ ဦးသောင်းတန် - ဒေါ်ဝင်းသန္တာ၊ ဦးသောင်းနိုင် - TAKAKO (ခေတ္တ-ဂျပန်)၊ ဦးသောင်းထိုက်၊ ဦးသောင်းထွန်း-ဒေါ်ချယ်ရီစိုး၊ ဦးစိုးမိုးသောင်း၊ ဒေါ်မေသူတင့်တို့၏မိခင်၊မောင်ဝင်းဘုန်းကျော်၊ မောင်ထက်မြတ်နိုင်တို့၏အဘွားသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၃နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်သိန်းသိန်း

(မောင်ကြိုင် လက်ဖက်ရည်ဆိုင်)

အသက်(၆၃)နှစ်

သင်္ဃန်းကျွန်းမြို့နယ်၊၁၆/၃ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၄၀၂/ခနေ (ဦးကြိုင်-ဒေါ်ဘီ) (မောင်ကြိုင် လက်ဖက်ရည်ဆိုင်)တို့၏သမီး၊ ဦးနွံ့-ဒေါ်သိန်းရှင်တို့၏သမီးချွေးမ၊ ဒေါ်စန်းစန်း၊ ဒေါ်ချိုချို၊ဦးသောင်းညွှန့်-ဒေါ်သန်းသန်းမိုး၊ ဦးအောင်မြင့်ထွန်း - ဒေါ်စံပယ်၊ ဦးလှဆွေ-ဒေါ်တင်တင်အေးတို့၏အစ်မ၊ (ဦးအေးမြင့်)၏ဇနီး၊ ဦးအောင်ဇော်မိုး-ဒေါ်နွယ်နီလှိုင်၊ ဦးကျော်စိုးမိုး-မဂျင်းမီ၊ ဦးငွေမင်းသိန်း၊ ဦးမျိုးမင်းအောင်-ဒေါ်စိုးစန္ဒာမိုးတို့၏မိခင်၊ မမိုးအိန္ဒြာအိအိခိုင်၊ မအိန္ဒြာထက်ထက်ခိုင်၊ မောင်အဂ္ဂဘုန်းခေါင်တို့၏အဘွားသည် ၃-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီ တွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော် အစည်းအဝေး

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကို ရာနှုန်းပြည့်ပြီးစီးသည်အထိ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ-၇

အမျိုးသားလွှတ်တော် အစည်းအဝေး

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအဆို တင်သွင်း

စာမျက်နှာ-၇

ယနေ့မာတိကာ

ကွန်ဂိုသူပုန် အပစ်အခတ် ရပ်စဲရန် ကြေညာ
စာမျက်နှာ ❖ ၄
မိုးနှောင်းကောင်း၍ နှမ်းစိုက်တောင်သူများ နှမ်းအထွက်တိုးရန်မျှော်လင့်
စာမျက်နှာ ❖ ၁၂
ဆီးဂိမ်းရွှေတံဆိပ်နှင့် မြန်မာပန်ကြပ်ဆီလတ်
စာမျက်နှာ ❖ ၁၃
ဆင်လို့လှတာထက် ယဉ်လို့လှတာက ပိုကောင်းပါတယ်
စာမျက်နှာ ❖ ၁၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရလဒ်ကောင်းများထွက်ပေါ်ပြီး ရှေ့ဆက်ငြိမ်းချမ်းရေးဖြစ်စဉ်များအားကောင်း၍ လုပ်ဆောင်နိုင်မည်မျှော်လင့်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မြစ်ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြစ်ကြီးနား နိုဝင်ဘာ ၄

ယနေ့အစိုးရ လက်ထက်ရောက်ချိန်တွင် တိုင်းရင်းသားများ အမြဲတောင်းဆိုခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအာသီသ ရှိပါကြောင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂယ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက ယနေ့ဆွေးနွေးပွဲသည် *စာမျက်နှာ ၉ ကော်လံ ၄* ❁

မြန်မာ့ရွှေဈေး အကျဘက်သို့ ဦးတည်

အေးကို (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရွှေကျင်စခန်းများမှ သဘာဝရွှေကုန်ကြမ်းများ ထွက်ရှိသောကြောင့် လတ်တလောမြန်မာ့ရွှေဈေးမှာ အကျဘက်သို့ ဦးတည်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

ရွှေဈေးကွက်မှာ ရွှေရောင်းလိုအားများပြီး ဝယ်လိုအားနည်းကြောင်း၊ ပွင့်လင်းရာသီရောက်ရှိပြီး ပြည်တွင်းရွှေများအထွက်များခြင်းကြောင့် ယခုနိုဝင်ဘာမှ ဒီဇင်ဘာလအထိ ရွှေဈေးမတက်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးအေးချိုက ထပ်မံပြောကြားသည်။

ယနေ့အဖွင့်ဈေးမှာ မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၆၈၅၈၀၀ ရှိပြီး ကမ္ဘာ့ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၃၁၃၊ ၁၅ ပဲရည် တစ်ကျပ်သား ငွေကျပ် ၆၄၃၀၀၀ ရှိကြောင်း သိရသည်။

မော်တော်ကားစလစ်ဈေးမှာ ငွေကျပ်သိန်း ၁၀၀ စွန်းစွန်းရှိပြီး ၁ (က) နံပါတ်ယာဉ်များကို ငွေကျပ်သိန်း ၉၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ကားပွဲစားတန်းမှ သိရသည်။

အင်အားနည်း မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ မြန်မာစံတော်ချိန် ၁၀ နာရီ ၀၀ မိနစ် ၁၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေးမြန်မာလက်ဝှေ့အဖွဲ့ ကာဇက်စတန်တွင် ထပ်မံလေ့ကျင့်မည်

နေပြည်တော် နိုဝင်ဘာ ၄

သတင်း ဖိုးသော်ဇင် ဓာတ်ပုံ စိုးညွှန့်

ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးပြင်ဆင်နေသည့် မြန်မာလက်ဝှေ့အဖွဲ့သည် ဆီးဂိမ်းအတွက် နောက်ဆုံး ပြင်ဆင်သည့်အနေဖြင့် ကာဇက်စတန်နိုင်ငံသို့ ကာလရှည် သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာလက်ဝှေ့အဖွဲ့မှာ နိုဝင်ဘာ ၅ ရက်မှ ၂၇ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ကစားသမား ၁၄ ဦး လိုက်ပါသွားမည်ဖြစ်သည်။

မြန်မာလက်ဝှေ့အဖွဲ့တွင် အုပ်ချုပ်သူ ဦးတင်မောင်ဖေ၊ နည်းပြများအဖြစ် ဦးစိုးစိုး၊ ဦးကျော်စွာအောင်၊ ကစားသမား *စာမျက်နှာ ၃ ကော်လံ ၁* ✳

မြန်မာ့အလင်း

ကြော်ငြာကဏ္ဍ

၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၅ ရက်။ အင်္ဂါနေ့

Advertisement

☎ 01-532443, 09-73017634

ဆန့်တောင်း

OASIS

ပေးချင်မကုန် လှူချင်မခန်း "ဇော်တိကာ" သင်္ကန်း

ကထိန်လျာဥ တ်သင်္ကန်းဆိုသည်မှာ

ကထိန်ခင်းရန် ရည်ရွယ်၍ လှူဒါန်းသော ဒုကုဋ်(နှစ်ထပ်အပေါ်ရုံသင်္ကန်း)ကောသိ(အပေါ်ရုံ) သင်းပိုင်(ဒါးတတ်)ဟူသော သင်္ကန်း(၃)ထည်တွင် တစ်ထည်ထည်ကို ကထိန်ခံယူနိုင်သော ရဟန်းအား ဉတ္တိဒုတိယကမ္မဝါဖြင့် သိမ်အတွင်း ပေးအပ်သည့်(ဝါ) လှူဒါန်းသည်ကို ရည်၍ ခေါ်သောအမည်ဖြစ်ပါသည်။ ဒုကုဋ်နှစ်ထပ်သင်္ကန်းမှ ဥတ်သင်္ကန်းဟု မဆိုလိုပါ။ သင်းပိုင်၊ ကောသိတစ်ထည်ထည်ဖြင့်လည်းကောင်း၊ သင်းပိုင် ကောသိ တွဲထားသည့် နှီးဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါသည်။ ကထိန်ဥတ်သင်္ကန်းသည် ဓားဖြင့် ဖြတ်၍ ချုပ်ထားသော သင်္ကန်း ဖြစ်ရမည်၊ အနည်းဆုံး(၅)ခန်းရှိသော သင်္ကန်း ဖြစ်ရမည်။(ပဟာရနရဲ့ဆရာတော် အရှင်ဓမ္မကာတိဝံသ)

ဇော်တိကာ(၁)	ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၅၅၀
ဇော်တိကာ(၂)	ဘုရင့်နောင်လမ်းအလယ်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၃၂၁၅၄
ဇော်တိကာ(၃)	အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၁၅၅၈၉
ဇော်တိကာ(၄)	ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၅၅၄
ဇော်တိကာ(၅)	... လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၂၄၆၂၈
ဇော်တိကာ(၆)	... တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၅၈၂၁၉
ဇော်တိကာ(၇)	အမှတ်-၁၈၂၊ အခန်း(၂/၃)၊ ... ရန်ကုန်မြို့၊ ဖုန်း ၀၁-၆၅၇၁၁၃၇
ဇော်တိကာ(၈)	... ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၀၁၈၇၄
ဇော်တိကာ(၉)	... သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၇၅၅၅၄၄
ဇော်တိကာ(မြောက်ဒဂုံ)	အမှတ်-၁၇(ဈဈ)၊ ... မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ...
ဇော်တိကာ(သိမ်ကြီးဈေး)	အမှတ်(၅၇)၊ ... ရန်ကုန်မြို့၊ ဖုန်း-၀၁-...
ဇော်တိကာ(မ/ဥက္ကလာ)	... မ/ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-...
ဇော်တိကာ(တ/ဥက္ကလာ)	အမှတ်(၁၅၄)(က)၊ ... တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-...
ဇော်တိကာ(မြန်မာ့သစ်ရှော)	... ရန်ကုန်မြို့၊ ဖုန်း-၀၁-...

အလှူတော်မင်္ဂလာများအတွက် လှူဒွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ" ဝါကျွတ်အထူးဈေးရောင်းပွဲတော်

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

မိဘ ဆရာ ပူဇော်ပွဲ၊ ပဝါရဏာပွဲတော်၊ ဝါကျွတ်ပွဲတော်၊ ကထိန်ပွဲတော်၊ စာရေးတံမဲနှင့် ပဒေသာပင်အလှူရှင်များအတွက်

၁။ ဇော်တိကာ (၁၀) ❖ ...
၂။ Myanmar Handicraft Shop ❖ ...
၃။ Big Shops Supermart ❖ ...
၄။ Tha Aung Bookstore ❖ ... CD, Tape, DVD ...
၅။ Beauty All - Fashion Corner ❖ ... (Men & Ladies)
၆။ Healthy All Pharmacy ❖ ...
❖ Par Par Bakery Shop ❖ ...

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ဖွင့်ပါသည်

အမှတ်(၇၅)၊ ... ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ... ရန်ကုန်မြို့၊ ဖုန်း - ၀၁-... E-mail : bigshop@zawtika.com 'ဇော်တိကာမှ ဖွင့်လှစ်ပါသည်'

ဦးပွား ထိမိနည်းများကို ဖွင့်ချလိုက်သည်။

စက္ကြာမ ၏

မှော်ပညာ၊ ... [စာအုပ်+ DVD]

စက္ကြာမ ၏ မျက်လှည့်ပြနည်း ၁၀၀

မျက်လှည့်ပညာရှင်များ ... Style ... (သင်ကြားရှင်းပြသော ဗီဒီယိုခွေ ပါဝင်သည်)

စက္ကြာမ ၏ ပဲမျက်လှည့်ပြနည်း

... ဖြစ်လာသော မျက်လှည့် ပြကွက်များကို ... (စနစ်များနှင့် ... ပါဝင်သည်။

ဆရာစက္ကြာမ ၏ အနီးကပ်မျက်လှည့်ပညာ

Stage ... Close up ... DVD ပါဝင်သည်။ Close Up Magic ...

ထွက်ပြီ မရမ်းတလင်းစာပေ — ဖုန်း — ၀၁ ၅၄၃၂၉၇၊ ၀၉ ၇၃၀၀ ၂၉၆၅ E-mail : marantalin.books@gmail.com ထွက်ပြီ

ခြေကွက်ဝယ်လိုသည်

ရန်ကုန်မြို့သစ် ... ဆိုင်ခန်း ...

09 31589922

09 31268183

အမျိုးသမီးတိုင်းအတွက် ... ကျောက်ကပ်ရောဂါ ... TMR-4/11553(2014)

လမ်းမတန်း - နေရာကောင်း / မြေကွက်များ

1. **ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ်** မြေအကျယ် (၁. ၂၂၆ ဧက) ဘိုးဘွားပိုင်မြေ ... ရောင်းမည်။ (**ဈေး - 38,000 သိန်း**)

2. **အမှတ် (၃) လမ်းမပေါ်**၊ သင်္ဃန်းကျွန်းကြီးလမ်းဆုံအနီး မြေအကျယ် (၂ ဧက) ... ရောင်းမည်။ (**ဈေး - 1.5 သိန်း /Sqft**)

(ပွဲစားမလိုပါ) **ဖုန်း: - 09-43094949, 09-421100998**

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ပြီးကြောင်း
သတိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ တောင်တန်းဒေသဖွံ့ဖြိုးမှု၊ စိုက်ပျိုးရေးလုပ်ငန်းစုမှ ဦးမင်းလွင် ၇/ပခန(နိုင်)၁၃၀၆၁၅သည် သီးနှံရွက်စုံရွက်ဖျန်းအားတိုးဆေးမြေသြဇာ နှင့် ကွန်ပေါင်းမြေသြဇာတို့အား (ရွှေဆင်မင်း-Golden Elephant King R-23/13)အမည်ဖြင့် မူပိုင်ခွင့်မှတ်ပုံတင်ပြီးကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖော်ပြပါအမည်နာမဖြင့် ပြည်တွင်းတွင် ဒေသအသီးသီးသို့ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။ ဤကုန်ပစ္စည်းအမှတ်တံဆိပ်အား အတုအပ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တရားမဝင်နည်းများဖြင့် ဖျက်လိုဖျက်ဆီးကြံစည် ပြုလုပ်ခြင်း၊ ထုတ်လုပ်သူအား အခြားနည်း နစ်နာစေခြင်းများပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင့်အောင် အထက်တန်းရှေ့နေ(စဥ်-၃၉၁၅၉)
B.A, H.G.P, J.A.T(Ret.)
အမှတ်(၈/၉၉)၊ ဦးရာဇတ်လမ်း၊ ရန်အောင်(၂)၊ နေပြည်တော်-ပျဉ်းမနား၊
ဖုန်း-၀၉-၄၂၀၇၄၅၀၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၃

၁။ ဒေါ်ခင်သန်းဝင်း		နှင့် ဦးကျော်မြင့်
၂။ ဒေါ်အမာကြည်	၄င်းတို့၏	
၃။ ဦးတင်အေး	အခွင့်ရ	
၄။ ဦးကျော်စိန်	ကိုယ်စားလှယ်	
၅။ ဒေါ်ခင်မြိုင်	ဒေါ်ခင်သန်းဝင်း	
၆။ ဒေါ်ခင်လှိုင်		
၇။ ဒေါ်ခင်မျိုးဝင်း		
တရားလိုများ		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဆရာစံပလာဇာ၊ ဗဟိုသမဝါယမအသင်း၊ ထုခွဲရောင်းချရေးအဖွဲ့ အတွင်းရေးမှူးဦးကျော်မြင့်(ဘ)ဦးစောလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားလိုများပိုင်ဆိုင်သည့်မြေနှင့် အဆောက်အအုံဖြစ်ကြောင်း၊ မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၁ ရက်(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွဲလွဲဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ပဲခူးခရိုင်တရားရုံး

KBZ Bank (Account No.00730200701690301)

အမြတ်ဆုံး သိမ်ဒကာ၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရေတွင်းဒကာ၊ တံတိုင်းဒကာ၊ ပစ္စည်းလေးပါးဒကာ ခံယူပါ

KBZ Bank Account No. 070 12 100 73 733

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန် သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ ...

သမ္မတ ဆိုင်များအားလုံးတွင် စျေးနှုန်းအသင့်တင့်ဖြင့် လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

မော်လင်း — ဒီပိုကရေစီ ခရီးကြမ်းထဲက ပြည်သူ့ခေတ် ခေါင်းကြီးများ

ပြည်သူ့ခေတ် — လယ်ယာမြေ ဆောင်းပါးများ-၁

ပြည်သူ့ခေတ် — လယ်ယာမြေ ဆောင်းပါးများ-၂

အေးမောင်ကျော် — အမေရိကန် ကွန်ဂရက်အကြောင်း သိကောင်းစရာ

အေးမောင်ကျော် — ဖက်ဒရယ် ဝါဒ မိတ်ဆက်

ဝင်းထွဋ်ဇော် — ပြည်သူ့ခေတ် နိုင်ငံရေး ဆောင်းပါးများ

ကောင်းဆက်နိုင် — အုံကြွလှုပ်ရှားလို့ သေတော့မယ် ၁ နှင့် ၂

အမှတ် - ၁၈၂-၂၀၂ အခန်း ၆၊ ၃ ထပ်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၁၁၃၈၈

အိန္ဒိယနိုင်ငံ၌ရှိသော သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်

ဒေါ်နန္ဒာဝင်း ဦးစီးသော သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်များကို ၄-၁၂-၂၀၁၃ရက်၊ ၁၅-၂-၂၀၁၄ရက် ခရီးစဉ်များကို စရန်ငွေတစ်သိန်းပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်းကို သတင်းကောင်းပါးအပ်ပါသည်။ ခရီးစဉ်တိုင်းကို လူခြောက်ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ-

အမှတ်(၆၁)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊ ၀၉-၃၃၃၆၄၇၇၇၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၇၃၁၅၉၉၇၁၊ ၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၅၀၂၆၂၅၈

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး မသိုးသင်္ကန်းပြိုင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ပွဲ ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲအား ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် (၁၆-၁၁-၂၀၁၂)ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရင်ပြင်တော်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဆက်လက်ရက်လုပ်ကာ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (၁၇-၁၁-၂၀၁၂)ရက် (တနင်္ဂနွေနေ့) နံနက်အရုဏ်မတက်မီ ၄း၃၀ နာရီတွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်ပါမည်။ နံနက် ၅း၁၅ နာရီတွင် မြတ်စွာဘုရားအားရည်မှန်း၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၆ နာရီတွင် ရေစက်ချအနုမောဒနာတရား နာကြားကြပါမည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအား မသိုးသင်္ကန်းရက်ပြိုင်ပွဲကြီးနှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကြီးသို့ ကြွရောက်အားပေးချီးမြှင့်၍ ကြည်ညို သဒ္ဓါပွားများကာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် မသိုးသင်္ကန်းအလှူနှင့် ဆွမ်းတော်ကြီးအလှူကုသိုလ်များ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ - ၆၆၀၀၀၂၊ ၆၆၅၄၂၅

ဂေါပကအဖွဲ့
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

အထက(၃)လှိုင် (OK)
ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (OK) တွင် ၁၉၇၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကျောင်းတွင် (၅)နှစ်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်းရှိ သပြေခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက-

ကိုအောင်မြင့်ဦး	ဖုန်း-၀၉-၅၀၁၁၆၁၁	ကိုလှမင်းထွန်း	ဖုန်း-၀၉-၅၀၁၅၄၄၆
ကိုဌေးအောင်	ဖုန်း-၀၉-၄၉၅၈၆၂၈၈	ကိုမြင့်စိန်(အိချောစတိုး)	ဖုန်း-၀၉-၅၁၆၇၃၈၆၊ ၀၁-၅၂၂၆၇
ကိုသက်လွင်ဦး	ဖုန်း-၀၉-၅၁၇၄၂၂၉	ကိုမောင်မောင်သန့်	ဖုန်း-၀၉-၄၃၁၀၈၉၆၆
ကိုအောင်စိုး(ရွှေပြည်သာ)	ဖုန်း-၀၉-၇၃၁၇၈၃၀၀	ကိုဇော်မြင့်(ရွှေပြည်သာ)	ဖုန်း-၀၉-၄၂၁၁၃၀၈၆၅
ကိုကျော်စွာဝင်း(ရွှေပြည်သာ)	ဖုန်း-၀၉-၈၆၁၄၆၇၃	ကိုထက်ကိုကိုဝင်း	ဖုန်း-၀၉-၄၅၀၀၂၀၃၄၈
မဌေးဌေးကြည်	ဖုန်း-၀၉-၇၃၀၁၂၂၄၀	ကိုကောင်းဇေဖြိုး	ဖုန်း-၀၉-၅၀၃၁၇၄၃

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အထက(၃) လှိုင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

"အမှားသိစေရန်"

ကန့်ကွက်နိုင်ပါသည်

YCTC Business Institute

abe

အမှတ် (၃၂/၂-၃)၊ နတ်မောက်ရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း အ.ထ.က(၂)ဘေးဟန်အနီး ၊ ဖုန်း -(၀၁)၅၄၂၈၃၃၃၊(၀၉)၄၂၀၁၃၈၀၀၀

အင်္ဂလန်နိုင်ငံ Association of Business Executives (ABE) မှတိုက်ရိုက်စစ်ဆေးပေးအပ်မည့်

December Intake အတွက်
Nov 30 နောက်ဆုံးထားအပ်နှံသူများ 20%Off

Entry Requirement

- Diploma in Business Management / Marketing Management / Financial Management ← တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ
- Higher Diploma in Business Management ← တက္ကသိုလ် ဒုတိယနှစ်ကျောင်းသား/သူများ
- Grad Diploma in Business Management ← ဘွဲ့ရရှိပြီးသူများ

Matriculation Passed → Diploma → Higher Diploma → Graduate Diploma → MBA

မင်္ဂလာဆုတောင်း

ချစ်ဖေကြီး ဦးသိန်းဟန်ဦးနှင့် ချစ်မေကြီး ဒေါ်စုစုတင်တို့၏ ၅-၁၁-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ချစ်ခင်ကြင်နာစွာဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာပြည့်စုံစွာ လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး သယ်ပိုးလျှောက်လှမ်းနိုင်ပါစေ-

ချစ်သမီးကြီး - မမြတ်နိုးစု(2 nd M.B,IN-1)

ချစ်သမီးလတ် - မတွယ်တာစု(အထက-၂၊ ဗဟန်း)

ချစ်သားငယ် - မောင်ဉာဏ်လင်းထက်(အမက-၁၊ ဗဟန်း)

နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ရဲမှူးသန်းမြင့်ဦး (လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး) နှင့် ချစ်မေမေ ဒေါ်မေမြတ်ဦး (အလပြ၊ ငြိမ်း)တို့၏ ၅-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက် ပုလဲရတု မင်္ဂလာရက်မြတ်မှသည် နောင်ရတုပေါင်းများစွာတိုင်အောင် ရွှေလက်မြဲမြဲတွဲလျက် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးတို့နှင့်အတူ အမျိုးဘာသာ၊ သာသနာနှင့် တပ်ဖွဲ့အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားကြီး - ဗိုလ်ကြီးတင့်ထူးအောင်-မဆုသက်ဝေ

ချစ်မြေး - မောင်ဟိန်းထက်စံ

ချစ်သားငယ် - မောင်သွင်လင်းထက် (2nd Year Physics)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက် ၄၊ အခန်း ၄၀၅ ကို မူလအမည်ပေါက်ပိုင်ရှင် ဦးလချိစ်မင်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမျိုးမြင့်နှင့် ဦးဇော်မျိုးဦးတို့က ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀န၊ မြေကွက်အမှတ် ၃၂၂၊ မြေကွက်တည်နေရာအမှတ် ၂၄၊ သီရိဓရာလမ်း၊ ၉၀နရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးလှမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမြင့်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မမကြီး ၁၂/သဃက(နိုင်)၀၄၇၃၃၅ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ



ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၇၈၀၊ မြေကွက်တည်နေရာအမှတ် ၂၇၊ မာလာမြိုင် ၂လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်အုန်းအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်အုန်းနှင့်ဖခင်ဦးသာမြိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းအေး ၁၂/လမန(နိုင်)၀၁၀၃၄၅ က သမီးဖြစ်သူ ၄င်းတစ်ဦးတည်းကိုသာ မွေးဖွားကြောင်းနှင့် ၄င်းတစ်ဦးတည်းသာလျှင် အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
(၁၃)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းသား အသင်းသူစေတနာရှင်များက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ ၁၅ ရပ်ကွက်၊ ရွှေဗီခိုင်ညွှာလမ်း၊ မြတ်ရတနာပရိယတ္တိစာသင်တိုက်တွင် ပုရိမဝါမထေတော်မူသော သံဃာတော်အပါး ၂၀ နှင့် ရန်ကုန်မြို့ ကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ကန့်ဘလူနယ်ဖွားဆရာတော် ၁၅ ပါးတို့အား ကထိန်သင်္ကန်းနှင့် ကထိန်အခြံအရံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ၁၀-၁၁-၂၀၁၃ရက်တွင် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

မတည်အလှူရှင်များနှင့် သဒ္ဓါတတ်အားသရွေ့ လှူဒါန်းလိုသူများ-

အသင်းဥက္ကဋ္ဌ	**- ဦးအောင်သိန်း**	**ဖုန်း-၀၉-၄၃၂၀၂၂၁၁**
ဒုတိယဥက္ကဋ္ဌ	**- ဦးမြင့်တင်**	**ဖုန်း-၀၉-၃၃၃၉၁၇၇၇**
အတွင်းရေးမှူး	**- ဦးစိုးမြင့်(ရာသက်ပန်)**	**ဖုန်း-၀၉-၈၆၂၄၃၅၂**
(ဒု-ရဲမှူးကြီး-ငြိမ်း)	**- ဦးအောင်ခိုင်ဦး**	**ဖုန်း-၀၉-၅၃၁၀၆၃၅**
	- ဒေါ်ခင်သန်းညွန့်	**ဖုန်း-၀၉-၄၂၁၀၈၇၃၂၇**
	- ဦးအောင်မြင့်	**ဖုန်း-၀၉-၇၃၀၄၅၂၄၆**



ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/ဆေးစက်၊ မြေကွက်အမှတ် ၁၄၂၊ မြေကွက်တည်နေရာအမှတ် ၁၄၂၊ အနော်ရထာလမ်း ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိုးသိန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် ၁၂/ဒပန(နိုင်)၀၁၂၂၆၀ ၏ GP ၁၆၇၈၈ (၁၀-၉-၂၀၁၃)ရသူ ဒေါ်တင်ဇာခိုင် ၁၂/လမန(နိုင်)၁၂၉၈၂၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၇၊ ပုသိမ်မြေ၊မြေကွက်အမှတ် ၁၃၉/A၊မြေကွက်တည်နေရာအမှတ် ၁၃၉A၊ ၅လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအောင်ဆန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ဆန်း ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ချယ်ရီ ၁၂/ဒပန(နိုင်)၀၁၁၃၆၉ ကိုယ်စား GP ၁၆၇၈၉/၁၃ (၁၀-၉-၂၀၁၃) ရရှိသူဒေါ်တင်ဇာခိုင် ၁၂/လမန(နိုင်)၁၂၉၈၂၈ က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ဗန္ဓုလအိမ်ရာ၊ အဆောက်အအုံအမှတ် (ဒီ)၊ မြေညီထပ်၊ (MYANMAR TRILLION GROUP SERVICES) ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၀၉/၂၀၁၀-၂၀၁၁ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ကုမ္ပဏီ၏ မူပိုင်အမှတ်အသားအဖြစ် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

၁၀၉၃၇/၄-၁၀-၂၀၁၃

၁၀၉၃၈/၄-၁၀-၂၀၁၃

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီမူပိုင်အဖြစ်အသုံးပြု၍ အမျိုးသမီးလစဉ်သုံးပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး၊ အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Internet, Website တို့အပါအဝင် အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့်ပင် အဆိုပါကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း ၄င်းကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို အရွယ်အစားအမျိုးမျိုး အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါရန်နှင့် တုပပြုလုပ်သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကိုတွေ့ရှိရပါက နစ်နာမှုများအတွက် တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးနန္ဒာ	**ဒေါ်စောမာလာ**
LL.B, D.B.L, D.M.L, D.I.L	**LL.B, D.B.L, D.M.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၆၀)**

ဒေါ်ခင်မြတ်ချို
LL.B, D.B.L, D.M.L, D.I.L
အထက်တန်းရှေ့နေ(စဉ်-၂၆၇၈၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၁၂၉၁၀၊ ၀၉-၄၃၀၉၈၁၄၆၊ ၀၉-၇၃၀၉၂၆၅၄

အလက(၁)မရမ်းကုန်း တတိယအကြိမ်မြောက်
မြတ်ဆရာပူဇော်ပွဲ

အလက(၁) မရမ်းကုန်း၊ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၇-၁၁-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) အမျိုးသားနေ့တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး/ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်း/သစ်များ (မည်သည့်စာသင်နှစ်မဆို) မပျက်မကွက် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - အလက(၁) မရမ်းကုန်း
အချိန် - ၉ နာရီမှ ၁၂ နာရီအထိ
နေ့ရက် - ၂၇-၁၁-၂၀၁၃ရက်(အမျိုးသားနေ့)

ဆက်သွယ်လှူဒါန်းနိုင်သော ဖုန်းနံပါတ်များ- ဆရာဦးငွေအောင်(ခ)ဆရာဗိုလ်ငွေး ဖုန်း-၀၉-၄၄၈၀၃၈၀၆၅၊ ဦးငွေရ ဖုန်း-၀၉-၄၂၁၀၀၃၇၂၃၊ ကိုအောင်ကိုကို ဖုန်း-၀၉-၄၅၀၀၃၈၂၅၂၊ မသိမ့်သိမ့်အေး ဖုန်း-၀၉-၅၁၇၃၅၉၄၊ ကိုထွန်းဝေအောင် ဖုန်း-၀၉-၄၂၀၂၅၈၆၂၄

အထက(၁)ရေကြည်
မြတ်ဆရာပူဇော်ပါမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့၊ အထက(၁) ကျောင်းတော်ကြီးတွင် (၁၉၅၃-၂၀၁၃)အတွင်း ပညာအမွေပေးဝေခဲ့ကြပါသော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသည့် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား (၂၇)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်) ၂၇-၁၁-၂၀၁၃ရက် (အမျိုးသားနေ့) နံနက် ၁၁နာရီတွင် တေဇာသီရိခန်းမ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပါမည်။

ဆရာကြီး၊ ဆရာမကြီးများသည် ပူဇော်ကန်တော့ခြင်းခံယူရန်အတွက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်တော်မူကြပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားခြင်း ပြုအပ်ပါသည်။

အဝေး/အနီး တပည့်ဟောင်းများ တက်ရောက်နိုင်ကြရန် နှိုးဆော်တိုက်တွန်းပါကြောင်းနှင့် အလှူငွေများကို ရန်ကုန် @ ကိုစောထွန်းဝေ ဖုန်း-၀၉-၅၁၇၅၂၄၃၊ ကိုသန်းဦး ဖုန်း-၀၉-၅၀၅၅၆၆၆၊ ကိုငွေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ ကိုသက်နိုင် ဖုန်း ၀၉-၄၂၀၃၃၀၄၆၃၊ မသဇင်ဆွေ ဖုန်း-၀၉-၅၁၉၂၁၀၉၊ ကိုမျိုးလွင်အုန်း ဖုန်း-၀၉-၅၀၈၄၇၇၁၊ နေပြည်တော် @ ဦးခင်ဇော် ဖုန်း-၀၉-၄၉၂၃၉၅၉၁၊ ရေကြည် @၊ ကိုစိုးနိုင် ဖုန်း-၀၉-၈၅၈၃၀၁၃၊ ကိုကျော်စွာ ဖုန်း-၀၉-၄၉၇၄၉၀၃၃၊ ကိုမျိုးညွန့် ဖုန်း-၀၉-၈၅၈၃၀၀၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၄၂၂၅၀၇၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့
မော်ဘီ ချမ်းမြေ့ရိပ်သာကျောင်း
စက္ခုဒါနကုသိုလ်ဖြစ်မျက်စိဆေးခန်းတွင်
စက္ခုအလင်းဒါနပြုလုပ်မည့်အစီအစဉ်

ချမ်းမြေ့ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ထိုင်းနိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က ၂၀၁၃ခုနှစ် ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလများ၌ သံဃာတော်များကိုဦးစားပေး၍ မျက်စိဝေဒနာများကို ကုသိုလ်ဖြစ် ကုသပေးကြပါမည်။ သာသနာ့နွယ်ဝင်သီလရှင်များ၊ တရားရိပ်သာ သို့မဟုတ် တရားစခန်းများမှ ယောဂီများနှင့် ဝေယျာဝစ္စ ဓမ္မအကျိုးဆောင်များကိုလည်း ဒုတိယဦးစားပေး၍ ကုသိုလ်ဖြစ် လက်ခံကုသပေးကြမည် ဖြစ်ပါသည်။

မျက်စိဝေဒနာကုသလိုကြသော သံဃာတော်အရှင်သူမြတ်များသည် ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၅/က၊ ချမ်းမြေ့ရိပ်သာကျောင်း ရုံးခန်းသို့ ကြွ၍ဖြစ်စေ၊ ဖုန်း-၀၁-၆၅၂၅၈၅၊ ၀၁-၆၆၁၄၇၉ နှင့် ၀၉-၇၃၀၁၂၃၃၃ တို့သို့ ဆက်သွယ်၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုင်ဝင်ဘာ ၂၀ ရက် မတိုင်မီ စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

သာသနာ့နွယ်ဝင်သီလရှင်များ၊ တရားရိပ်သာ သို့မဟုတ် တရားစခန်းများမှ ယောဂီများနှင့် ဝေယျာဝစ္စ ဓမ္မအကျိုးဆောင်များသည်လည်း အထက်ပါအတိုင်း ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၀ ရက်မတိုင်မီ စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

ယောဂီများနှင့် ဝေယျာဝစ္စ ဓမ္မအကျိုးဆောင်များသည် သက်ဆိုင်ရာ တရားရိပ်သာ သို့မဟုတ် တရားစခန်းများမှ အထောက်အထားထောက်ခံစာများကို တစ်ပါတည်းယူဆောင်လာကြရပါမည်။

အမှုဆောင်များ
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့၊ ရန်ကုန်

ဒဂုံမြို့သစ်
ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းရှိ

မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၄၂၅၂၈၉၀၀၃၊ ၀၉-၄၂၅၂၈၉၀၀၄

"မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်" မှ
နှစ်(၅၀)ပြည့် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ အထိမ်းအမှတ်
မဂ္ဂဇင်းထုတ်ဝေမည်။

နှစ်(၅၀)ပြည့် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲအထိမ်းအမှတ်မဂ္ဂဇင်းအား မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ထုတ်ဝေမည်ဖြစ်ပါသည်။ မဂ္ဂဇင်းတွင် မြန်မာ့ကျောက်မျက်ရတနာများ၊ ကျောက်မျက်ရတနာပြပွဲများနှင့် သက်ဆိုင်သော ... ဆောင်းပါးများ ... ကျောက်မျက်ရတနာလုပ်ငန်းနှင့် ဆက်နွယ်နေသော အခြားစီးပွားရေးကြော်ငြာများ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ မိမိတို့ ... ထည့်သွင်းလိုသော ကြော်ငြာများကို ၁၅-၁၁-၂၀၁၃ ရက်နေ့(သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ပေးပို့ရန် လိပ်စာ-

ရွှေရတုမဂ္ဂဇင်းထုတ်ဝေဖြန့်ချိရေးကော်မတီ (MGJEA)

အခန်းအမှတ်(၈၀၂/၈၀၄)၊ ကုန်သည်စက်မှုအသင်းချုပ်၊ အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၁၀၀၁၅၁၀၁ ၂၁၈၄၅၁၀၉ ၈၆၁၁၂၉၉

တူးဒေးစာအုပ်တိုက်

လွမ်းရေစပ်ဝင်းနှစ်နှင့်ခရီးသွားခဲ့စာချက်များ

ဆောင်းဦး

နိုင်ငံခြားကိုရောက်ရှိသည့်များတွင် သမိုင်းအခြားကောင်းဆောင်စဉ် ထိုနိုင်ငံများ၏ ထင်ရှားသော နေရာဒေသများသို့ ရောက်ခဲ့သည့် ဆိုင်ရာအတွေ့အကြုံများ နိုင်ငံခြားတွင် ကျင်းပသော သမိုင်းဆိုင်ပွဲများ ကျင်းပပုံနှင့် ယင်းပွဲများသို့တက်ရောက်လာကြသော သမိုင်းမျိုး၏ အကျင့်စရိုက်များ နိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့သော သမိုင်းဆွေးနွေးပွဲများနှင့် သင်တန်းအတွေ့အကြုံများ ပြည်တွင်းလေ့လာရေးခရီး သွားရောက်ခဲ့သော သည့်နေရာ၊ လမ်းတစ်လျှောက်များ အကြောင်း ... ထားသော စာအုပ်ကောင်းတစ်အုပ် ...

တန်ဖိုး - ၄,၅၀၀ ကျပ်

စာအုပ်ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၅၀၆၀၅ Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးလင်းဆွေဦး ၈/နမန(နိုင်)၁၂၄၄၀၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၉၅၅၁ Yamaha DT 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဦး ၁၀/ရမန(နိုင်)၀၀၉၈၅၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Win & Brothers Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

1. Sales Manager **ကျား (၁) ဦး**

- Any Graduate, Master Degree (သို့) Sales နှင့် သက်ဆိုင်သော Diploma ရရှိသူ၊ အသက် ၃၅ မှ ၄၀ နှစ်ဝန်းကျင်၊ FMCG နှင့် ပတ်သက်၍ Sales Manager ရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ၊ ကွန်ပျူတာကျွမ်းကျင်၍ Sales Plan/ Strategies / Report များအား ကောင်းစွာရေးဆွဲနိုင်သူ။

2. Sales Supervisor **ကျား (၅) ဦး**

- Any Graduate, Sales & Marketing နှင့်သက်ဆိုင်သော Diploma (သို့)Certificate ရရှိသူ၊ အသက် ၂၅ မှ ၃၀ နှစ်ဝန်းကျင်၊ FMCG နှင့်ပတ်သက်၍ Sales Supervisor ရာထူးဖြင့် အတွေ့အကြုံ(၃)နှစ်ရှိသူ၊ သက်ဆိုင်ရာနယ်မြေကျွမ်းကျင်၍ Distribution နှင့် Market Information ကို ထိရောက်စွာ ဖော်ဆောင်နိုင်သူ၊ Sales Team ကိုကောင်းမွန်စွာ ဦးဆောင်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်ရှိ၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူ။

3. Sales Representative **ကျား (၈) ဦး**

- Any Graduate အသက် ၂၅ နှစ်ဝန်းကျင်၊ အရောင်းနှင့်သက်ဆိုင်သော လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ၊ စာရင်းဇယားနိုင်နင်း၍ လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူ။

4. Driver **ကျား (၈) ဦး**

- အခြေခံပညာအထက်တန်းအဆင့်၊ အသက် ၃၀ ဝန်းကျင်၊ လိုင်စင်အနက်(သို့)အညို(သို့)အနီ ကိုင်ဆောင်ထားသူ၊ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိသူ၊ Hand Gear,Ball Gear ကျွမ်းကျင်၍ နယ်ဝေးခရီးမောင်းနှင်နိုင်သူ။

မှတ်ချက်။ ။ရာထူးအားလုံးအတွက် နေရာဒေသမရွေး ခရီးသွားလာနိုင်ရမည်ဖြစ်သည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ အသက်နှင့် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။

လျှောက်ထားလိုသူများသည် လျှောက်လွှာတွင် မိမိလျှောက်ထားလိုသည့် ရာထူးနှင့် ခန့်မှန်းလစာတို့ကို ဖော်ပြ၍ လိုင်စင်ဓာတ်ပုံသုံးပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူများနှင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်သည်။

***** လိုအပ်သော ရာထူးနှင့် သက်ဆိုင်သည့် အရည်အချင်းပြည့်မီသော လျှောက်ထားသူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။**

အမှတ် ၅၊ အသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၉၆၈၈၉၅၂

အများသိစေရန် အသိပေးကြေညာခြင်း

ဦးအုန်းခိုင် (ကွယ်လွန်)၏သား ဦးနေဝင်း ၁၂/မဂဒ(နိုင်)၀၄၈၀၅၄၊ ဦးထွန်းကြိုင်(သမီး) ဒေါ်နွယ်နွယ်ရီ ၁၂/စခန(နိုင်)၀၂၇၆၇၉၊ ဒေါ်သိန်းရင်(သမီး) ဒေါ်ရီရီသက် ၁၂/စခန(နိုင်)၀၄၇၄၅၅၊ ဦးလှမောင် (ကွယ်လွန်)၏သား ဦးစိုးဝင်း ၁၂/လကန(နိုင်)၁၇၆၂၆၈၊ ဒေါ်ခင်ရီ (ကွယ်လွန်)၏သမီး ဒေါ်သက်သက်ဝင်း ၁၂/ဥကမ(နိုင်)၁၂၂၄၇၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ယခင်လှည်းကူးမြို့နယ်)၊ ဦးပိုင်အမှတ် ၈၊ ကွင်းအမှတ် ၄၅၅-ခ၊ မြွေဟောက်ကုန်းကွင်း၊ သိမ်ချောင်းရှမ်းဘက်ကျေးရွာ၊ (ယခု တောင်ဒဂုံ ၁၄၁/၁၄၂)၊ ၁၇/ ရပ်ကွက်ကြီးအပိုင်းရှိ ဧရိယာ ၄၃ ဒသမ ၆၈ ဧက၊ ငါးကန်သုံးဧက အပါအဝင် စုစုပေါင်း ၄၆ ဒသမ ၆၈ ဧကရှိသည့်မြေကွက်သည် အရှေ့ပိုင်းစက်မှုဇုန်နှင့် ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း အရှေ့မျက်နှာချင်းဆိုင်၊ အမှတ် ၂ လမ်းမကြီးပေါ် မေးတင်တည်ရှိပါသည်။

အထက်ပါမြေကွက်ကြီးသည် အဘိုးဦးဆူရပ်ဆင်၊ အဘွား ဒေါ်အုန်းညွှန့်တို့ သက်ရှိထင်ရှားရှိစဉ်က ပိုင်ဆိုင်၍ အုတ်ဖုတ်သည့်လုပ်ငန်း လုပ်ကိုင်ခဲ့ပါသည်။ ဦးဆူရပ်ဆင်သည် ၁၉၇၀ ခုနှစ်ကလည်းကောင်း ကွယ်လွန်ခဲ့ပြီး ဒေါ်အုန်းညွှန့်သည် ၁၉၈၀ ခုနှစ်ကလည်းကောင်း ကွယ်လွန်ခဲ့ပါ၍ ၎င်းတို့အသက်ထင်ရှားရှိစဉ်က ပိုင်ဆိုင်လုပ်ကိုင်ခဲ့သော အထက်ပါမြေကွက်သည် အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိခဲ့ပါသည်။ ဦးဆူရပ်ဆင်၊ ဒေါ်အုန်းညွှန့်တို့ အသက်ထင်ရှားရှိစဉ်က အတူတကွ ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း သားသမီးခြောက်ဦး ထွန်းကားခဲ့ပါသည်။ ယနေ့တိုင် အမွေပစ္စည်းစီမံခန့်ခွဲခြင်း မရှိသေးသော မြေကွက်ဖြစ်ပါသည်။

အထက်ပါမရွှေ့မပြောင်းနိုင်သော အဘိုးအဘွားပိုင်သည့်ပစ္စည်းကို အသိပေးကြေညာသူများအား နိုင်ငံတော်မှ ပြန်လည်ချထားပေးရန် တင်ပြတောင်းခံထားဆဲဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိဖြိုး	**ဦးချစ်ဆန်း I.L.B(Advocate)**
LL.B,D.B.L,D.I.L	**D.I.L,D.B.L,D.M.L**
အထက်တန်းရှေ့နေ	**D.L(101), W.I.P.O (Switzerland)**
စဉ်-၂၉၈၇၁	**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၆၀)**

ရုံးခန်း ၃၃၇/၃၃၉၊ လမ်း ၄၀ နှင့် မဟာဗန္ဓုလလမ်းမထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၂၀၂၇

"Apex Concrete
တံဆိပ်အမည်အမှတ်အသားအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

"Apex Concrete Industry Co., Ltd" ကို မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ၆၅×၆၆ လမ်းကြား၊ ၃၈-လမ်း၊ ဒ(၈/၁၆)တွင် တည်ထောင်ဖွင့်လှစ်ပြီး အောက်ဖော်ပြပါတံဆိပ်အမည်အမှတ်အသားအား ကုမ္ပဏီတစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၁၂၁၇၅/၂၀၁၃ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Apex concrete

မှတ်ပုံတင်စာချုပ်အမှတ်-၁၂၁၇၅/၂၀၁၃

ဖော်ပြပါ "Apex Concrete" တံဆိပ်အမည်အမှတ်အသားဖြင့် အသင့်ဖျော်ကွန်ကရစ်လုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော ကွန်ကရစ်ကျောက်တိုင်အမျိုးမျိုး၊ ကွန်ကရစ်ရေပိုက်၊ ရေပြွန်အမျိုးမျိုး၊ ကွန်ကရစ်ကျောက်ပြားအမျိုးမျိုးတို့ကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများကို နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ယင်းသို့ဖြစ်ရာ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားဖြင့် အထက်ပါစက်မှုထုတ်လုပ်မှုလုပ်ငန်းအမျိုးမျိုးနှင့် သက်ဆိုင်သည့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအပေါ်တွင်လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်းများ၊ သတင်းစာကြော်ငြာ၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ ကုမ္ပဏီရုံးသုံး Letter Head၊ ပြက္ခဒိန်၊ ဖိုင်တွဲ၊ Internet, Website စသည်တို့တွင် ယင်းအမည်တံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်ပြီး ပစ္စည်းများပေါ်၌ ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ Apex Concrete တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ မှီငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်သုံးစွဲခြင်း စသည်တို့ကို မပြုလုပ်ကြရန်နှင့် လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေသူများအားတွေ့ရှိရပါက မိမိလုပ်ငန်း၏ အကျိုးစီးပွားကိုထိခိုက်နစ်နာမှုတို့အတွက် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေစန်းပွင့်	**ဒေါ်ကြာဖြူဝတ်ရည်**
LL.B, LL.M, MRes, Ph.D(Thesis)	**LL.B, LL.M**
ဒေါ်ဇာခြည်အောင်	**ဒေါ်သိမ့်သိမ့်စိုးဟန်**
LL.B, LL.M, MRes, Ph.D(Thesis)	**LL.B**

အထက်တန်းရှေ့နေများ

Legal Steps Consulting Group

တိုက်(၁)၊ အခန်း(၁၁၃)၊ ဟိုတယ်ရန်ကုန်၊

ပြည်လမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့